# လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီး

## (ပြန်ပြောင်းသတိရချက်)

ရဲဘော်ဖေသောင်း



မဲခေါင် လှိုင်းခတ်သံစည်းချက်
ပြိမ့်ညောင်းညက်ညောစေ
ရဲဘော်မီနာ(အခါဒေသ)

နှင်းဆီကွင်ပြင်စာပေ ထုတ်ဝေသည်

# လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီး

(ပြန်ပြောင်းသတိရချက်)

ရဲဘော်ဖေသောင်း

## မဲခေါင် လှိုင်းခတ်သံစည်းချက်
## ငြိမ့်ညောင်းညက်ညောစေ

ရဲဘော်မီနာ(အခါဒေသ)


နှင်းဆီလွင်ပြင်စာပေဟာ ထုတ်ဝေသည်

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

# နှင်းဆီလွင်ပြင် စာပေ ၏

## အာမှာ

ဗမာပြည် နိုင်ငံရေး အသိုင်းအဝိုင်းတွင် ပြောလေ့ပြောထရှိသော စကား တခွန်း ရှိခဲ့သည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် နိုင်ငံတကာ အကူအညီရှာရန် ပြည်ပထွက်ကြိုးပမ်းမှု ပြုကြရာတွင် အရှေ့ထွက်သူများက ရဲဘော်သုံးကျိပ်၊ အနောက်ထွက်သူများက လေထီးစစ်သား…တဲ့။ အရှေ့ထွက်သော တော်လှန်ရေးသမားတို့ သိပ်မများလှသလို အနောက်ထွက်သူများလည်း သိပ်မများခဲ့ပါ။ ပြည်တွင်းကို အဓိကထား လုပ်ခဲ့ကြခြင်း ဖြစ်လေသည်။ ဤရဲဘော် သုံးကျိပ်နှင့် လေထီးစစ်သား များသည် ဖက်ဆစ်တော်လှန်ရေး၊ တိုင်းပြည်လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ခဲ့ရုံမျှသာမက လွတ်လပ်ရေးပြီး ခေတ်တွင်လည်း မပြီးဆုံးသေးသော တိုင်းပြည် တာဝန်များကို ဆက်လက်ထမ်းရွက်ကာ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ ဖြစ်လာခဲ့ကြလေသည်။ သို့ရာတွင် တဦးနှင့်တဦး ယုံကြည်ချက်ချင်း၊ ရပ်တည်ချက်ချင်းကား မတူညီကြတော့။ တချို့က အစိုးရဘက်၊ တချို့က ကွန်မြူနစ်၊ တချို့က စစ်သား၊ တချို့က နိုင်ငံရေးသမား၊ တချို့က သူပုန်…။

အနောက်ဘက် အိန္ဒိယနိုင်ငံမှနေ၍ ဖက်ဆစ်တော်လှန်ရေးအတွက် ဗမာပြည်တွင်း လေထီးဆင်း ဝင်ရောက်ခဲ့သူ သိပ်မများလှသည့်အထဲတွင် ဗိုလ်မှူးချစ်ကောင်း၊ လေထီး ဦးအုန်းမောင်၊ မန်းဝင်းမောင်၊ ဦးကျော်ရင်…စသည့်သူများမှာ နောက်ပိုင်းတွင် သူနည်းနှင့်သူ ထင်ရှားကျော်ကြားသူများ ဖြစ်လာခဲ့ကြလေသည်။ ရဲဘော်ဖေသောင်းမှာလည်း ထိုသို့ သိပ်မများလှသည့် လေထီးစစ် သားများတွင် တဦးအပါအဝင်ပါ။ သို့ရာတွင် တခြားသူများ မြေပေါ်နိုင်ငံရေးလုပ်နေချိန်၌ သူသည်ကား တူတံစဉ်အလံတော်အောက်တွင် ဗမာပြည် သူတရပ်လုံး လုံးဝလွတ်မြောက် ရေးအတွက် သူကျရာတာဝန်ကို အဆင်းရဲအပင်ပန်းခံ ကိုယ်ကျိုးစွန့်ပြီး ဆက်လက် ထမ်းဆောင်နေခဲ့သည်။ သူသည် ပါတီ၏ ခေါင်းဆောင် ရဲဘော် တယောက်လည်း ဖြစ်သည်။

ဗမာပြည်တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးအကြောင်း ဖော်ပြရေးသားသော စာပေများ ထွက်ရှိခဲ့သော်လည်း ပြည့်စုံလုံလောက်သည်ဟုကား မဆိုနိုင်ပါ။ ဖက်ဆစ်တော်လှန် ရေးတွင် ပါဝင်ခဲ့သူများကိုယ်တိုင် ရေးသားတင်ပြသော စာပေများကား ပို၍ပင်

အရေအတွက် နည်းပေသေးသည်။ ထို့ထက် အိန္ဒိယနိုင်ငံသို့ ပြည်တွင်းမှနေ၍ စွန့်စွန့် စားစား သွားရောက်ကာ ဗမာပြည်တွင်းသို့ စွန့်စွန့်စားစား ပြန်ဝင်လာပြီး ဖက်ဆစ် တော်လှန်ရေး ဆင်နွှဲခဲ့ကြသော တကယ့်ဖြစ်ရပ်မှန်ကို ဖော်ပြသော စာပေမျိုးကား ပို၍ပင် ရှားသေးသည်။ ရဲဘော်ဖေသောင်း၏ "လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီးကို ပြန်ပြောင်း သတိရချက်"မှာ ထိုကဲ့သို့သော ရှားပါးသည့် စာပေအမျိုးအစားဝင် စာအုပ်တအုပ် ဖြစ်နေသဖြင့် ဤစာမူကို ထုတ်ဝေခွင့် ရရှိသည့်အတွက် "နှင်းဆီလွင်ပြင်စာပေ"အနေဖြင့် များစွာ ဝမ်းသာဂုဏ်ယူမိပါသည်။

နောက်တချက်မှာ ဗမာပြည်တွင် တိုင်းရင်းသားလူနည်းစုများ၏ဘဝကို အခြေ ခံသော စာပေအမျိုးအစားများ ရေးသားထုတ်ဝေမှု ရှိခဲ့သော်လည်း ၎င်းသည်လည်း အရေအတွက် မများလှပါ။ ပြည့်စုံလုံလောက်မှုမရှိပါ၊ ထိုမျှမက တိုင်းရင်းသား လူနည်းစု အမျိုးသားများ၏ဘဝသရုပ်မှန်ကို ပီပြင်အောင် တင်ပြနိုင်သော စာအုပ်များမှာ အရေ အတွက် ပို၍ပင် နည်းပါးပါသေးသည်။ ထို့ထက်ပို၍ တိုင်းရင်းသား လူနည်းစု အမျိုးသား များ၏ဘဝကို ယင်းတိုင်းရင်းသားလူနည်းစုအမျိုးသား ကိုယ်တိုင်က ရေးသား တင်ပြထား သော စာအုပ်မျိုးမှာလည်း ရှားပါးလှပါသည်။ ရဲဘော်'မီနာ'၏ "မဲခေါင် လှိုင်းခတ်သံ စည်းချက်– ညက်ညော ငြိမ့်ညောင်း စေ"စာမူမှာ ဗမာပြည် အစွန်အဖျား မဲခေါင်မြစ်နား က အခါအမျိုးသားတို့၏ ခံစားချက်နှင့် သူ့ခင်ပွန်းသည်၏ပုံရိပ်လွှာတို့ကို သူ ခံစားမိသလို ပေါင်းစပ်ရေးဖွဲ့ထားသော စာမူတပုဒ် ဖြစ်သည်။

ဗမာ၊ တရုတ်၊ လော နယ်စပ်၊ မဲခေါင်မြစ် အနောက်ဘက်ခြမ်းတွင် မဲခေါင် မြစ်နှင့် နမ့်လွေချောင်းအကြား တောင်တန်းဒေသများ၌ အခါအမျိုးသား အများစုကြီး မှီတင်းနေထိုင်ကြပါသည်။ တရုတ်ပြည်တွင်လည်း အိုက်နီခေါ် အခါအမျိုးသားများ နေ ထိုင်ကြသော်လည်း ဗမာပြည်ဘက်မှာက အများစုပါ။ ရဲဘော်'မီနာ'မှာ အခါအမျိုး သမီးတဦး ဖြစ်ပြီး 'မီနာ'ဆို သည်မှာလည်း အခါနာမည် ဖြစ်ပါသည်။ ရဲဘော် 'မီနာ' သည် ရဲဘော်ဖေသောင်း၏ ဇနီးသည် ဖြစ်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေနိုင်ခြင်းအတွက် နှင်းဆီလွင်ပြင်စာပေအနေဖြင့် ဂုဏ်ယူ ဝမ်းမြောက်ခြင်းဖြစ်မိသလို စာဖတ်သူများအတွက်လည်း တစုံတရာ အသိအမြင် အကျိုး ကျေးဇူးများ ပေးဝေနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။ ။

နှင်းဆီလွင်ပြင်စာပေ

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ



စာရေးသူ
ရဲဘော်ဖေသောင်း

# လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီး

## ပြန်ပြောင်းသတိရချက်

ရဲဘော်ဗေသောင်း

(၁)

### နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် စတင်ပါဝင်ခြင်း

၁၃၀၀ ပြည့်အရေးတော်ပုံဟာ ကျွန်တော်တို့ဗမာပြည် အင်္ဂလိပ်နယ်ချဲ့သမား အောက်ကျရောက်ခဲ့သည့်မှစ၊ ဗမာပြည်သူတွေက အင်္ဂလိပ်နယ်ချဲ့ကို တလျှောက်လုံး ဆန့်ကျင်ခဲ့တဲ့တိုက်ပွဲ အမျိုးမျိုးအနက်က ပြည်လုံးကျွတ်ငြိမ်းချမ်းစွာ ဆန္ဒပြအုံကြွခဲ့တဲ့ အတော်ပုံတရပ်ပါ။

### ရေနံမြေအလုပ်သမားတပ်ကြီး ရန်ကုန်ချီတက်ခြင်း

ရေနံမြေအလုပ်သမားများဟာ အင်္ဂလိပ်အရင်းရှင် ဘီအိုစီ၊ ရေနံကုမ္ပဏီကြီးရဲ့ ရက်စက်လှတဲ့ သွေးစုပ်မှုတွေကို မခံမရပ်နိုင် တော့တဲ့အဆုံး မိမိတို့ရသင့်ရထိုက်တဲ့ အခွင့် အရေးများအတွက် စတင်တောင်းဆို သပိတ်မှောက်လိုက်ကြတယ်။ ကုမ္ပဏီက လျစ် လျူရှုနေတဲ့အတွက် ရန်ကုန်မြို့ကြီးသို့အထိ တက်သွားပြီး ဆန္ဒပြအရေးဆိုကြရန် အလုပ် သမားတပ်ကြီးဟာ ရန်ကုန်ကို ခြေလျင် စတင်ချီတက်ကြတယ်။ ဒီအလုပ်သမား တပ်ဖွဲ့ ကြီးကို တို့ဗမာအစည်းအရုံးသခင်များက ခေါင်းဆောင်မှုပေးတယ်။ အလုပ်သမားကို

လယ်သမားများက ထောက်ခံအားပေးကူညီကြတယ်။ ကျောင်းသားများကလည်း ထောက်ခံပြီး၊ ၎င်းတို့ရဲ့ ခေါင်းဆောင် များဖြစ်ကြတဲ့ ဗမာနိုင်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗကသ)ဥက္ကဋ္ဌ ကိုဗဟိန်းနဲ့ အတွင်းရေးမှူး ကိုဗဆွေတို့ကို ချီတက်လာတဲ့ အလုပ်သမားတပ်ဖွဲ့ကြီးကို သွားကြိုရန် စေလွှတ်လိုက်ကြတယ်။ အင်္ဂလိပ်နယ်ချဲ့သမားဟာ ကိုဗဟိန်းနဲ့ကိုဗဆွေတို့ကို အလုပ်သမားတပ်ဖွဲ့ကြီးနဲ့ မဆက်သွယ်မိစေရန် လမ်းမှာ ဖမ်းဆီး သသလိုက်တယ်။ ဒီအခါမှာ ကျောင်းသား များက ၎င်းတို့ခေါင်းဆောင်များကို ပြန်လွှတ်ပေးဖို့နဲ့ အလုပ်သမားများကို ထောက်ခံဖို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂနဲ့ ရန်ကုန် တက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့ရဲ့ ဆော်ဩချက်အရ ဗမာပြည်တပြည်လုံးရှိ ကျောင်းသားများအားလုံးက တခဲနက် သပိတ်မှောက် လိုက်ကြ တယ်။

ဂေါ်ရာတပ်က ကျောင်းသားထုကို မြင်းနဲ့တိုက်၊ မြင်းပေါ်က နံပါတ်တုတ်နဲ့ ရိုက်ပြီး လူစုခွဲတယ်။ ကျောင်းသူ ကျောင်းသားအများအပြား ဒဏ်ရာရကြတယ်။ ဗိုလ်အောင်ကျော် ပွဲချင်းပြီးကျဆုံးသွားတယ်။ ဒီအဖြစ်အပျက်ကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂနဲ့ တက္ကသိုလ်ကျောင်းသားများသမဂ္ဂက **"ကျောင်းသားတို့ သွေးမြေကျပြီ"**ဆိုတဲ့ စာလုံးကြီးကြီး စာလုံးမဲကြီးနဲ့ သတင်းစာရွက် နှစ်မျက်နှာရှိ စာရွက်နဲ့ ကျောင်းသားတွေ အရိုက်ခံရပုံ၊ ကျဆုံးသွားတဲ့ ဗိုလ် အောင်ကျော်ရဲ့ ဓာတ်ပုံ၊ ပတ်တီးများနဲ့ ဒဏ်ရာရကြတဲ့ ကျောင်းသူကျောင်းသားများရဲ့ ဓာတ်ပုံတွေကို ဗမာတပြည်လုံးကို ဖြန့်ဝေလိုက်တယ်။

ကျွန်တော်ဟာ ဒီပုံတွေကို မြင်လိုက်ရတဲ့အခါမှာ ဝမ်းလည်းနည်း၊ ဒေါသ လည်းထွက်၊ အင်္ဂလိပ်နယ်ချဲ့သမားအပေါ်မှာလည်း အလွန်နာကြည်းမှု ဖြစ်ရတယ်။ ဗမာပြည်အနှံ့အပြား မြို့ကြီးအသီးသီးမှာ ကျောင်းသားအလုပ်သမား၊ ရဟန်းရှင်လူ မြို့နေလူထုက မြို့တွင်းလှည့်လည် ဆန္ဒပြကန့်ကွက်ကြတယ်။ ကျောင်းသားများကို ထောက်ခံကြတယ်။ မန္တလေးလူထုဆန္ဒပြပွဲမှာ အင်္ဂလိပ်စစ်တပ်က စက်သေနတ်နဲ့ပစ်၊ လူစုခွဲလို့ ကျောင်းသား ရဟန်းရှင်လူ ၁၇ ဦးကျဆုံးရတယ်။ သမိုင်းမှာ အာဇာနည် ၁၇ ဦးလို့ တွင်ရစ်တယ်။ အများအပြားလည်း ဒဏ်ရာရကြတယ်။ ဒီအထဲမှာ နောင် ရဲဘော်သုံးကျိပ်ဝင်၊ ၎င်းနောက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် လူကြီးတဦးဖြစ်တဲ့ ဗိုလ်ဇေယျ (ကျဆုံး) လည်း ပေါင်မှာ ဒဏ်ရာရခဲ့တယ်။ အာလံမြို့ မှာလည်း အဲဒီလိုပဲ သေနတ်နဲ့ ပစ်လို့ ဗိုလ်ဗမိုး ကျဆုံးတယ်။ ဒဏ်ရာရသူ ရတယ်။

အဲဒီအချိန်က ဗမာပြည်လုံးမှာ ခြိမ့်ခြိမ့်သဲသဲ အုံးအုံးကြွက်ကြွက်နဲ့ အုံကြွလို့နေတယ်။ ဒါဟာ သမိုင်းတွင်လာခဲ့တဲ့ "၁၃၀၀ ပြည့်အရေးတော်ပုံ"ကြီးပေါ့။ ၁၃၀၀ ပြည့် အရေးတော်ပုံ အတွင်းမှာ ကျွန်တော်ဟာ အမျိုးသားစိတ်ဓာတ် တဆင့်တိုးပြီး

တက်ကြွလာတယ်။ မျိုးချစ်စိတ်ဓာတ် တဖွားဖွား တိုးတက်လာတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံအပြီး တိုးတက်တဲ့ သခင်နဲ့ ကျောင်းသားများဟာ အရင်းရှင်ဝါဒ မဟုတ်တဲ့ လမ်းကြောင်းကို စတင် ရှာလာကြတယ်။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အလုပ်သမားလူတန်းစားနဲ့ နိုင်ငံရေးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို လျှို့ဝှက်တည်ထောင်လိုက်ကြတဲ့အကြောင်းကိုတော့ ကျွန်တော် ဂျပန်ခေတ် ပါတီထဲရောက်မှ သိရတာပါ။

## ၁၃၀၀ပြည့် အရေးတော်ပုံနဲ့ လက်ဝဲစာပေများ

၁၃၀၀ ပြည့် အရေးတော်ပုံအပြီး၊ ၁၃၀၀ပြည့်အရေးတော်ပုံ မီးတောက် မီးလျှံအဖြစ် လက်ဝဲစာပေများ ဆက်တိုက်ထွက်လာ တယ်။ ကျွန်တော်တို့ အစ်ကိုအကြီး ဆုံးဟာ သူကိုယ် တိုင်က နိုင်ငံရေးကို လက်တွေ့မလုပ်ပေမယ့် ကျွန်တော်တို့ ညီအစ်ကို တွေ ဖတ်ဖို့ သူကိုယ်တိုင် နဂါးနီအသင်းဝင်ပြီး၊ နဂါးနီက ထုတ်တဲ့ စာအုပ်တိုင်း ကျွန်တော် တို့ကို ပေးတယ်။ တခြားစာ အုပ်တိုက်များက ထုတ် တဲ့ တိုးတက်တဲ့ စာအုပ်များကိုလည်း ကျွန်တော်တို့အတွက် မှာပေးတယ်။ ဒီစာအုပ်များထဲက ကျွန်တော့်ကို အထူးစိတ်ဝင်စား စေတဲ့ စာအုပ်များကတော့ ကိုဗဟိန်းရေးသားပြုစုတဲ့ “ခေရှင်လောက”၊ သခင်စိုးရေးတဲ့ “ဆိုရှယ်လစ်ဝါဒ”၊ “အလုပ်သမား လောက”“ဗမာ့တော်လှန်မှု”၊ သခင်ဗိုလ်ရေး “ကားလ်မာ့က်စ်ဝါဒ”စာအုပ်တို့ပါပဲ။ သခင်နုဘာသာပြန်တဲ့“လူမွဲတို့ ထွက်ရပ်လမ်း” ကိုလည်း ဖတ်ရတယ်။ အထူးသဖြင့် ကိုဗဟိန်းရဲ့ “ခေရှင်လောက”နဲ့ သခင်စိုးရဲ့ “ဆိုရှယ်လစ်ဝါဒ”စာအုပ်နှစ်အုပ်ဟာ ကျွန်တော့်ကို အထူးစွဲမက်သွားစေခဲ့တယ်။ ကျွန်တော်ဖတ်ခဲ့ရတဲ့ စာအုပ်တွေထဲမှာ သခင်သန်းထွန်း ရေးတဲ့ စာအုပ်တော့ မတွေ့ရပါ။ ဒါပေမဲ့ ကိုဗဟိန်း၊ သခင်စိုးတို့ရေးတဲ့ စာအုပ်များမှာ သခင် သန်းထွန်းရေးတဲ့ အမှာများကို ဖတ်ရတယ်။ သူရဲ့ “ခေရှင်လောက”ထဲမှာ ကိုဗဟိန်းက ခေရှင်လက်ဝါးကြီးအုပ်ကုမ္ပဏီကြီးများရဲ့ ရုပ်လုံးကို တိကျခိုင်လုံတဲ့ စာရင်းအင်း အချက် အလက်များနဲ့ ဖွင့်ချဖော် ထုတ်ထားတယ်။ ဒီစာအုပ် နှစ်အုပ်ဟာ ကျွန်တော့်ရှေ့ဘဝအတွက် လမ်းညွှန်ချက် ဖြစ်စေတယ်။

အထက်ပါ စာအုပ်တွေဟာ ၁၃၀၀ပြည့် အရေးတော်ပုံက ထွက်လာတဲ့ လူကြီး လူငယ်များနဲ့ အဲဒီခေတ်ကာလက လူကြီးလူ ငယ်များအတွင်း အလွန်ခေတ်စားခဲ့တယ်။

(၂)

ဒုတိယ ကမ္ဘာစစ်မီးကြီးဟာ ဗမာပြည်နဲ့ နီးကပ်လာတယ်။ ဖက်ဆစ်ဂျပန်ရဲ့ စစ်မြားဦးဟာလည်း ဗမာပြည်ကို ချိန်ရွယ်လို့ လာတယ်။

## ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်တိုက်ခိုက်မယ့် ပါတီကို လိုက်ရှာခြင်း

ဖက်ဆစ်ဂျပန်များ ဗမာပြည်တွင်းသို့ ဝင်ရောက်မလာမီ ၁၃၀၀ ပြည့် အရေးတော်ပုံအပြီး ဒုတိယကမ္ဘာစစ်ကြီးစတင်လာချိန်ကတည်းက လက်ပံတန်း ဦးဘတင် ဘာသာပြန်တဲ့ “ဂျပန်သူလျှို”စာအုပ်ကို ကျွန်တော်ဖတ်ခဲ့ဖူးတယ်။ အဲဒီကတည်းက ဖက်ဆစ်ဝါဒကို သဘောတရားအရ မဟုတ်ပေမယ့်၊ ဖက်ဆစ်ဂျပန်တို့က တရုတ်ပြည် မန်ချူးရီးယားကို ကျူးကျော်သိမ်းပိုက်ပြီးနောက်၊ ၎င်းတို့ရဲ့ လူမဆန်တဲ့ ရက်စက်ကြမ်းကြုတ်မှု၊ လူဖမ်းလူသတ်၊ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုး၊ အရှင်လတ်လတ် မြေကြီးထဲ မြှုပ်သတ်ခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း၊ ခေါင်းဖြတ်သတ်ခြင်း၊ လက်သည်းခွံခွာခြင်း၊ ရေနွေးပူ လောင်းခြင်း၊ ပက်လက်လှန် လူ့နှာခေါင်းပေါ် အဝတ်တင်ထားပြီး ရေလောင်းခြင်းစတဲ့ လက်တွေ့လုပ်ရပ်တွေကို ကြက်သီးထစရာကောင်းလောက်အောင် သိနေတယ်။ မေ့မရ သေးပါ။ ဖက်ဆစ်ဂျပန်များ ဗမာပြည်ထဲ ဝင်ရောက်လာပြီးနောက်မှာတော့ ဖက်ဆစ်ဂျပန်တို့ရဲ့ ရမ်းကားဗိုလ်ကျ မင်းမူမှုတွေကို ကိုယ်တွေ့မျက်မြင် မခံမရပ်နိုင်အောင် ဖြစ်လာရတယ်။ ဖက်ဆစ်ဂျပန်တွေကို မုန်းတီးစိတ်၊ ဆန့်ကျင်တွန်းလှန် လိုစိတ်တွေ တနေ့တခြား ပွားများ လာခဲ့တယ်။ “ဖက်ဆစ်ဂျပန်တော်လှန်ရေး မင်းလုပ်မယ်ဆိုရင် တကယ်လို့ ဂျပန် ဖမ်းမိသွားက “ဂျပန်သူလျှို”စာအုပ်ထဲကလို ညှဉ်းဆဲမှုအမျိုးမျိုးကို မင်းခံနိုင်ရည်ရှိရဲ့လား။ ရင်းရင်းချာချာ မင့်အမေအိုတယောက်၊ ညီအစ်ကိုမောင်နှမ ၈ ယောက်၊ ဆွေမျိုးများကို ဂျပန်ဖက်ဆစ်က ဖမ်းဆီးညှဉ်းဆဲသတ်ဖြတ်မှုတွေလုပ်ရင်ကော မင်းခံနိုင်ပါ့မလား” လို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းများထုတ်ခဲ့တယ်။ ကိုယ့်လူမျိုး ကိုယ့်ပြည်သူတွေ နေ့စဉ်နဲ့ အမျှ ဖက်ဆစ်ဂျပန်ရဲ့ ဖမ်းဆီးမှု၊ နှိပ်စက်မှု၊ မျိုးစုံခံစားနေချိန်မှာ ဒီဘဝက လွတ် မြောက်ကြစေဖို့ အားလုံးကို စွန့်လွှတ်မယ်ဆိုတဲ့ ပြတ်သားခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော်တို့မြို့က ကိုထွန်းလှ (လေထီးကျဆုံး)၊ ကိုလွန်းမောင်(ဆုံး) နဲ့ ကျွန်တော်တို့ သုံးယောက် လျှို့ဝှက်ဆွေးနွေး တိုင်ပင်ပြီး ဖက်ဆစ်ဂျပန်ကို ဆန့်ကျင် တိုက်ခိုက်မယ့် ပါတီ၊ အဖွဲ့အစည်း၊ တခုခုသွားရှာဆက်သွယ်ဖို့ ရန်ကုန်ဆင်းရန် ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီအချိန်အထိ ကျွန်တော်တို့အနေနဲ့ ၁၃၀၀ပြည့် အရေးတော်

ပုံအပြီး၊ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ဗမာ ပြည်ကွန်မြူနစ်ပါတီ လျှို့ဝှက်ဖွဲ့စည်းထားတာကို လုံးဝမသိကြပါ။ ကျွန်တော်တို့ မြို့ကလေးဟာ ဗမာပြည်မကြီးနဲ့ အဆက်အသွယ်ဝေးတဲ့ မြို့ကလေး ဖြစ်တဲ့အတွက် အင်္ဂလိပ်နယ်ချဲ့သမားက သူတို့ဗမာပြည်မှ မပြေးမီ ဗမာပြည်အောက်ပိုင်၊ အလယ်ပိုင်း၊ အနယ်နယ်အရပ်ရပ်က သခင်များကို ဗန်းမော်ထောင်ထဲချထားခဲ့တာတွေရှိတယ်။ ဂျပန်ဝင် လာတော့ သူတို့ထောင်က လွတ်လာကြတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီကိုသော်လည်းကောင်း၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးကိုသော်လည်းကောင်း သူတို့မသိ မပြောကြပါ။ ကျွန်တော်ဟာ ညီအစ်ကို မောင်နှမ ၉ ယောက်ထဲမှာ ဒုတိယအထွေးဆုံး၊ ယောကျ်ား ကလေးတွေထဲမှာဆိုရင် အငယ်ဆုံးဖြစ်တဲ့အတွက် ကျွန်တော့်အစ်မဟာ ကျွန်တော့်ကို မျက်စိအောက်က အပျောက်မခံ၊ အလွန်ချစ်ပါတယ်။ မိခင်ကြီး စိတ်သက်သာအောင်၊ မိခင်ကြီးကို ဘယ်လိုနဲ့ ဘယ်လိုခွဲရမလဲ။ နောက်ဆုံးတော့ ဂျပန်တွေက အာရှ လူငယ်တွေထဲက ရွေးတပ်ဆွဲတော့မယ်။ ဒါကို ရှောင်ဖို့အတွက် အောက်ဆင်းမယ်လို့ တခါဖူးမျှ မလိမ်ခဲ့ဖူးတဲ့ မိခင်ကြီးကို လိမ်ရတယ်။

၁၉၄၃ ခုနှစ်ကုန်ခါနီးမှာ ကျွန်တော်၊ ကိုထွန်းလှ(လေထီး–ကျဆုံး) နဲ့ ကိုလွန်းမောင်၊ ကျွန်တော်တို့ သုံးယောက် ဗန်းမော်–မန္တလေး တလျှောက် ဆားကုန်ကူးနေတဲ့ ကိုထွန်းလှရဲ့ အစ်ကိုရဲ့ လှေကြုံနဲ့ ဗန်းမော်မှ မန္တလေးသို့ တိတ်တဆိတ် စုန်ဆင်းထွက်ခွာလာကြတယ်။ မန္တလေးရောက်ပြီးနောက် မန္တလေးမှ မီးရထား ကျပ်ကျပ်တည်းတည်း စီးပြီး၊ ရန်ကုန်ကို ဆက်သွားကြတယ်။ ဂျပန်ခေတ် မီးရထားစီးရတာတော့ အားလုံးသိကြပါတယ်။ ရန်ကုန်ကို တခါမှလည်း မရောက်ဖူး၊ အသိမိတ်ဆွေလည်းမရှိနဲ့ ယောင်ချာယောင်ချာ ဖြစ်နေတုန်း ကံအားလျော်စွာ ဗန်းမော်က အသိတယောက်နဲ့ သွားတွေ့တယ်။ သူက ရန်ကုန်မြို့တော်ခန်း မကို စောင့်နေတဲ့ သူ့အသိမိတ်ဆွေ ကိုရန်ကင်းဆီသွားပို့ပေးတယ်။ ကိုရန်ကင်းကလည်း သဘောကောင်း၊ ကျွန်တော်တို့ကို နေ့စဉ်ဒိုင်ခံ ကုလားပဲဟင်း၊ အတို့အမြုပ် ကလေးများနဲ့ ကျွေးမွေးထားတယ်။ ဂျပန်ခေတ် ကုလားပဲဟင်းစားရတာ ကျွန်တော်တို့အဖို့ အင်မတန်မှ ဟင်းးကောင်းပေ့ါ။

နေ့စဉ်နေ့တိုင်း နေထွက်မှ နေဝင်၊ ခြေတိုလောက်အောင် ရန်ကုန်တမြို့လုံး လမ်းထွက်လျှောက်ရင်း နေ့တနေ့ လမ်းကြားတလမ်မှာ သခင်သန်းမြိုင်နဲ့ ပက်ပင်းတိုးမိကြတယ်။ သူ့ပခုံးမှာ လွယ်အိတ်တအိတ် လွယ်ထားတယ်။ သခင်သန်းမြိုင်ဟာ ဗန်းမော်ထောင်က ထွက်လာပြီး ဗန်းမော်မှာ ‘အိုးဝေသတင်းစာ’ စာစောင် ထုတ်သူဖြစ်လို့ သူ့ကို ကျွန်တော်တို့က သိခဲ့သလို သူကလည်း ကျွန်တော်တို့ဟာ အာရှလူငယ်ဆိုတာ သိခဲ့တယ်။ သူက ကျွန်တော် တို့ကို ဝမ်းပန်းတသာ နှုတ်ဆက်ရင်း ဘယ်တုန်းက

ရောက်ကြတယ်။ ဘယ်မှာနေကြတယ် ဆိုတာတွေ မေးတယ်။ ကျွန်တော်တို့ကလည်း သူ့အမေးတွေကို ပြန်ဖြေတယ်။ သူ့ အရှေ့နောက် လူသူကြည့်ပြီး ကျွန်တော်တို့နား ပိုနီးနီးကပ်ပြီး တိုးတိုးတိတ်တိတ်ပြောတယ်။ ကင်ပေက သခင်ကျော်စိန်ဂိုဏ်းကို ဖမ်းမိသွားတယ်။ သခင်ကျော်စိန် သေနတ်ပစ်ခံရပြီး ရန်ကုန်ဆေးရုံကြီး ရောက်နေတယ်။ ကင်ပေက သူ့ဂိုဏ်းသားတွေကို ကြီးကြပ်နေတယ်။ သူ့ဆီမသွားကြနဲ့လို့ သတိပေးတယ်။ နောက် သူလွယ်ထားတဲ့ လွယ်အိတ်ကို တာဝန်ယူ ဖွက်ပေးထားနိုင်မလားလို့ မေးတယ်။ ကျွန်တော်တို့ကလည်း တာဝန်ယူနိုင်ကြောင်း ပြန်ပြောကြတယ်။ သူလည်း စာအိတ်၊ စာစောင် စာတမ်းတွေအပြည့်နဲ့ သူ လွယ်ထားတဲ့ လွယ်အိတ်ကို ကျွန်တော်တို့ကိုပေးပြီး သူပြန်လာယူမယ်လို့ ပြောထွက်သွားတယ်။ တခြားတော့ ဘာမှ ပြောမသွားပါ။ သူ့လွယ်အိတ်ကို ကျွန်တော်တို့ပဲ မြို့တော်ခန်းမကြီးထဲက လုံခြုံတဲ့နေရာချောင်တချောင်မှာ ဖွက်ထားပေး လိုက်ကြတယ်။ နောက် သုံးလေးရက်နေတော့ သူ့လွယ်အိတ်ကို သူပြန်လာယူသွားတယ်။ တခြားနိုင်ငံရေးကိစ္စ ဘာမှမပြော၊ နောက်လည်း သူနဲ့ မတွေ့ရတော့ပါ။

အဲဒီနောက်တနေ့မှာ ဗန်းမော်ကိုကိုကြီး(လေထိး–လက်နက်ချ၊ ကွယ်လွန်) နဲ့ လမ်းတလမ်းမှာ တွေ့ဆုံမိပြန်တယ်။ ကိုကိုကြီးနဲ့ ကျွန်တော်တို့က မူလကတည်းက သိကျွမ်းခဲ့ကြသူတွေပါ။ ဦးကိုကိုကြီးက အမှန်က ရွှေကူသားပါ။ ဗန်းမော်မှ ကျောင်းတက်၊ နိုင်ငံရေးလုပ်လာရာက ဗန်းမော်ကိုကိုကြီး တွင်လာတာပါ။ တယောက်နဲ့တယောက် နှုတ်ဆက် သူ့အခြေအနေ၊ ကိုယ့်အခြေ အနေများ အပြန်အလှန် ပြောကြတယ်။ နောက်ဆုံးကိုကိုကြီးက ဗန်းမော် အားလုံးပြန်ရအောင်၊ အာရှလူငယ်မှာ ပြန်လုပ်ကြမယ်။ တခြားကိုယ် လုပ်ချင်တဲ့ အလုပ်တွေလည်း လျှို့ဝှက်လုပ်နိုင်တာပဲလို့ ပြောကြတယ်။ ကျွန်တော်တို့မှာပါတဲ့ ငွေအနည်း အကျဉ်းလောက်ကလည်း ပြန်လမ်းစရိတ်လောက်ပဲ ကျန်တော့တာမို့ သဘောတူလိုက်ကြ တယ်။ ဒီလိုနဲ့ ရန်ကုန်မှ မီးရထားစီးပြန်ကြတယ်။ ကိုလွန်းမောင်ကိုသာ ထားခဲ့ပြီး၊ ဗမာ့ဝန်ထမ်းတက်ဖို့ ကိုကိုကြီးကပဲ စီစဉ်ပေးထားခဲ့တယ်။

ကျွန်တော်တို့စီးလာတဲ့မီးရထား မန္တလေးအနီးက ပုလိပ်ရွာဘူတာလည်း ရောက်ရော၊ အင်္ဂလိပ်လေယာဉ်ပျံနှစ်စီးက ဖြုန်းခနဲ ရောက်လာပြီး စက်သေနတ်နဲ့ ပစ်ခတ်တယ်။ ကျွန်တော်လည်း မီးရထားပေါ်မှ ဆင်း၊ ပုလိပ်ရွာထဲ ဝင်ရှောင်ကြရာမှာ စက်ဘီးတ စီးတွန်းလာတဲ့ မြန်မာစစ်ဗိုလ်တယောက်နဲ့ သွားတွေ့ကြတယ်။ သူနဲ့ကိုကိုကြီး အပြန်အလှန် နှုတ်ဆက်စကား ပြောကြပြီး၊ သူခွဲထွက်သွားတယ်။ သခင်တင်မြလို့ ကိုကိုကြီးက ကျွန် တော်တို့ကို ပြောပြတယ်။ မန္တလေးမှာ ချိန်းထားကြောင်းလည်း ပြောတယ်။ ကျွန်တော်တို့ မန္တလေး ရောက်ပြီးနောက် ကိုကိုကြီးက ကျွန်တော်တို့ကို ဆွေးနွေးပြတယ်။ ကျွန်တော်တို့ ဗန်းမော်က လျှို့ဝှက် ပါတီသင်တန်းတက်ဖို့ နှစ်ယောက်ရတယ်။

သူကတော့ ပါရမယ်။ ကျွန်တော်တို့ နှစ်ယောက်ထဲက တယောက်ဘယ်သူတက်မလဲ ညှိနှိုင်းတယ်။ ကျွန်တော်ကပဲ ကိုထွန်းလှတက်ဖို့ အဆိုပြုတယ်။ ဒီလိုနဲ့ ကိုကိုကြီးနဲ့ ကိုထွန်းလှ ပါတီသင်တန်းတက်ကြပါတယ်။ ကျွန်တော်က မန္တလေးမြို့က စစ်ကိုင်းချောင်မှာ ဖုံးရှောင်ရွှေ့ပြောင်းနေထိုင်တဲ့ ကိုကိုကြီး ရဲ့အစ်ကိုအိမ်မှာ သွားစောင့်နေရပါတယ်။

ကိုကိုကြီးနဲ့ ကိုထွန်းလှတို့ သင်တန်းတက်တာ ၁၀ ရက်လောက်ပဲ ကြာပါတယ်။ ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်တိုက်ခိုက်မယ့် ပါတီအဖွဲ့အစည်းတခုခုကို လိုက်ရှာတဲ့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ပြည့်မြောက်ပါပြီ။ ပါတီဟာ ဗမာပြည်ကွန်မြူနစ်ပါတီပါ။ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ ကျွန်တော်တို့ ဒီလိုပထမဆုံး အဆက်ရခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဝမ်းသာမဆုံး ဖြစ်ခဲ့ကြတယ်။ သူတို့ သင်တန်းတက်တဲ့နေရာက မန္တလေး၊ ပိုက်ကျုံး၊ အိုးဘို ဘုန်းကြီးကျောင်း၊ ကျောင်းထိုင်ဘုန်းကြီး ဦးဩဘာကား ကိုကိုကြီးရဲ့ ဦးလေးတော်သူပါ။ လျှို့ဝှက်ရေးကန့်သတ်ချက်ကြောင့် တကြိမ်တကြိမ်မှာ သင်တန်းတက်သူ ၈ ယောက်ထက် မပိုပါ။ ဘုန်းကြီးကျောင်းနေ ဦးပဉ္စင်းများက နေ့ည အလှည့်ကျကင်းစောင့်ပေးပြီး လုံခြုံရေး ကိုတာဝန်ယူကြတယ်။ ကျွန်တော်က သင်တန်းမတက်ရပေမယ့် သူတို့သင်တန်းပြီးစီးတော့ သင်တန်းမှာ ပို့ချတဲ့ စာတမ်းအားလုံးကို လေ့လာရတယ်။ အဲဒီ စာစောင်များကတော့ "ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း အမှတ် ၁"၊ ဒီမီထရော့ဗ်ရဲ့ "အလုပ်သမား လူတန်းစား နဲ့ဖက်ဆစ်ဆန့်ကျင်ရေး"(Working Class Against Fascism)၊ "အနုပဋိလောမရုပ်ဝါဒ"၊ ဒီစာစောင်တွေထဲက "အနုပဋိလောမရုပ်ဝါဒ"စာစောင်ကို ကျွန်တော် သိပ် နားမလည်ခဲ့ပါ။ ဒီမီထရော့ဗ်ရဲ့ "အလုပ်သမားလူတန်းစားနဲ့ ဖက်ဆစ်ဆန့်ကျင်ရေး" ကိုတော့ အတော်အတန် နား လည်ခဲ့တယ်။ ဒီစာစောင်က အဓိကအားဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး ညီညွတ်ရေးတပ် ပေါင်းစုပြဿနာပါ။ "ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်း အမှတ်(၁)" ကိုလည်း ကျွန် တော်သဘောကျခဲ့တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးဆိုင်ရာ ကျွန်တော် နားမလည်တာ၊ မရှင်းလင်းတာတွေကို ကိုကိုကြီးနဲ့ကိုထွန်းလှတို့က စိတ်ရှည်ရှည် ရှင်းပြကြတယ်။ အဲဒီအချိန်ကစ ကျွန်တော်တို့ ပါတီဝင်ဖြစ်လာကြတာပါ။

## ဗန်းမော်အပြန်ခရီး

ကျွန်တော်တို့ ဗန်းမော်ပြန်တက်ဖို့ စီစဉ်ကြတယ်။ ကိစ္စရှိသေးလို့ ကိုကိုကြီးက မန္တလေးမှာ ကျန်ရစ်ခဲ့တယ်။ မီးရထားလမ်းက လမ်းပျက်နေလို့ ကျွန်တော်နဲ့ ကိုထွန်းလှ နှစ်ယောက် ဗန်းမော်ဆန်တက်မယ့် ဆားကုန်သည် ကိုတိုးဆိုတဲ့လူရဲ့ လှေနဲ့ပဲ လိုက်ကြ

တယ်။ ကိုတိုးဟာ ကိုကိုကြီးနဲ့ ဆွေမျိုးတော်စပ်သူလည်း ဖြစ်တယ်။ သဘောလည်း ကောင်း၊ ပျော်တတ် ရွှင်တတ်သူ တယောက်ပါ။ ကျွန်တော်တို့ ဂျပန်ဆန့်ကျင်ရေးကို ကူညီပေးသူလည်း ဖြစ်တယ်။ မန္တလေးမှ ဗန်းမော်ရေလမ်းခရီးဟာ ဧရာဝတီမြစ်ကို ဆန်တက်တဲ့ ရေရှည်ခရီးပါ။ တတိယ မြစ်ကျဉ်းနဲ့ ဒုတိယမြစ်ကျဉ်းနှစ်ခုလည်းရှိတယ်။

(ပါတီသင်တန်းက စာရွက်စာတမ်းများကို ကိုတိုးရဲ့အကြံပေးချက်အရ ထိုးဝါးတလုံးတည်းမှာ ရေလုံအောင် ပိတ်ထည့်ထားတယ်။ အကြောင်းက တချို့ဆိပ်ကမ်းတွေမှာ စစ်ဆေးတဲ့ဂိတ်တွေ ရှိလို့ပါ။ ကုန်သည်လှေများမှာ ထိုးဝါးအပိုများ ထားကြရတယ်။ သုံးနေတဲ့ ထိုးဝါး တခုခုဖြစ်ရင် သုံးဖို့ပါ။)

ဗန်းမော်မြို့ဟာ ဧရာဝတီမြစ်ရဲ့ အရှေဘက်ကမ်းမှာ တည်ရှိတဲ့ မြို့ဖြစ်တယ်။ ကျွန်တော်နဲ့ ကိုထွန်းလှဟာ ဗန်းမော်သားများဖြစ်ကြတဲ့အတွက် လှေလှော်လှေခတ်၊ လှေထိုး လှေပဲ့ကို အခြေခံတော့ တတ်ကြတယ်။ ကျွမ်းကျွမ်းကျင်ကျင်တော့ မဟုတ်ပါ။ သူများ လှေပေါ် အခမဲ့ လှေကြုံစီး၊ လှေရှင်ကျွေးတာလည်းစား၊ အလကားလည်း နေတတ်ကြသူတွေ မဟုတ်တဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ လှေခတ်တဲ့အခါခတ်၊ လှေထိုးတဲ့အခါထိုး၊ ပဲ့ကိုင်တဲ့အခါကိုင်၊ လှေကိုချိတ်နဲ့ ဆွဲတက်တဲ့အခါတက်၊ ကြိုးဆွဲလမ်းရှိတဲ့အခါ လှေကို ကြိုးနဲ့ဆင်းဆွဲ ဝင်လုပ်ကြတယ်။ ရွက်တိုက်ရတဲ့အခါ ရွက်တိုက်၊ လှေခတ်လှေထိုး၊ လှေဆွဲရ တဲ့အလုပ်ဟာ အလွန်ဆင်းရဲ ပင်ပန်းလှတဲ့အလုပ်ပါ။ ဧရာဝတီမြစ်ကို ဆန်တက်ရာမှာ မြစ်ကမ်းဘေး ကြိုးဆွဲလမ်းရှိရင်ကြိုး ဆင်းဆွဲကြတာပါပဲ။ ပဲ့ကိုင်သူက တယောက်၊ တယောက်က လှေဦးမှာရပ်ပြီး၊ လှေကမ်းထိုး မကပ်သွားအောင် ထိုးဝါးနဲ့ ထောက် ထောက်ပေးရတယ်။ နှစ်ယောက်လောက်က ကမ်းပေါ်၊ ဘေးကြိုးဆွဲလမ်းအတိုင်း တက်ရတာပါ။ ကြိုးဆွဲနည်း အကောင်းဆုံးက ပုဆိုးတထည်ကို စလွယ်သိုင်း၊ ပုဆိုးမှာ လှေဆွဲကြိုးစကို ချည်ပြီး ဆွဲတာပဲ။ တောင်လေလာနိုင်ရင် ရွက်တိုက်ရတယ်။ ဒီအခါမှာတော့ လှေပေါ်ထိုင် လေချွန်လိုက်ရတဲ့အချိန်။ မြောက်လေလာရင်တော့ ရေဆန်ရရုံမက လေကိုပါဆန်ရလို့ အားစိုက်ထုတ်ကြရပြန်တယ်။ ဘယ်လိုပဲဆင်းရဲဆင်းရဲ၊ ဘယ်လိုပဲပင်ပန်းပင်ပန်း၊ ဘယ်လိုပဲခက်ခဲခက်ခဲ ကျွန်တော်တို့နှစ် ယောက်ကတော့ ဗန်းမော် အမြန်ပြန် ရောက်ရေးကိုသာ စိတ်အားသန်နေကြတယ်။ တကောင်းနဲ့ ကြံညှပ်အကြား ညနေစောင်းချိန်မှာ လေယာဉ်ပျံနှစ်စင်းဟာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း တောင်တန်းပေါ်မှ ရုတ်တရက်ဆင်းလာပြီး၊ မြစ်ရိုးအတိုင်း ကျွန်တော်တို့ခေါင်းပေါ်က ပျံသန်းကျော်သွားတယ်။ လေယာဉ်ပျံသံကို အဝေးမှ ကြိုတင်မကြားလိုက်ရတဲ့အတွက် လှေကို ကမ်းကပ်ချိန်ပင် မရလိုက်ပါ။ တချိန်တည်းမှာပင် စက်သေနတ်နဲ့ ပစ်ခတ်သွားသံများလည်း ကြားလိုက်ရတယ်။ စက်သေနတ်ပစ်တာ ကျွန်တော်တို့ကို ပစ်ခတ်သွားခြင်း

တော့ မဟုတ်ပါ။ တခါမှာလည်း ဇီးချိုင့်ရွာရောက်ခါနီး ကျွန်တော်တို့ လှေပေါ် ညစာ ထိုင်စားနေချိန်၊ ဒီလိုပဲ လေယာဉ်နှစ်စင်း ရုတ်တရက်ရောက်လာပြီး၊ ရေ၀တီမြစ်ရိုး အတိုင်း ပျံသန်းသွားပြန်တယ်။ ကျွန်တော်တို့ လေယာဉ်ပျံစောင့်ကြည့်ရင်း ထမင်းစားမြဲ စားနေကြတယ်။ ဒီလေယာဉ်ပျံနှစ်စင်းဟာ ရေ၀တီမြစ်မှာ သွားလာနေကြတဲ့လှေများကို မကြာခဏ ပစ်ခတ်တိုက်ခိုက် အနှောင့်အယှက် ပေးတတ်တယ်။ ရေ၀တီမြစ်မှာ သွားလာလုပ်ကိုင် စားသောက်နေတဲ့ လှေသမားများ၊ ရေလုပ်သားများ ရေ၀တီမြစ် ကမ်းတလျှောက်ရွာများက ရွာသူရွာသားများဟာ ဒီလေယာဉ် ပျံနှစ်စင်းကို ကျွဲညီနောင် လို့ ခေါ်ကြပြောကြတယ်။

ကျွန်တော်တို့လှေဟာ ရွှေကူမြို့လွန်လာပြီး ရွှေကူ–ဗန်းမော်အကြားက ရေ၀တီ မြစ် ရဲ့ ဒုတိယမြစ်ကျဉ်းကို ရောက်လာတယ်။ ကုန်သည်များ၊ လှေသမားများ၊ ရေလုပ်သားများနဲ့ ဒီမြစ်ရိုးတလျှောက် ရွာသူရွာသားများက ဒီမြစ်ကျဉ်းကို ဒုတိယ မြစ်ကျဉ်း လို့ မခေါ်၊ မသိကြပါ။ ကျောက်တွင်းလို့သာ ခေါ်ကြသိကြတယ်။ ဒီမြစ်ကျဉ်းကို ၀င်စမှ ထွက်တဲ့အဆုံးအထိ မြစ်ရဲ့ နှစ်ဘက်စလုံး မြင့်မားတဲ့ကျောက်ဆောင်၊ ကျောက် တောင်တွေပါ။ ကျောက်တောင်ကြီးတလုံး ကြားထဲက ရေ၀တီမြစ်က စီးဆင်းသွားတာ နဲ့ တူတယ်။ ဒါကြောင့်လူတွေက ကျောက်တွင်းလို့ ခေါ်ကြသိကြတာပါ။ ရေ၀တီမြစ် ကျဉ်းသွားတဲ့နေရာဆိုတော့ ဒီကျောက်တွင်းက ရေကြမ်းတယ်။ ကျောက်တောင်က ရေထဲထိုးဆင်းလာတဲ့ ကျောက်စွန်း ကျောက်ဆောင်များကို တက်ရတဲ့အခါ ရေစီးက လည်း သန်လှတာမို့ လှေခတ်သူကခတ်၊ လှေထိုးသူကထိုး၊ ချိတ်နဲ့ဆွဲလို့ ရတဲ့နေရာ ချိတ်နဲ့ဆွဲသူကဆွဲ၊ လူကုန်လက်ကုန်လက်ညီတက်ညီ အားထုတ်ကြရတာပါ။ တခါတခါ လန်ကျတတ်ပါသေးတယ်။ တခါလန်ကျရင် ရေစီး မြစ်ကမ်းအောက် အတော်ရောက် သွားတတ်ပြီး၊ တခါပြန်တက်ကြရပြန်တယ်။ ကျောက်တွင်း လွန်တဲ့အခါမှာတော့ ကမ်း ကပ် နားကြရတယ်။ ရှေ့ခရီးလမ်းလည်း ချောင်သွားပြီလို့ ဆိုနိုင်ပါပြီ။ မန္တ လေးမှ ဗန်းမော်အထိ ကျွန်တော်တို့ ၁၀ ရက်ကျော်ကျော် လာကြရတယ်။ ၁၉၄၃ ခုနှစ်ကုန်၊ ၁၉၄၄ ခုနှစ် နှစ်ဆန်းလောက်မှာ ကျွန်တော်တို့ ဗန်းမော်ကို ပြန်ရောက်ကြတယ်။

ဗန်းမော်ပြန်ရောက်ပြီးနောက် ကျွန်တော်နဲ့ကိုထွန်းလှက အာရှလူငယ် အစည်းအရုံးမှာပဲ ဆက်လုပ်ကြတယ်။ ခေါင်းဆောင်ပိုင်းမှာ မလုပ်၊ အောက်ခြေမှာ လုပ် တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ထင်ရှားသူများမဟုတ်ပါ။ ဒါပေမဲ့ အောက်ခြေ လူငယ်များနဲ့ ထိ တွေ့ရင်းနှီးနားလည်မှုရအောင် လုပ်နိုင်ခဲ့တယ်။ အာရှလူငယ်ရဲ့ အကာ အကွယ်ယူ၊ မြေအောက် လုပ်ငန်းကို ပိပိရိရိလုပ်ကြတယ်။

ကိုကိုကြီးရဲ့တာ၀န်က ဗန်းမော်–ကသာ နှစ်ခရိုင်စလုံးရဲ့ အာရှလူငယ် စည်းရုံး

ရေးနဲ့ ပါတီမြေအောက်စည်းရုံးရေးတာဝန်ကိုပါ ယူရတော့ ဗန်းမော်နေလိုက်၊ ကသာ သွားလိုက်၊ မန္တလေးဆင်းလိုက် လုပ်ရတယ်။ ဗမာ့ဝန်ထမ်းသင်တန်းပြီးလို့ ရန်ကုန် ကပြန်လာတဲ့ ကိုလွန်းမောင်ကိုတော့ ဗန်းမော်ဝန်ထမ်းထဲမှာ ဝင်လုပ်စေပြီး တာဝန်ပေး ထားတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ လူငယ်အတော်များများနဲ့ ဆက်ဆံရင်းနှီးမှုရလာပြီး၊ သူတို့ရဲ့ထောက်ခံမှုကိုရလာတယ်။ တက်ကြွခိုင်မာတဲ့ လူငယ်အချို့ကို စည်းရုံးလို့ ရလာ တယ်။ တချို့ကို ဂျပန် စကားပြန်အဖြစ် ထည့်ထားလာနိုင်တယ်။

## မဟာမိတ်တပ်များနဲ့ အဆက်အသွယ်ရရှိခြင်း

(၁၉၄၄) ခုနှစ်၊ နိုဝင်ဘာလထဲမှာ မဟာမိတ်တပ်တွေ နီးကပ်လာတယ်။

အင်္ဂလိပ်–တရုတ်–အမေရိကန်တပ်များ၊ ဗမာပြည်ထိုးစစ်စတင်လာတယ်။ အမေရိကန်တပ်ဆိုတာကတော့ တပ်လိုက်တော့ မဟုတ်ပါ။ ထောက်လှမ်းရေးတပ်ဖွဲ့နဲ့ တရုတ် တပ်တွေရဲ့ အကြံပေးအဖွဲ့များမျှသာ ဖြစ်တယ်။ ဒီလိုအချိန်ကျလာမှ ပါတီက ကျွန်တော်တို့ကို မဟာမိတ်များနဲ့ ဆက်သွယ်ရန်၊ မဟာမိတ်များရဲ့ အကူအညီရယူရန်၊ မဟာမိတ်တပ် များကို လည်း အကူအညီပေးရန်၊ သ တင်းပေးရန်၊ လမ်းပြရန်စတဲ့ ညွှန် ကြားချက်ကိုရတယ်။ ကိုကိုကြီး၊ ကိုထွန်းလှ၊ ကျွန်တော်တို့သုံးယောက် ဆွေးနွေးကြတယ်။ ကိုကိုကြီးက ရွှေကူဘက်၊ ကျွန်တော်နဲ့ ကိုထွန်းလှက ဗန်းမော်ဘက်မှာ တာဝန်ယူကြရန် တာဝန်ခွဲကြတယ်။ အဲဒီကစ ကိုကိုကြီး ရွှေကူဘက်သွားတယ်။

ကျွန်တော်နဲ့ ကိုထွန်းလှလည်း ဗန်းမော်မြို့ထဲမှာ စီစဉ်စရာရှိသမျှကို စီစဉ် ကြတယ်။ ကျွန်တော်တို့ ရဲဘော်ဖြစ်နေတဲ့ စကားပြန်ရဲဘော် သန်းရွှေထံမှ နောက် ဆုံးသတင်းများနဲ့ ဂျပန်နေတဲ့နေရာများ၊ စစ်နေရာများကို ယူတယ်။ တကယ်လို့ ကျွန် တော်တို့ ဂျပန်ဖမ်းမိ သွားရင်ဖြစ်စေ၊ စစ်ဦးဘီလူးမို့ မဟာမိတ်များက သတ်လိုက်ရင် ဖြစ်စေ ဆက်လုပ်ရန်စီစဉ်ရတယ်။ ပြောသင့်သူများကို ပြောထားခဲ့တယ်။

၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလထဲမှာ ကျွန်တော်နဲ့ ကိုထွန်းလှ စောင် တထည် စီသာပါတဲ့ ရှမ်းလွယ်အိတ်တလုံးစီနဲ့ ဗန်းမော်မှ တိတ်တဆိတ်ထွက်သွားကြတယ်။ ဧရာ ဝတီမြစ်နဲ့ ဗန်းမော်–မြစ်ကြီးနားကားလမ်းကြား၊ တောလမ်းမှ မြစ်ကြီးနားကို ဦးတည်ပြီး မြောက် ဘက် ချီတက်ကြတယ်။ ဗန်းမော်မြို့နဲ့ မိုင် ၂၀ လောက်ဝေးတဲ့ တာပိန်ချောင်း ပေါ်က ရွှေဟသာ်တ–စီကော်ရွာ ရောက်ခါနီးတော့ ပထမဆုံးရွာထဲ ဂျပန်ရှိမရှိ၊ မေးမြန်းထောက် လှမ်းရတယ်။ ဂျပန်မရှိဘူးဆိုမှ ရွာထဲဝင်ကြတယ်။ ရွှေဟသာ်တရွာနဲ့ စီကော်ရွာတို့က ကျွန်တော်အရင်က ရောက်ဖူးတဲ့ ရှမ်းဗမာရွာတွေပါ။ ဗမာစကား

လည်းတတ်ကြပြောကြတယ်။ အသိမိတ်ဆွေတွေလည်း ရှိတယ်။ ဒီရွာတွေလွန်ပြီးတဲ့နောက် ရှမ်းတရုတ်ရွာတွေ ဖြတ်ရတယ်။ ရှမ်းတရုတ် ရွာတွေကတော့ ဗမာစကားလုံးဝလောက်မတတ်၊ မပြောတတ်ကြတော့ပါ။ ကျွန်တော်တို့ အရင်ရောက်ဖူးတဲ့ ရွာများလည်း မဟုတ်တော့ပါ။ အဲဒီ နောက်ပိုင်းလည်း ချောင်းကို ကျော်ဖြတ်ရပြန်တယ်။ ရှမ်းတရုတ်ရွာအချို့ကို ကျော်သွားပြီးတဲ့နောက် တနေ့ ညနေစောင်းမှာ ရှမ်းတရုတ် နွားကျောင်းသားလို ဝတ်ဆင်ထားတဲ့ တရုတ်ကင်းထောက် တယောက်နဲ့ သွားတွေ့တယ်။ ပထမတော့ ကျွန်တော်တို့က သူ့ကို ရှမ်းတရုတ်လို့ပဲ ထင်တယ်။ သူက ဘယ်က လာသလဲ– ဘယ်သွားမလဲလို့ ဗမာစကား မတတ်တတတ်နဲ့ မေးပါတယ်။ ကျွန်တော်တို့က တာပိန်ချောင်း ရိုးက ဖြစ်ကြောင်း၊ ကျွဲ ဝယ်နွားဝယ်လာကြောင်း ပြန်ပြောတယ်။ သူက ဂျပန်သတင်းတွေ ထပ် မေးတယ်။ ဒီတော့မှ ကျွန်တော်တို့ ရိပ်မိလာတယ်။ ကျွန်တော်တို့ဟာ ဗန်းမော်မြို့မှ ဖြစ် ကြောင်း၊ ဂျပန်အကြောင်းလည်း နည်းနည်းပါးပါးသိကြောင်း၊ ခင်ဗျားအထက်က လူကြီးနဲ့ တွေ့ချင်ကြောင်း သူစိတ်ဝင်စားအောင် ပြောလိုက်ကြတယ်။ အဲဒီကစလို့ တရုတ်တပ်နဲ့ ကျွန်တော်တို့ အဆက်အသွယ် စရကြတယ်။ ကျွန်တော်တို့က သူတို့ကို ဗန်းမော်မြို့ထဲက ဂျပန်ရှိ တဲ့နေရာတွေကို မြေပုံပေါ်မှာ ထောက်ပြီး ပြောပြတယ်။ သူတို့ဟာ ဗန်းမော်တိုက်ရေးအတွက် ပြင်ဆင်နေချိန်ဖြစ်လို့ ကျွန်တော်တို့ ပြောပြတဲ့ အချက်အလက်တွေဟာ သူတို့အတွက် အရေးကြီးတဲ့ အချက်အလက်တွေ ဖြစ်နေတယ်။ သူတို့ဟာ တပ်မ ၃၈ ဖြစ်ကြောင်း တဖြည်းဖြည်း သိလာကြရတယ်။ ပထမအစပိုင်း သူတို့က ကျွန်တော်တို့ကို မယုံကြည်သေးပါ။ ကျွန်တော်တို့ကလည်း သူတို့အခြေအနေကို အကဲခတ်ရင်း အကုန်အစင်ပြောပြခြင်း မလုပ်သေးပါ။ သူတို့က ကျွန်တော်တို့ကို ယုံကြည်မှုရအောင် ပထမ လုပ်ဖို့ လိုတယ်။ ကျွန်တော်တို့ကို ရှေ့တန်းတပ်မှာပဲ ထားတယ်။ ဗန်းမော်တိုက်ရာမှာလည်း ရှေ့တန်းအကျဆုံးတပ်မှာ ကျွန်တော်တို့ ပါပါတယ်။ ၁၉၄၄ ခုနှစ် ဒီဇင်ဘာ လဆန်းပိုင်းမှာပါ။ ကျွန်တော်တို့ လိုက်လာတဲ့ စစ်ကြောင်းက ဗန်းမော်မြို့ရဲ့ မြောက်ဘက်မှ အရှေ့ဘက်ပတ်ပြီး ဗန်းမော်မြို့ကို ဝိုင်းထားတယ်။ ကျွန်တော်တို့ နှစ်ယောက် စလုံး ရှေ့တန်းအကျဆုံးစစ်မျက်နှာ ကတုတ်ထဲမှာ နေ့ရောညရော နေကြရတယ်။ တညမှာ ဂျပန်က ပြောက်ကျားထွက်ပြီး တပ်နှစ်တပ်အကြား ဝင်ပစ်ခတ်လို့ အပြန်အလှန် ပစ်ကြတယ်။ တရုတ်တပ်က ကျသူကျ၊ ဒဏ်ရာရသူရ ဖြစ်ကုန်ပါသေးတယ်။ ဗန်းမော်ကျသွားတယ်။ ကျွန်တော်တို့ လိုက်ပါလာတဲ့ တပ်က ဗန်းမော်ထဲ မဝင်ပါ။ ဗန်းမော်ရဲ့ အရှေ့ဘက် (၆) မိုင်ကွာရှိ မိုးမောက်ရွာနဲ့ မလှမ်းမကမ်းက ရွာတွေမှာ ဖြန့်ခွဲနားကြရတယ်။

ကျွန်တော်တို့ တရုတ်တပ်ထဲမှာပဲ အတူသွား၊ အတူ နေခဲ့ကြတယ်။ သူတို့

ကလည်း ကျွန်တော်တို့ကို ယုံကြည်လာ၊ ကျွန်တော်တို့ကလည်း သူတို့အကြောင်း သိတန်သလောက် သိလာတဲ့အချိန်ကျမှ ကျွန်တော်တို့လိုက်ပါလာတဲ့တပ် အထက်ပိုင်း ကာနယ်အဆင့်ရှိသူ တယောက်နဲ့ စဆွေးနွေးတယ်။ ကျွန်တော်တို့ဟာ ဂျပန်ဆန့်ကျင်ရေး မြေအောက်အဖွဲ့ အစည်းက ဖြစ် ကြောင်း၊ ဂျပန်ကိုတိုက်လိုကြောင်း၊ ခင်ဗျားတို့ဆီက လက်နက်ခဲယမ်း မီးကျောက် အကူအညီလိုကြောင်း၊ ဒီမှာလည်း ကျွန်တော်တို့ တပ်ဖွဲ့စည်းပြီး ဂျပန်ကို တိုက်မယ့်အကြောင်း၊ ခင်ဗျားတို့ဆီက လက်နက်ခဲယမ်းမီးကျောက် အကူအညီလိုကြောင်း၊ ကျွန်တော်တို့ ပြည်တွင်းက ဂျပန်ဆန့်ကျင်နေတဲ့ လက်နက်ကိုင်တပ်နဲ့ အဖွဲ့အစည်းများအတွက်လည်း လက်နက်ခဲယမ်းမီးကျောက် အကူအညီ လိုကြောင်း၊ ဂျပန်စစ်နောက်ပိုင်းလည်း ကျွန်တော်တို့ တာဝန်ယူပို့ပေးနိုင်ကြောင်း၊ ကျွန်တော်တို့ ဗဟိုဌာနချုပ်နဲ့လည်း အဆက်အသွယ်လုပ်ပေးနိုင်ကြောင်း တင်ပြကြတယ်။ သူက အထက်တင်ပြပေးပါမယ်၊ ဖြစ်နိုင်မယ်ထင်ကြောင်း ပြန်ပြောတယ်။ နှစ်ရက် သုံးရက်လောက်နေတော့ ကျွန်တော်တို့ကို အကြောင်းပြန်ပါတယ်။ ခင်ဗျားတို့ တင်ပြတာ ဖြစ်နိုင်ကြောင်း၊ အထက်က ဒု–တပ်မမှူးတယောက်လာပြီး ခင်ဗျားတို့နဲ့ အသေးစိတ် ဆွေးနွေးလိမ့်မယ်။ နှစ်ရက် သုံးရက်လောက်စောင့်ပါလို့ ပြန်ပြောတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ အစီအစဉ်တွေလုပ်ဖို့  အိမ်ခဏ ပြန်ဦးမယ်။ နှစ်ရက်အတွင်း ပြန်လာမယ်ပြောပြီး ထွက်လာကြတယ်။

အပြန်လမ်းမှာ မိုးမောက်ရွာကို ဖြတ်ရတယ်။ မိုးမောက်ရွာမှာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးအဖွဲ့ CAS(B) ရောက်နေပြီ။ မိုးမောက်ရွာထဲရောက်တော့ ကိုဘဦးနဲ့ တွေ့တယ်။ ကိုဘဦးက တို့ဗမာအဖွဲ့အစည်း သခင်ပါ။ မြန်မာ့အလင်း သတင်းထောက်လည်း လုပ်တယ်။ ဗန်းမော်မြို့ထဲမှာ နေသူပဲ ဖြစ်တယ်။ ဂျပန်ခေတ်မှာ ကျွန်တော်တို့နဲ့ သိကြတယ်။ ကျွန်တော်တို့ စည်းရုံးထားသူတော့ မဟုတ်ပါ။ မိုးမောက်ရွာထဲမှာ သူနဲ့ အတူ တွဲလျှောက်လာကြရင်း၊ လူတွေ ရုန်းရှန်းရုန်းရှန်း ဖြစ်နေကြတာ ဝင်ကြည့်မိတယ်။ အင်္ဂလိပ်တပ်က မြို့ပြအုပ် ချုပ်ရေး(ကက်စဘီ) က မေဂျာအဆင့်ရှိသူ ရာဇဝတ်ဝန်ထောက်က လူဖမ်းနေတာဖြစ်တယ်။ သူကအင်္ဂလိပ် လူမျိုးပါ။ အင်္ဂလိပ်  ဗမာပြည်မှ အိန္ဒိယဆုတ်သွားတော့ ပါသွားသူလို့သိရတယ်။ ဗမာစကားကောင်းစွာ တတ်တယ်။ သူက ကိုဘဦး ကိုမြင်တော့ သူ့လက်ထက်စာရွက်က စာရင်းမဲ(black list) ထုတ်ကြည့်ရင်း "မင်းဘဦးမဟုတ်လား၊ မင်းကိုဖမ်းရမယ်"ဆိုပြီး ဖမ်းတယ်။ ကျွန်တော်တို့ နှစ်ယောက် ကိုတော့ သူ မသိပါ။ ကိုဘဦးကို ဖမ်တော့ ကိုထွန်းလှက ဝင်ပြီး "ခင်ဗျားက ဘာဥပဒေနဲ့ ဖမ်းတာလဲ"လို့ ဝင်မေးတယ်။ ဒီတင် မေဂျာက "မင်း ဘာကောင်လဲ။ မင်းကို သပေါ ဖမ်းတယ်"ဆိုပြီး ကိုထွန်းလှကိုပါ ဖမ်းပြန်တယ်။ ကျွန်တော်ကတော့ တရုတ်

တပ် ပြန်ပြောမှဖြစ်မယ်ဆိုပြီး စက်ဘီးနဲ့ ထွက်သွားမယ်လုပ်တော့ မေဂျာက "ဒီကောင့် စက်ဘီးက လွယ်အိတ်ကို ရှာစမ်း"လို့ သူ့တပည့်ပုလိပ်တွေကို အမိန့်ချတယ်။ လွယ်အိတ် ကို စက်ဘီးမှ ယူ ကြည့်တော့ အိတ်ထဲမှာ တရုတ်တပ်က ပေးထားတဲ့ (၄၅) ပစ္စတို တလက်ကို တွေ့သွားတယ်။ "ဒီကောင့်ကို လက်နက်မှုနဲ့ ဖမ်း"ဆိုပြီး ကျွန်တော့်ကိုပါ ဖမ်းပြန်တယ်။

ကျွန်တော်တို့သုံးယောက်စလုံး မိုးမောက်ရွာထဲက ရှမ်းအိမ်တအိမ်ရဲ့ အောက် ထပ် ပတ်ပတ်လည်သစ်သားတွေရိုက် အချုပ်ခန်းလုပ်ထားတဲ့ အချုပ်ခန်းထဲ အတူတူ ထည့် ထားတယ်။ အချုပ်ခန်းထဲ ဖမ်းထည့်ထားတဲ့ ရှမ်းဗမာ၊ ရှမ်းတရုတ်၊ ကုလား လူမျိုးစုံ ခုနစ် ယောက်၊ ရှစ်ယောက်လောက် ရှိနှင့်နေတယ်။ မြေကြီးပေါ်မှာပဲ အောက်မှာ ဘာ အခင်းမှ မရှိ၊ အချုပ်ခန်းအပေါ်ထပ်မှာတော့ အစောင့်ပုလိပ်တွေ နေတယ်။ အချုပ် ခန်းထဲရောက်တဲ့နေ့ ညနေမှာပဲ ကိုထွန်းလှနဲ့ ကိုဘဦးကို အစောင့်ပုလိပ်က ရေခပ် ခေါ်သွားတယ်။ သူတို့ပြန်လာတော့ ကျွန်တော်တို့ဟာ ဖက်ဆစ်တော်လှန်ရေးသမားတွေ ဖြစ်တယ်။ ဒီလိုအလုပ်ကြမ်း ခိုင်းတာမျိုးကို မလုပ်သင့်ဘူးထင်တယ်လို့ ကျွန်တော်က စပြောတယ်။ ကိုထွန်းလှက ချက်ချင်းသဘောတူတယ်။ ကိုဘဦးကတော့ ကြောက်တယ်။ စစ်ဦးဘီလူးဖြစ်တယ်။ သူတို့ သတ်ပစ်ချင်လည်း ပစ်နိုင်တယ် လို့ပြောတယ်။

နောက်တနေ့မနက်မှာ ကျွန်တော်တို့က အရေးကြီးကိစ္စတခုရှိလို့ ဒီမှာ အုပ်ချုပ်သူနဲ့တွေ့ချင်တယ်လို့ အစောင့်ပုလိပ်ကို ပြောတယ်။ အလုပ်တက်ချိန် ရောက် တော့ မနီးအဝေး အိမ်တအိမ်အောက်မှာ ရုံးခန်းလုပ်ထားပြီး ရုံးခန်းစားပွဲမှာ ထိုင်နေတဲ့ ဗိုလ် တယောက်ဆီ ခေါ်သွားတယ်။ သူက အမေရိကန်ဗိုလ်မှူးအဆင့်ရှိသူပါ။ ၁၀၁ ထောက်လှမ်းရေးတပ်ဖွဲ့ကနဲ့ တူတယ်။ ကျွန်တော်တို့က သူ့ကို ကျွန်တော်တို့ဟာ ဂျပန် ဆန့်ကျင် သူတွေဖြစ်တယ်။ တရုတ်တွေကို မေးကြည့်ပါ။ ကျွန် တော်တို့ကို ဒီလိုမြေကြီးပေါ် အကျဉ်း ကလေးမှာ မထည့်သင့်ဘူး။ အလုပ်လဲမခိုင်းသင့်ဘူးလို့ ပြောလိုက်တယ်။ သူက ကျွန်တော်တို့ကို ကုလားထိုင်ပေါ်ထိုင်ခိုင်းပြီး အမေရိကန်ဆေးလိပ် တည်တယ်။ ပေး တယ်။ ကျွန်တော်တို့က မသောက်တတ်ကြောင်း ပြောပြီး မသောက်ကြဘူး။ သူက မေးတာတွေကို ကျွန်တော်တို့က ဖြေသင့်တာ ပြန်ဖြေတယ်။ နားလည်းမှုရသွားပြီးနောက် သူ့အထက်နဲ့ ဆွေးနွေးပေးပါ့မယ် ပြန်ပြောတယ်။

နောက်တနေ့မှာတော့ ကျွန်တော်တို့ကို အောက်ထပ်အချုပ်ခန်းထဲက ထုတ်ပြီး အိမ်အပေါ်ထပ်မှာနေတဲ့ အချုပ်ခန်းစောင့်ပုလိပ်တွေနဲ့အတူ ပြောင်းထားတယ်။ အမေရိကန် ရာရှင်တွေ သီးခြား စပေးတယ်။ တရုတ်တပ်တွေကလည်း ကျွန်တော်တို့ သတင်းကြားတော့ ချက်ချင်းပဲ လိုက်လာတယ်။ သူတို့ချင်း အတော်စကားပြောကြတယ်။

ကျွန်တော်တို့ကို လာတောင်းပုံ ရပါတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ ဗမာပြည် တွင်းကိစ္စ သူတို့နဲ့ မဆိုင်လည်းမဆိုင် ကျွန်တော်တို့လုပ်ငန်းတွေကိုလည်း နားလည် သွားလို့ထင်ပါတယ်၊ ကျွန်တော်တို့ကို လာကြည့်၊ “ကိစ္စမရှိပါဘူး”လို့ ပြောပြီး ပြန်သွား ကြတယ်။ တကယ်တော့ အိန္ဒိယမှ ဝင်လာကြတဲ့ မဟာမိတ်တွေထဲမှာ တရုတ်တပ်က အမေရိကန်ရဲ့ ကွပ်ကဲမှုအောက်မှာ ရှိတယ်။ ဂျပန်တိုက် ရာမှာ တရုတ်တပ်ဟာ မြစ်ကြီး နား၊ ဗန်းမော်၊ လားရှိုး အထိသာ လိုက်ပါရပြီး၊ သည့်နောက် တရုတ်ပြည်ထဲ ပြန်ဝင် သွားကြရတယ်။ ရပ်ရွာအုပ်ချုပ်ရေးမှာလည်း သူတို့နဲ့ မဆိုင်ပါ။ အင်္ဂလိပ်တပ်(ကက်စ်ဘီ) ကသာ ကိုင်တယ်။

မကြာမီ မိုးမောက်မှ ဗန်းမော်မြို့ထဲသို့ မြို့အုပ်ချုပ်ရေး(ကက်စ်ဘီ)က သူတို့ ရွှေ့ ပြောင်းလို့ ကျွန်တော်တို့ကိုလည်း ခေါ်သွားတယ်။ ဗန်းမော် ထောင်ဖူးဝ အဆောက် အအုံတွေမှာ ပုလိပ်ရုံးခန်း ဖွင့်ထားတယ်။ ကျွန်တော်တို့ကို ထောင်ထဲက အချုပ်ခန်းမှာ မထည့်၊ ထောင် ရုံးခန်းထဲ ရာဇဝတ်အုပ်တွေနဲ့ပဲ အတူထားတယ်။ ဂျပန်ခေတ် အာရှ လူငယ်၊ တို့ဗမာ ဆင်းရဲသား၊ ဗမာ့ဝန်ထမ်းခေါင်းဆောင်တွေ ထောင်ထဲရောက်လာကြ တယ်။ နောက်တရက်မှာ အင်္ဂလိပ် မေဂျာတယောက် ရောက်လာတယ်။ ကျွန်တော် တို့နှစ်ယောက်နဲ့ တွေ့ပြီး “ကာလ ကတ္တား ကိုသိန်းဖေက ခေါ်တယ်။ ကိုသိန်းဖေဆီ သွားရမယ်။ ဒါပေမဲ့ ဗမာပြည်အောက်ပိုင်းက ဂျပန်ဆန့်ကျင်ရေးလုပ်ငန်း တွေမထိခိုက် စေဖို့ လျှို့ဝှက်ရမယ်။ ခင်ဗျားတို့ကို ဖမ်းသလိုပဲ ခေါ်သွားမယ်။ ခင်ဗျားတို့ကလည်း ဒီ အကြောင်းတွေ ဘယ်သူမှ ပြောပြမထားခဲ့ပါနဲ့”လို့ ပြောတယ်။ ကျွန်တော်တို့ နှစ် ယောက်ကလည်း ကျွန်တော်တို့အ သိနဲ့ ကျွန်တော်တို့ ဘယ်သူ့မှ ဘာမှပြောမထားခဲ့ပါ။ ထောင်ထဲက လူတွေကတော့ ကျွန်တော်တို့ကို စိုးရိမ်တဲ့မျက်နှာနဲ့ ကျုန်ရစ်ခဲ့ကြတယ်။ သူတို့ကို “ကျွန်တော်တို့အတွက် မစိုးရိမ်ကြပါနဲ့။ ခင်ဗျားတို့လည်း မကြာခင် ပြန်လွတ် မှာပါ”ဆိုတဲ့ အားပေးစကားလောက်ကိုတော့ ပြောပြခဲ့ပါတယ်။ အဲဒီက ထွက် လာတော့ ကျွန်တော်တို့ကို လက်ထိတ်ခတ်ခြင်းများ မလုပ်တော့ပါ။

## ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် အိန္ဒိယသို့ ရောက်ခြင်း

၁၉၄၅ ခုနှစ် ဇန်နဝါရီလကုန်ခါနီးလောက်မှာ ကျွန်တော်နဲ့ကိုထွန်းလှ စစ်လေ ယာဉ်နဲ့ ဗန်းမော်မှ မြစ်ကြီးနား၊ မြစ်ကြီးနားမှ **အိန္ဒိယ ကာလကတ္တားရှိ ဗမာပြည်မှ ဂျပန်ဆန့် ကျင်ရေးသမားများရဲ့ဂေဟာ ဘီဟာလာ ကိုသိန်းဖေ** ဆီရောက်ပါတယ်။ ရခိုင်ပြည် က အိန္ဒိယနဲ့ဆက်နေတယ်ဆိုတော့ ရခိုင်ရဲဘော်တော်တော်များများ တွေ့ရ

တယ်။ ကျန်တာက တော့ ဗမာပြည်မက **ဗမာပြည်ကွန် မြူနစ်ပါတီဝင်**တွေပါ။

နှစ်ထပ်တိုက်အပေါ်ထပ် အခန်းကျယ်ကြီးတခု အလယ်၊ ဘေးမှာ တယ်လီဖုန်း တလုံးနဲ့ ကုတင်ပေါ် ပက်လက်က ကိုသိန်းဖေဟာ ကျွန်တော်တို့ကို လက်ဆွဲနှုတ်ဆက် ကြိုဆို တယ်။သူက ရောဂါကြောင့် ကျောကို ပလာစတာ ကိုင်ထားရပြီး အိပ်ရာထဲမှာ ပက်လက်ပဲ နေရတယ်။

ကိုသိန်းဖေနဲ့ ကျွန်တော်တို့ အခြေအနေတွေကို မေးမြန်းပြောဆိုပြီးနောက် ရဲဘော်ထွန်းလှကို ရဲဘော်'ခင်မောင်'၊ ကျွန်တော့်ကို 'တင်မောင်'၊ "ရွှေမန်းတင်မောင် ပေါ့"လို့ ရယ်မောပြောဆိုရင်း ကျွန်တော်တို့ကို နာမည်ပြောင်းပေးလိုက်တယ်။ ကိုသိန်းဖေ ကို သူရေးတဲ့ "တက်ဖုန်းကြီး"စာအုပ်နဲ့ ကျွန်တော်သိခဲ့တယ်။ လူကိုတော့ ခုမှ တွေ့ရ တာပါ။

အင်္ဂလိပ်က ၎င်းရဲ့အခြေအနေနဲ့ ကျွန်တော်တို့ ပြည်တွင်းရဲ့ တော်လှန်ရေး၊ ပြည်သူ့ အင်အားကြောင့် မတတ်သာဘဲ ကိုသိန်းဖေကို ဗမာပြည်ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ်ရဲ့ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားရတယ်။ ဖက်ဆစ်တော်လှန်ရေး အတွက် ဗမာပြည်က ရောက်လာတဲ့ ရဲဘော်မှန်သမျှ အိန္ဒိယပြည်၊ ကာလကတ္တားမြို့၊ ဘီဟာလာ ဘုံရိပ်သာ ကိုသိန်းဖေဆီ ရောက်ကြတယ်။ ရောက်လာတဲ့ ရဲဘော် အားလုံးကို ကိုသိန်းဖေက အင်္ဂလိပ် စစ်တပ်–တပ်ဖွဲ့(၁၃၆) နဲ့ ဆွေးနွေးစီစဉ် တာဝန် ခန့်ခွဲတယ်။ ဗမာပြည်မှ ရောက်လာကြတဲ့ ရဲဘော်များဟာ တသုတ်တည်း–တဖွဲ့တည်း– တချိန်တည်း ရောက်လာကြတာ မဟုတ်ပါ။ တသုတ်–တဖွဲ့ ရောက်လာတာနဲ့ ဗမာ ပြည်တော်လှန်ရေးရဲ့ လိုအပ်မှုအရ ကိုသိန်းဖေနဲ့ တပ်ဖွဲ့(၁၃၆) ဆွေးနွေးပြီး တချို့ကို ကာလကတ္တား စစ်ကျောင်းတကျောင်းမှာ အချိန်တို စစ်ပညာသင်၊ လေထီးဆင်းသင် တန်းတက်၊ ဗမာပြည်ပြန် တာဝန်ထမ်းဆောင်ကြရတယ်။ တချို့ကိုတော့ သီဟိုဠ် (သီရိလင်္ကာ) ကိုလံဘိုစစ်ကျောင်းပို့၊ ကာလတခု စစ်ပညာသင်၊ ကာလကတ္တား ကိုသိန်း ဖေဆီပြန်၊ လေထီးဆင်းသင်တန်းတက်၊ ဗမာပြည်ပြန် လေထီးဆင်း တာဝန် ယူကြရတယ်။ ဒီလိုကြောင့် ဂျပန်တော်လှန်ရေးအတွက် ဗမာပြည်မှ သွားကြတဲ့ အဖွဲ့များ ရဲဘော်များ ဟာ ကာလကတ္တားမှာ ဖြစ်စေ၊ ကိုလံဘိုမှာ ဖြစ်စေ၊ အားလုံးတွေ့ကြုံဆုံစည်းရတာ မဟုတ်တဲ့အတွက် တချို့ကို ရင်းရင်းနှီးနှီးသိပေမယ့် တချို့ကိုတော့ သိကြတာ မဟုတ်ပါ။

ကျွန်တော် ကာလကတ္တား ဘီဟာလာ ဘုံရိပ်သာကို ရောက်တဲ့ အချိန်မှာ ကိုဘစော (ရခိုင်သို့ လေထီးဆင်းခါနီး)၊ ကိုကျော်ရင် စတဲ့ ရဲဘော်အချို့ တွေ့ရတယ်။ ရခိုင်ရဲဘော် တွေကတော့ တော်တော်များတယ်။ ရဲဘော်ဂိုရှယ်(ရဲဘော်ဘတင်) ကိုလည်း ကိုသိန်းဖေတို့ နဲ့အတူ တွေ့ရတယ်။ ရဲဘော်ဂိုရှယ်ဟာ ညညများမှာ ကျွန်တော်တို့

ဆီလာပြီး ဗမာပြည် အခြေအနေတွေကို သိချင်ဇောနဲ့ မေးမြန်းလေ့ရှိတယ်။ ကျွန်တော်တို့ကလည်း သိသလောက် ပြန်ပြောကြတယ်။ သူအမျှားဆုံးမေးတာက ကျွန်တော်တို့ အခြေအနေ၊ ဗမာပြည်သူတွေရဲ့ အခြေအနေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အကြောင်းတွေပါပဲ။ ကျွန်တော်တို့ ပြောပြ နေရင်းလည်း ကြားညှပ်ဝင်မေးတတ်လို့ ဖြေလည်းဖြေ၊ ပြောလည်း ပြောကြတယ်။

ရဲဘော် ဂိုရှယ်ကလည်း ကျွန်တော်တို့ကို အိန္ဒိယပြည်ကွန်မြူနစ်ပါတီက အိန္ဒိယပြည်ကာကွယ်ဖို့၊ ဂျပန်ကို ခုခံတိုက်ခိုက်ဖို့၊ ဗြိတိသျှအစိုးရကို ကမ်းလှမ်းခဲ့ကြောင်း၊ ဗြိတိသျှအစိုးရက လက် မခံကြောင်း၊ ဒါကြောင့် အိန္ဒိယပြည်ကွန်မြူနစ်ပါတီက ကိုယ့် ဟာကိုယ် လူထုကို စည်းရုံးလှုံ့ဆော်၊ ညညများမှာ စစ်ပညာကို လျှို့ဝှက်သင်တန်းပေး လေ့ကျင့်နေကြကြောင်း၊ သူကိုယ်တိုင်လည်း စစ်သင်တန်းတက်နေကြောင်း ပြောပြတယ်။ စစ်လေ့ကျင့်လို့ သူ့တတောင် ဆစ်တွေ ပွန်းပဲ့နေတာကို အင်္ကျီလက် လှန်ပြတယ်။ ဒူးတွေ ပွန်းပဲ့နေတာတွေကို ဘောင်းဘီ အပေါ်ဆွဲတင်ပြတယ်။ အိန္ဒိယပြည်သူလူထုရဲ့ ထက်သန်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဓာတ်တွေပါ။ ဗမာပြည်မှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှု၊ ကျယ်ပြန့် တဲ့ညီညွတ်ရေးတပ်ပေါင်းစုနဲ့ ပြည်သူ့အင်အားကြောင့် မတတ်သာလို့ အင်္ဂလိပ်တို့က လက်ခံအသိအမှတ် ပြုတာ ဖြစ်ကြောင်းလည်း ပြောတယ်။ ရဲဘော်ဂိုရှယ်ဟာ သူ့တိုင်းပြည်ရဲ့ မျိုးချစ်ပြည်ချစ် ဝါဒီတယောက်၊ ဗမာပြည်အပေါ်မှာလည်း သံယောဇဉ်ကြီးတဲ့ ဗမာပြည် သူတွေကိုချစ်တဲ့ နိုင်ငံတကာ့ဝါဒီတယောက် ဆိုတာကို တွေ့ရတယ်။ တချိန်တည်းမှာ ရဲဘော် ဂိုရှယ်က ဒီမှာ ချန်ဒရာဘို့စ်ရဲ့ လူတွေလည်း ရှိကြောင်း၊ သူလျှိုနဲ့ အဖျက်လုပ်ငန်းတွေ လုပ်တတ်ကြောင်း၊ လျှို့ဝှက်ရေးသတိထားဖို့ ကျွန်တော်တို့ကို သတိပေးတယ်။

ကလကတ္တားကိုရောက်စ ကျွန်တော်တို့နှစ်ယောက်ကို ကိုသိန်းဖေက ထွက်လည် ခိုင်းတယ်။ ရဲဘော်ဂိုရှယ်(ရဲ ဘော်ဘတင်) က ကျွန်တော်တို့နှစ်ယောက်ကို နှစ်ထပ်ထရော် လီကား အပေါ်ထပ်ရှေ့တန်းက တက်စီးပြီး မြို့ထဲလှည့်လည်ပြတယ်။ မြို့ထဲက သူ့အစ်မအိမ် ခေါ်သွားတယ်။ အိမ်ကတော့ ခပ်ကျဉ်းကျဉ်း သပ်သပ်ရပ်ရပ် ပါ။ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်းတွေ ရှိတယ်။ ရဲဘော်ဂိုရှယ်က သူ့အစ်မနဲ့ မိတ်ဆက်ပေးတယ်။ သူ့အစ်မကလည်း အိန္ဒိယ ကွန်မြူနစ်ပါတီဝင်ပဲ။ အမျိုးသမီး စည်းရုံးရေးလုပ်ငန်း လုပ်တယ်။ သူ့အစ်မယောကျ်ားကလည်း ကွန်မြူနစ်ပါတီဝင်တယောက်ပဲလို့ သိရတယ်။ သူနဲ့တော့ မတွေ့ပါ။ ရဲဘော်ဂိုရှယ်ရဲ့ အစ်မက ဗမာပြည်ကွန်မြူနစ်ပါတီက ရဲဘော်တွေကို တွေ့ရတော့ ဝမ်းသာအားရနဲ့ ကျွန်တော်တို့ကို နှုတ်ဆက်ကြိုဆိုပါတယ်။ သူ့အစ်မက ချပါတီ သူကိုယ်တိုင်လုပ်ပြီး လက်ဖက်ရည်ချိုနဲ့ ကျွန်တော်တို့ကို ဧည့်ခံတယ်။

ရဲဘော်ဂိုရှယ်က ကျွန်တော်တို့ကို သူ့အစ်မရဲ့ အသက်ကိုးနှစ်ရှယ်သားနဲ့ မိတ်ဆက်ပေးပြီး “ကဲ–ခင်ဗျားတို့ သူနဲ့ အင်္ဂလိပ်လို နိုင်ငံရေးစကားပြောကြည့်စမ်း”လို့ ပြောပါတယ်။ ကိုထွန်းလှက သူ့တူကို “မင်း ဂျိုရှီကို သိသလား၊ သူဘယ်သူလဲ”လို့မေးတယ်။ လူငယ်က “သိပါတယ်။ သူဟာ အိန္ဒိယအလုပ်သမားလူ တန်းစားရဲ့ပါတီဖြစ်တဲ့ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်ဖြစ်တယ်”လို့ သွက်လက်စွာ ပြန်ပြောတယ်။ ကိုထွန်းလှက ဆက်ပြီး “စတာလင် ကိုကော မင်းသိသလား”လို့ ဆက်မေးတယ်။ လူငယ်က “ကျွန်တော် သိပါတယ်။ သူက ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်ဖြစ်ရုံမက ကမ္ဘာ့ပစ္စည်းမဲ့ လူတန်းစား တရပ်လုံးရဲ့ ခေါင်းဆောင်လည်းဖြစ်တယ်”လို့ ပြန်ပြောတယ်။

၁၉၄၅ ခုနှစ်ဖေဖော်ဝါရီလဆန်းလောက်မှာ တော်လှန်ရေးရဲ့လိုအပ်ချက်အရ ကျွန်တော်တို့ နှစ်ယောက်စလုံး ကာလကတ္တား ‘ဂျက်ဆို’ မှာ လေထီးသင်တန်းကို ပထမသွားတက်ရတယ်။ ကျွန်တော်တို့နဲ့အတူ ကိုကျော်ရင်လည်း ပါတယ်။ ဂျက်ဆို ရောက်တဲ့အခါ လေယာဉ်ဆင်း သင်မယ့် စစ်တပ်မှ အခြား စစ်ဗိုလ် စစ်သားများလည်း ပါတယ်။ မနက်ပိုင်းမှာ ဂျက်ဆိုလေယာဉ်ပျံကွင်းထဲရပ်ထားတဲ့ ‘ဒါကိုတာ’ သယ်ယူပို့ ဆောင်ရေး လေယာဉ်ပျံ တစင်းဘေးနား လေယာဉ်ပျံပေါ်က ခုန်ဆင်းပြီး မြေပေါ်ကျတဲ့အခါ လေအဟုန်ကို ကြည့်ပြီး ညာဘက်(သို့မဟုတ်) ဘယ်ဘက်သို့ အလိုက်သင့် လှဲချလိုက်ရပုံကို ပထမ သင်ပြ လေ့ကျင့်ကြရ တယ်။ ညနေပိုင်း ရပ်ထားတဲ့ လေယာဉ်ပေါ်တက်၊ အားလုံး တန်းစီရပ်ပြီး သင်တန်းမှူးက လေယာဉ်ပျံပေါ်က ခုန်ဆင်းတဲ့အခါ တယောက်နဲ့ တယောက် ဆက်တိုက် ခုန်ချကြရမယ့် အကြောင်း၊ တကယ်လို့ ခုန်ချသူတယောက်က နှေးသွားရင် မြေပေါ်ကျတဲ့အခါ တယောက်နဲ့ တယောက် ဝေးသွားမယ့်အကြောင်း၊ ရှေ့က ခုန်ချတဲ့ လူတယောက်က တွန့်ဆုတ်သွားရင်လည်း နောက်က ခုန်ချသူနဲ့ ထပ်သွားပြီး လေထီးကြိုးနှစ်ခု လိမ်သွားတတ်လို့ လေထီးမပွင့်ဘဲ ဖြစ်သွားနိုင်ကြောင်းတွေ ပြောပြတယ်။ သူပြောပြီးနောက် တယောက်စီ မနက်က သင်ပြလေ့ကျင့် ထားတဲ့အတိုင်း လေယာဉ်ပျံတံခါးပေါက်မှ ခုန်ချ၊ မြေပေါ်အလိုက်သင့် လိမ့်လှဲတာတွေကို ဆက်လေ့ကျင့်ကြရပြန်တယ်။ နောက်တနေ့ ညနေခင်းမှာတခါ၊ ညဦးမှာတခါ၊ ပျံသန်းနေတဲ့ ဒါကိုတာ လေယာဉ်ပေါ်က မြေပေါ်လယ်ကွင်းထဲကို လက်တွေ့နှစ်ခါ ခုန်ဆင်းကြရတယ်။ ညနေခင်း ပထမဆင်းတဲ့အခါမှာ ကိုကျော်ရင် ခြေဆစ်လိမ်သွားလို့ အောက်ကစောင့်နေတဲ့ လူနာတင် ကားနဲ့ ဆေးရုံရောက်သွားတယ်။ ဒုတိယအကြိမ်မှာ မပါနိုင်တော့ပါ။ (၂) ရက်နဲ့ပဲ လေထီး ဆင်းသင်တန်း ပြီးသွားပါတယ်။ ကျွန်တော်တို့ ရဲဘော်တွေအားလုံး မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဓာတ်နဲ့ လေယာဉ်ပေါ်မှ မတွန့်မဆုတ် ရဲရဲရင့်ရင့် ခုန်ချ အောင်မြင်ခဲ့ကြတယ်။

လေထီးသင်တန်းပြီးတဲ့နောက် တော်လှန်ရေးရဲ့ လိုအပ်မှုအရ ကိုသိန်းဖေက ကိုထွန်းလှကို ဗမာပြည် လေထီးနဲ့ဆင်းဖို့ ကလကတ္တားရှိ စစ်ကျောင်းသွားတက်ရတယ်။

## ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် သီဟို(သီရိလင်္ကာ) ရောက်ခြင်း

ကျွန်တော်၊ ကိုသိန်း(ကိုဘသောင်း–လေထီး) နဲ့အတူ သီဟို(သီရိလင်္ကာ) ကိုလံဘို စစ်ကျောင်း သွားရတယ်။ (၁၉၄၅) ခုနှစ်၊ ဇန္နဝါရီ လကုန်လောက်မှာ ကျွန်တော်တို့ နှစ်ယောက်ဟာ အင်္ဂလိပ် အရာရှိနှစ်ယောက်နဲ့အတူ ကာလကတ္တားမှ လေယာဉ်ပျံနဲ့ ထွက်ခွာလာခဲ့ကြရာ ဘုံဘေမှာ တညအိပ်ပြီး နောက်တနေ့မှာ ကိုလံဘိုကို ရောက်တယ်။

ကိုလံဘိုစစ်ကျောင်းဆိုပေမယ့် ကိုလံဘိုနဲ့ မိုင်သုံးဆယ်လောက်ဝေးတဲ့ အုန်းတောကြီး ထဲမှာပါ။ တနာရီနီးပါး စစ်ကားစီးပြီးမှ စစ်ကျောင်းကို ရောက်တယ်။ သာသာယာယာတော့ ရှိတယ်။ ကျယ်ပြန့်တဲ့ အုန်းတောကြီးထဲမှာ စစ်တန်းလျားများ၊ ရုံးများ၊ ထမင်းစားရုံများ၊ စားသောက်ဆိုင်များ၊ လေ့ကျင့်ကွင်းများကို သန့်ရှင်းသပ်ယပ်စွာ အကွက်ချ တည်ဆောက် ထားတာကို တွေ့ရတယ်။

ဒီစစ်ကျောင်းဟာ မဟာမိတ်များရဲ့ အရှေ့တောင်အာရှစစ်ဌာနချုပ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိပြီး ပြင်သစ်၊ အင်္ဂလိပ်၊ တရုတ်၊ မြန်မာ(ဗမာ၊ ကရင်၊ ကချင်၊ ချင်း) ထိုင်း (ယိုးဒ ယား) လူမျိုးစုံသင်တန်းကျောင်းသားများ ရှိကြတယ်။ အင်္ဂလိပ်၊ ပြင်သစ်များက မေဂျာ အဆင့်ကအစ ကပ္ပတိန်၊ လက်ဖ်တင်နင်အဆင့်အထိ ရှိကြတယ်။ ဗမာပြည် ဖက်ဆစ်တိုက် ဖျက်ရေးအဖွဲ့က ကျွန်တော်တို့ ရဲဘော်များကို အရာရှိအဆင့်ပေးထားတယ်။ အင်္ဂလိပ်၊ ပြင်သစ်အရာရှိများနဲ့ သင်တန်းတက်ရာမှာလည်း အဖွဲ့လိုက်အတူတက်၊ စားသောက်ရာ မှာလည်း အရာရှိထမင်းစားရုံမှာ အတူစားသောက်ကြတယ်။ သူတို့က လခစားများ ဖြစ်ကြပြီး ကျွန်တော်တို့က လခစားများ မဟုတ်ပါ။ ကျွန်တော်တို့ကို အင်္ဂလိပ်က သူတို့လခစားများအဖြစ် လုပ်စေလိုပေမယ့် ကျွန်တော်တို့ ရဲဘော်အားလုံးက တော်လှန်ရေးရပ်တည်မှုရှိရှိနဲ့ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့က တော်လှန်ရေးသမားများ အဖြစ်သာ ရပ်တည်ခဲ့ကြတယ်။ ငွေများများ ထုတ်သုံးကြရင် သူ့လခစားလို ဖြစ်မှာစိုးတဲ့အတွက် ကာလကတ္တား ဘီဟာလာဘုံရိပ်သာမှာလိုပဲ တယောက်ကို တပတ်နှစ်ဆယ်ကျပ်သာ ထုတ်သုံးကြတယ်။ အဲဒီကာလက ငွေတန်ဖိုး ရှိတယ်။ တပြားနှစ်ပြားကအစ သုံးလို့ ရပါတယ်။

ဒီကျောင်းကို ကျွန်တော်တို့ ရဲဘော်တွေ တသုတ်တည်းတချိန်တည်း ရောက်ကြတာ မဟုတ်ပါ။ စစ်သင်တန်းလည်း ပြီး၊ ဗမာပြည်တော်လှန်ရေးကလည်း လိုအပ်လာမှုအရ ပြန်တဲ့အဖွဲ့ကပြန်၊ ကျန်တဲ့အဖွဲ့ကကျန်၊ အသစ်ရောက်တဲ့အဖွဲ့ကရောက်နဲ့ပါ။ ဒါပေမဲ့ တချို့ တဖွဲ့နဲ့တဖွဲ့ပင် မတွေ့လိုက်ကြရပါ။ ကျွန်တော်ကျောင်းကိုရောက်တော့ သခင်ဗိုလ်(ကိုဖြူ)၊ မန်းဝင်းမောင်(ကိုတင်) ရဲဘော်အုန်းမောင်(ကိုမြ)၊ ကိုချစ်ကောင်း (ကိုအောင်ထွန်း)၊ ကိုဘသိန်း၊ ကိုဘညွန့်၊ ရဲဘော်ကိုကိုကြီး(ကိုသန်း)၊ ကိုလှကွန့်၊ ရဲဘော်ဘသောင်း(ကိုသိန်း) တို့ကို တွေ့ရတယ်။ တချို့ရဲဘော်တွေကိုတော့ မမှတ်မိတော့ပါ။ သခင်ဗိုလ်ရဲ့နာမည်ကိုတော့ ကျွန်တော် သိရှိမှတ်မိနေပါတယ်။ လူချင်းတွေ့ဖူးလို့တော့ မဟုတ်ပါ။ ကျွန်တော်ကျောင်းသားဘဝက သူရေးတဲ့ 'ကားလ်မာ့က်စ်' စာအုပ်ကို ဖတ်ခဲ့ဖူးလို့ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး သီးခြားကိုယ့်အဖွဲ့အစည်းနဲ့ကိုယ် စည်းစည်းလုံးလုံးရှိကြတယ်။ ပါတီရဲ့ဂုဏ်သိက္ခာ၊ တော်လှန်ရေးသမားတယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြတယ်။ စည်းကမ်းလိုက်နာကြတယ်။ စစ်သင်တန်းကို တက်တက်ကြွကြွ တက်ကြတယ်။ စစ်ကျောင်းမှာ သင်ရတဲ့ဘာသာရပ်တွေနဲ့ ပတ်သက်လို့တော့ ကိုချစ်ကောင်းရဲ့ စာအုပ်မှာ ပြည့်စုံပါတယ်။ မဟာမိတ်တွေရဲ့ ပြန်လှန်ထိုးစစ်မှာ ရန်သူ့ နောက်ပိုင်းက ပြောက်ကျားစစ်နဲ့ ပေါင်းစပ်ပေးဖို့အတွက် ဒီကျောင်းက သင်ကြားပေးတဲ့ စစ်ပညာရပ်တွေက လက်နက်ငယ်မျိုးစုံကိုင်တွယ်ပစ်ခတ်နည်း **PIAT (Preventary Infantry Anti Tank)** အတိုကောက်'ပီယက်'လို့ခေါ်တဲ့ တင့်ကားပစ်လက်နက်ပစ်ခတ်နည်း၊ ယမ်းမျိုးစုံဖောက်ခွဲနည်း၊ ချုံခိုတိုက်ခိုက်နည်းတို့အပြင် မြေပုံဖတ်နည်း(**Map Reading**) တကယ်လို့ ကြိုးမဲ့ဆက်သွယ်ရေး စက်သမားကျဆုံးသွားက စက်နဲ့ အဆက်အသွယ် လုပ်နည်း၊ အချက်ပြနည်း၊ တောတွင်းချီတက်နည်း၊ ချက်ပြုတ်စားသောက်ပြီး ခြေရာ လက်ရာဖျောက်နည်း စတဲ့ ပြောက်ကျားစစ်နဲ့ ပတ်သက်တဲ့ သဘောတရားရေးအရရော လက်တွေ့အရပါ သင်ကြားလေ့ကျင့်ကြရတယ်။

ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေးမှာ သူတို့နဲ့ ကျွန်တော်တို့ အခုလို ပေါင်းစည်းကြရပေမယ့် ရည်ရွယ်ချက်ချင်းကတော့ တူကြတာ မဟုတ်ပါ။ သူတို့က ဂျပန်ကို တိုက်ပြီး အင်္ဂလိပ်ကလည်း ဗမာပြည်ကို ပြန်လည် ကိုလိုနီ လုပ်မြဲလုပ်ပြီး ဆက်လက်စိုးမိုး မင်းလုပ်ဖို့ပါ။ ပြင်သစ်ကလည်း အလားတူ အင်ဒိုချိုင်းနားကို ကိုလိုနီ ပြန်လည်လုပ်ပြီး ဆက်လက်မင်းမူဖို့ပါ။ ကျွန်တော်တို့ကတော့ ဖက်ဆစ်ဂျပန်တွေကို တိုက်ထုတ်ပြီး ကျွန်တော်တို့ တိုင်းပြည် လုံးဝ လွတ်လပ်ရေးရဖို့ ဖြစ်တယ်။ ကျွန်တော်တို့နဲ့ သူတို့ ယာယီပေါင်း

စည်းမှုသာ ဖြစ်တယ်။ ဗမာပြည် ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းမှာ လေ့လာခဲ့တဲ့ ဂျော်ဂျီဒီမီထရော့ဗ် ရေး "အလုပ်သမားလူတန်းစားနဲ့ ဖက်ဆစ်ဆန့်ကျင်ရေး"စာစောင်ရဲ့ အတွင်းသဘောဖြစ်တဲ့ ညီညွတ်ရေး တပ်ပေါင်းစု စိတ်ဓာတ်အရပါ။

ကိုဘသိန်းက ကျွန်တော်တို့ထဲမှာ ပျော်ရွှင်တတ်သူတယောက်ပါ။ ညနေ အစာ စားပြီး အိပ်ရာမဝင်မီ ကျွန်တော်တို့ သီးခြားနေတဲ့ စစ်တန်းလျား ခုတင်ပေါ်ကဆင်းပြီး အင်္ဂတေ ကြမ်းပေါ်မှာ တင်ပလ္လင်ခွေထိုင်၊ ခါးဘယ်ယိမ်းညာယိမ်း၊ လက်နှစ်ဖက်နဲ့ ပတ်ဝိုင်းတီးသလို ပတ်ပတ်လည်တီးပြီး ပါးစပ်ဆိုင်းတီး၊ စိန်ဗေဒါလုပ်တတ်ကြတယ်။ ကျန်ရဲဘော်တွေက အိပ်ရာ ကုတင်တွေပေါ်က ထိုင်နားထောင်ရင်း လက်ခုပ်သြဘာပေး၊ ရယ်ကြမောကြ ပျော်ရွှင်ကြရတယ်။

တနင်္ဂနွေနေ့တိုင်းမှာ ပင်လယ်ဆိပ်ကမ်း ရေသွားချိုးချင်ချိုး၊ ကိုလံဘိုမြို့ထဲ လည်ချင်လည်လို့ရတယ်။ တနင်္ဂနွေတနေ့မှာ ကျွန်တော်၊ ကိုဘညွန့်၊ ကိုဘသိန်း၊ ကိုဘသောင်းတို့ လေးယောက် အရာရှိစစ်ကျောင်း စားသောက်ဆိုင်မှ အိန္ဒိယ၊ သီဟိုဠ်မှာ ရှားတဲ့ အကောင်းစား ဆေးလိပ်ကာတွန်းများ၊ ဖျော်ရည်များ၊ အသားဘူးများ၊ စည်သွပ်ဘူးများ၊ ချိုချဉ်များ ဝယ်ပြီး ကိုလံဘိုကိုသွားတယ်။ စစ်အတွင်းမြို့ထဲမှာ ပစ္စည်း အလွန်ရှားပါးတယ်။ စစ်တပ်အတွင်းမို့ ဒီလို ပစ္စည်းများ ရတာပါ။ ကျွန်တော်တို့ စားဖို့ သောက်ဖို့တော့ မဟုတ်။ ကျွန်တော်တို့ ရည်ရွယ် ချက်နဲ့ ကျွန်တော်တို့ပါ။

ကိုလံဘို မြို့ထဲရောက်တော့ ကားပေါ်မှဆင်း၊ ဝယ်လာတဲ့ ပစ္စည်းထည့် ထားတဲ့ ဘေးလွယ်အိတ် နှစ်လုံးကို လွယ်ပြီး မြို့ထဲလျှောက်ကြတယ်။ သီဟို ကွန်မြူနစ်ပါတီကို ကျွန်တော်တို့ လိုက်ရှာကြတာပါ။ လူတော်တော်များများကို မေးရင်း ကိုလံဘိုမြို့လည်က လမ်းကြီးတော်တော်များများကို လျှောက်လာကြတယ်။ လူတော်တော်များများက သီဟိုကွန်မြူနစ်ပါတီရဲ့ နေရာကို မသိကြပါ။ နောက်ဆုံး လူတယောက်ထံက သတင်း အစအန ရရှိတာနဲ့ တက္ကစီတစီး စီးပြီး ကိုလံဘို ဆင်ခြေဖုံး ရပ်ကွက်တခုကို ရောက်သွားကြတယ်။ ဒရိုင်ဘာကို တက္ကစီခပေးပြီး ကားပေါ်မှဆင်း၊ မေးရင်းမြန်းရင်း လိုက်ရှာမှ ရပ်ကွက်အစွန်းနားက ကွန်မြူနစ်ပါတီ ဆိုင်းဘုတ်နဲ့ တထပ်တိုက်ပုလေးတလုံးကို သွားတွေ့တယ်။

ကျွန်တော်တို့လည်း ဝမ်းပန်းတသာနဲ့ တိုက်ပုကလေးထဲကို တန်းဝင်သွားကြတယ်။ တိုက်ရဲ့ ဧည့်ခန်းထဲမှာ လူသုံးယောက်နဲ့ တွေ့ပြီး ကျွန်တော်တို့ကို အံ့အားသင့် ကြည့်နေကြတယ်။ ကျွန်တော်တို့အားလုံးက စစ်ဝတ်စစ်စားနဲ့ချည်း ဖြစ်နေလို့ပါ။ ရဲဘော်ဘညွန့်က စပြီး "ကျွန်တော်တို့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်များ ဖြစ်ကြောင်း၊ ခင်ဗျားတို့ ခေါင်းဆောင် တယောက်ယောက်နဲ့ တွေ့လိုကြောင်း"စတင် မိတ်ဆက်

ပြောဆိုတယ်။ အဲဒီတော့မှ သူတို့က ကျွန်တော်တို့ကို ညှော့ခန်း စားပွဲပတ်လည်က ကုလားထိုင်များပေါ် အထိုင်ခိုင်းပါတယ်။ သူတို့ အတော်အတန် စိတ်သက်သာသွားဟန်ရှိပေမယ့် သံသယမကင်းကြသေးကြောင်း သူတို့မျက်လုံးတွေက ဖော်ပြနေတယ်။ သူတို့ခေါင်းဆောင်များ ခရီးထွက်သွားကြကြောင်း၊ သူတို့ဟာ ရုံးစောင့် ကျန်နေသူများဖြစ်ကြောင်း ပြန်ပြောတယ်။ ရဲဘော်ဘညွန့်နဲ့ ရဲဘော်ဘသိန်းက ကိစ္စမရှိကြောင်း ပြန်ပြောပြပြီး ကျွန်တော်တို့ပါလာတဲ့ ပစ္စည်းများကို အိတ်ထဲက ထုတ်၊ စားပွဲပေါ်တင် လက်ဆောင်အဖြစ် ပေးကြတယ်။ သူတို့ကလည်း ကျေးဇူးတင်ကြောင်း ပြန်ပြောတယ်။ ကိုဘညွန့်နဲ့ ရဲဘော်ဘသိန်းတို့က ဗမာပြည်နဲ့ ဖက်ဆစ်ဂျပန်တွေရဲ့အကြောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့က ဂျပန်ဖက်ဆစ်တွေကို တော်လှန်ဖို့ ဘယ်လိုကြိုးပမ်းနေပုံအကြောင်းတွေကို ပြောပြဝါဒဖြန့်ကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့နဲ့ သူတို့ အပြန်အလှန် နားလည်မှုနဲ့ ယုံကြည်မှု တဖြည်းဖြည်း ရရှိလာခဲ့တယ်။

ဂျပန်တော်လှန်ရေးရဲ့လိုအပ်မှုအရ စစ်သင်တန်းပြီးတဲ့နောက် ကျွန်တော်တို့ တတွေ၊ ကိုလံဘိုမှ ကာလကတ္တားသို့ နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲ စုပြီး၊ တစုပြီး တစု၊ တသုတ် ပြီးတသုတ် ပြန်ကြတယ်။ သခင်ဗိုလ်၊ ကိုဘသိန်းတို့ထွက်သွားပြီးနောက် သခင်ဗိုလ်၊ ရဲဘော်ဘသိန်း၊ ရဲဘော်စောဦးနဲ့ အတူပါတဲ့ အင်္ဂလိပ်များပါ တဖွဲ့လုံး ကာလကတ္တား ဂျက်ဆို လေယာဉ်ပျံကွင်းအတက် စက်ပျက်ကျ မီးလောင်ပြီး အားလုံး ကျဆုံးသွားကြတဲ့ သတင်းကို ကြားကြရတယ်။ ကျန်ရှိနေတဲ့ ကျွန်တော်တို့ ရဲဘော် အားလုံး ဝမ်းနည်းကြေကွဲ စိတ်ထိခိုက်မှု ဖြစ်ကြရတယ်။ ဒါပေမဲ့ ရဲဘော်တယောက်မျှ ကြောက်ရွံ့ခြင်း၊ တွန့်ဆုတ်ခြင်းတော့ မဖြစ်ကြပါ။ မကြာမီ ၁၉၄၅ ခုနှစ်မတ်လ ကုန်ခါနီး လောက်မှာ ကျွန်တော်နဲ့ကိုသိန်း (ရဲဘော်ဘသောင်း) တာဝန်ထမ်းဆောင်ဖို့ ကာလကတ္တားပြန်ကြတယ်။ ကျွန်တော်တို့ တာဝန်က သခင်ဗိုလ်တို့အဖွဲ့ရဲ့ တာဝန်ကို ထမ်းဆောင်ဖို့ပါ။ ဝမ်းနည်းမှုကနေ ဝမ်းသာမှု ဖြစ်လာရပြန်တယ်။

ကာလကတ္တားပြန်ရောက်တော့ ကျွန်တော်တို့ကို အင်္ဂလိပ်နယ်ချဲ့သမားက ညစ်ပတ်တဲ့ အနှောင့်အယှက်တခုနဲ့ သွားတွေ့ကြရတယ်။ ဘီဟာလာ ကိုသိန်းဖေဆီ ပြန်မပို့ဘဲ လေယာဉ်သင်တန်းတက်ဖို့ ဂျက်ဆိုလေယာဉ်ပျံကွင်းကို တန်းသွားထားတယ်။ လေယာဉ်ဆင်းသင်တန်းက တမနက်ခင်းနဲ့ တညနေခင်းဆိုရင် လေယာဉ်ကွင်းမှာ ရပ်ထားတဲ့ ဒါကိုတာ လေယာဉ်တံခါးပေါက်မှာ ခုန်ဆင်း၊ အောက်ကျရင် အလိုက်သင့် လှိမ့်လှဲလုပ်ရတာနဲ့ ပြီးသွားတယ်။ နောက်တနေ့ လေယာဉ်ပျံပေါ်က လက်တွေ့နှစ်ခါဆင်း၊ ပြီးသွားတာပါပဲ။ လေယာဉ်ဆင်းသင်တန်းတက်ပြီးလည်း အရေးကြီးနေလို့ အချိန် မရှိဘူး ဆိုပြီး၊ ကိုသိန်းဖေဆီ ပြန်မပို့ဘဲ မြို့နဲ့အလှမ်းအတော်ဝေးတဲ့ စခန်းတခုမှာ သွားထား

တယ်။ ကျွန်တော်တို့က ကိုသိန်းဖေရဲ့ ညွှန်ကြားချက်မရရင် မဖြစ်၊ သူနဲ့မတွေ့ဘဲ မဆင်းနိုင်ဘူးညည်းကြပြောကြတယ်။ သူတို့ကလည်း သိပ်အရေးကြီးနေတယ်။ အချိန်မရလို့ပါလို့ပဲ တင်းခံနေတယ်။

ညနေရောက်တော့ ကျွန်တော် တို့နှစ်ယောက် လမ်းလျှောက်ထွက်ဟန်နဲ့ စခန်းမှ ထွက်လာတယ်။ ကိုသိန်းဖေ ဆီသွားဖို့ပဲ။ ကားလမ်းက လယ်ကွင်းထဲဖြတ်ဖောက်ထားတဲ့ လမ်းနံဘေး ဟိုဘက်ဒီဘက်မှာလည်း ဘာအကာအကွယ်မှမရှိ၊ ယာဉ်လည်းတစီးမှ မတွေ့ရ၊ ၁၅ မိနစ်လောက်ကြာတော့ နောက်က ကားတစီး လိုက်လာပြီး ကျွန်တော်တို့နား ထိုးရပ်လာတယ်။ ကင်းကသတင်းပို့လို့ စခန်းမှူးကိုယ်တိုင် လိုက်လာတာဖြစ်တယ်။ သူက ကျွန်တော် တို့ကို အမျိုးမျိုးပြောပြ ချော့မော့ခေါ်တယ်။ ကျွန်တော်တို့လည်း အကြံမအောင်လို့ ပြန်လိုက်သွားတယ်။ နောက်တနေ့ ကာလကတ္တားမြို့ထဲက စစ်ထောက်ပံ့ရေးရုံးကြီးမှာ လေယာဉ်ဆင်းရာမှာ လိုအပ်တဲ့ပစ္စည်းများသွား ထုတ်ကြရတယ်။ ကာဘိုင်၊ ပစ္စတို၊ မြေပုံအိတ်နဲ့ မြေပုံများ၊ ကွန်ပတ်စ်၊ ယူနီဖောင်း၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း စတဲ့ ပစ္စည်းအစုံကို ထုတ်ပြီး ကျောပိုး အိတ်ထဲထည့်၊ နာမည်နဲ့ အမှတ်အသား လုပ်ထားရတယ်။ အအေးခန်း ပတ်လည် လေထီးထည့် စာအုပ်စင်ကြီးပေါ်ထားတဲ့ လေထီးထုပ်များထဲက ကိုယ်ကြိုက်တဲ့အထုတ်ကို ရွေးပြီး လေထီးထုပ်ကို ကိုယ်နဲ့အံကိုက် တခါတည်း လုပ်ထားလိုက်ရတယ်။ ဒီလိုရွေးပြီး ပစ္စည်းများကို နာမည်လိုက် သူတို့က တာဝန်ယူမှတ်သား၊ ထိန်းသိမ်း ထားလိုက်ကြတယ်။

ဒီရုံးက စစ်ဗိုလ် စစ်သားတွေ အတော်အသွားအလာများတဲ့ ရုံးကြီးပါ။ ပစ္စည်းထုတ်တဲ့ အလုပ်တွေ ပြီးစီးသွားတော့ ကျွန်တော်တို့နှစ်ယောက် အခင်းသွားဟန်ဆောင်ပြီး ရုံးအောက်ဆင်း၊ ရုံးဝင်းကြီးထဲက ထွက်လိုက်တော့ တက္ကစီ အများအပြားကို တွေ့ရတယ်။ တက္ကစီ တစီးပေါ် ခပ်တည်တည် တက်လိုက်ကြပြီး ကာလကတ္တား ဘီဟာလာရပ်ကွက်ကို အမောင်းခိုင်း လိုက်ကြတယ်။ ဘီဟာလာရောက်တော့ ကျွန်တော်တို့နေသွားတဲ့နေရာကို ကျွန်တော်တို့ သိပြီး၊ ကိုသိန်းဖေဆီ ရောက်ရောက်ချင်း ကျွန်တော်တို့က ကိုသိန်းဖေကို အကျိုးအကြောင်းတွေ ပြောပြတယ်။ ကိုသိန်းဖေဟာ ကုတင်ပေါ်ပက်လက်က သူ့ဘေးနားရှိ တယ်လီဖုန်းကို ချက်ချင်းကောက်ကိုင်၊ ၁၃၆ တပ်ဖွဲ့ကို ဆဲဆူတော့တာပါပဲ။ မကြာမီမှာပဲ ၁၃၆ တပ်ဖွဲ့က တာဝန်ခံတယောက် ကားနဲ့ရောက်လာပြီး ကိုသိန်းဖေကို တဖက်ကရှင်းပြ၊ တဖက်က အမျိုးမျိုး တောင်းပန်လုပ်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားဟာ ကျွန်တော်တို့ကို သူ့ကြေးစားများသဖွယ် လုပ်ချင်တယ်။ ကျွန်တော်တို့အဖွဲ့အစည်းရဲ့ စည်းရုံးရေးကိုပျက်အောင် လုပ်ချင်တယ်။ နိုင်ငံခြားနဲ့ပြည်တွင်းကို အဆက်ပြတ် အောင်လုပ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ဒီလို လုပ်လို့မရနိုင်ပါ။ ကျွန်တော်တို့

အဖွဲ့အစည်းကို အသိအမှတ်မပြုဘဲလည်း လုပ်လို့မရနိုင်ပါ။ အဲဒီနေ့မှာပဲ ကိုသိန်းဖေက သခင်စိုးဆီပေးတဲ့ စာနဲ့ စာစောင်စာတမ်းများကို ကျွန်တော်တို့ကို ပေးတယ်။ သခင်မြသွင်ကလည်း သူ့အိမ်ကို စာတိုလေးတစောင် ပါးတယ်။ နောက်တနေ့ တပ်ဖွဲ့(၁၃၆) က ကျွန်တော်တို့ကို ကားနဲ့ ကောင်းကောင်းမွန်မွန် လာကြိုတယ်။

## ဖက်ဆစ်တော်လှန်ရေးအတွက် မြစ်ဝကျွန်းပေါ် လေထီးဆင်းခြင်း

(၁၉၄၅) ခုနှစ်၊ ဧပြီလ(၂) ရက်နေ့။ ညသန်းကောင်ကျော်။ အိန္ဒိယပြည် ကာလကတ္တားမြို့ ဂျက်ဆိုလေယာဉ်ပျံ ကွင်းကြီးဟာ မီးထိန်ထိန်လင်းလင်း မဟုတ်ပါ။ လေယာဉ်ပျံ ကွင်းတနေရာ လေယာဉ်ပျံကွင်း ပြေးလမ်းအစမှာ စက်နှိုးထားပြီး ရပ်ထားတဲ့ စက်လေးလုံးတပ် လေယာဉ်ကြီး တစင်းရဲ့ ဘေးမှာ ခါးတွင် ပစ္စတို၊ ပခုံးမှာ မြေပုံလွယ်အိတ်၊ စစ်ဝတ်စုံအပြည့်နဲ့ လေထီးအိတ် ကိုယ်စီပိုးထားကြတဲ့ ကျွန်တော်တို့ အဖွဲ့ဟာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်ပြီး လေယာဉ်ပျံရဲ့စက်သံကို အာရုံစိုက် နားထောင်နေကြတယ်။ ကျွန်တော်ကတော့ စက်သံ ကောင်းကောင်း နားလည်လို့ မဟုတ်ပါ။ ကျွန်တော်တို့အဖွဲ့မှာပါတဲ့ အင်္ဂလိပ် မေဂျာနဲ့ ကပ္ပတိန်တယောက်ကတော့ အတွေ့အကြုံ ရှိကြသူတွေဖြစ်လို့ စူးစူးစိုက်စိုက် နားထောင် နေကြတယ်။ လေထီးနဲ့ဆင်းမယ့် ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်၊ ကိုသိန်း (ကိုဘသောင်း)နဲ့ အင်္ဂလိပ်စစ်တပ်ကမေဂျာကိုင်တို၊ ကပ္ပတိန် ဟယ်ရီဆင်၊ ဆာဂျင်ဆစ်ဒွန်း ငါးယောက် အဖွဲ့တဖွဲ့ဖြစ်တယ်။ ကျွန်တော်တို့ နှစ်ယောက်နဲ့ ဆက်သွယ်ရေးအရာရှိများပါ။

ကျွန်တော်တို့ရဲ့ တာဝန်က သခင်စိုးအခြေခံတဲ့ ဖျာပုံခရိုင် ဒေးဒရဲ မြို့ နယ်ထဲ ဆင်းဖို့ ဖြစ်ပါတယ်။ ရှေ့အဖွဲ့က လေယာဉ်ပျက်ကျခဲ့လို့ ကျွန်တော်တို့ စီးကြမယ့် လေယာဉ်ပျံရဲ့ အသံကို ကျွန်တော်တို့ အားလုံး နားထောင်စေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စိတ်ကျေနပ်ပြီဆိုမှ လေယာဉ်ပျံပေါ် တက်ကြဖို့ပါ။

"ဒီလောက်ဆို ရပြီ။ လေယာဉ်ပျံပေါ် တက်ကြစို့" လေယာဉ်ပျံ စက်သံကြားက ထွက်ပေါ်လာတဲ့ မေဂျာကိုင်တိုရဲ့အသံကို ကြားကြရတယ်။ ကျွန်တော်တို့အားလုံး လေယာဉ်ပျံ ပေါ် တက်ကြတယ်။ ကျွန်တော်တို့အဖွဲ့ လေယာဉ်ပျံပေါ် သူ့နေရာ ကိုယ့်နေရာ ထိုင်ပြီးတာနဲ့ လေယာဉ်ပျံဟာ စက်ရှိန်ကို မြှင့်ပြီး လေယာဉ်ပျံပြေးလမ်းပေါ်မှာ အရှိန်တိုး ပြေးရင်း ကောင်းကင်သို့ ချောမောစွာ တက်ရောက်ခဲ့ကာ ဗမာပြည်ဘက်ဆီ ဦးတည်ပျံသန်းနေပါပြီ။

လေယာဉ်ဟာ စက်သံမှန်မှန် ပျံသန်းလာပြီးနောက် ကျွန်တော်တို့အဖွဲ့ထဲမှ တယောက်က လေယာဉ်ပျံ ဗမာပြည်ထဲ စဝင်ပြီ လို့ ကျွန်တော်တို့ကို အသံကျယ်ကျယ် ပြောတယ်။ ကျွန်တော်တို့လည်း ဆင်းရန် အသင့်နေရာ ယူကြတယ်။ နံနက် (၂) နာရီ (၃) နာရီခန့်မှာ ကျွန်တော်တို့လေယာဉ်ပျံဟာ ဆင်းရမယ့်နေရာ ရောက်လာပြီး မြေပြင်မှ အချက်ပြထားတဲ့ မီးများကို ပထမ တပတ် ပတ်တယ်။ ဆင်းဖို့ ဒုတိယအပတ်မှာ အောက်မှ အချက်ပြမီးများ ရုတ်တရက် ငြိမ်းသွားတယ်လို့ လေယာဉ်ပျံပေါ်မှ တ ယောက်က ပြောပြတယ်။ ဒီတပတ်မှာ ကျွန်တော်တို့ အောက်သို့ မဆင်းလိုက်ရပါ။ တတိ ယ တပတ် ထပ်ပတ်မှ အောက်မှ မီးများ ပြန်လင်းလာလို့ ကျွန်တော်တို့ဆင်းဖြစ် သွား ကြတယ်။

ဒီမှာ ရယ်စရာကောင်းတာတခုက ကျွန်တော်တို့ ဂျက်ဆိုလေယာဉ်ပျံကွင်းမှာ လေယာဉ်ပျံပေါ်က လေထီးဆင်းသင်ခဲ့စဉ်က ‘ဒါကိုတာ’လေယာဉ်ပျံရဲ့ တံခါးပေါက်က ခုန်ချ ရတာပါ။ ယခုတပတ် ဆင်းတဲ့အခါမှာတော့ ‘လစ်ဘရယ်တာ’လေယာဉ်ပျံကြီး အောက်မှာ လူတကိုယ်စာ ထိုင်ရုံသာ အလွန်ချောတဲ့ ဇလားရှည်တခုရဲ့ ဘေးကို လက်နှစ်ဖက်နဲ့ ကိုင်၊ တယောက်နဲ့တယောက် ခွထိုင် ထားကြပြီး လေယာဉ်ပျံပေါ်ပါတဲ့ လွှတ်သူ (dispatcher) က ‘ဆင်း’လို့ဆိုတာနဲ့ ရှေ့ဆုံးလူက စပြီး ခြေနှစ်ဖက်ကို ဇလားပေါ် တင် လိုက်တာနဲ့ လက်နှစ်ဖက်ကိုလည်း အပေါက်ဘောင်နဲ့ မတိုက်အောင် ကိုယ့်နဖူးပေါ် ယှက်တင်လိုက်ပြီး အောက်ကို လျှော ဆင်းကျသွားဖို့ ပြင်ကြရတာပါပဲ။ ဂျက်ဆိုမှာ လေထီးဆင်း သင်တုန်းက ‘ဒါကိုတာ’ လေယာဉ်ပျံအပေါက်က ခုန်ချသင်တာဟာ ကျွန်တော်တို့ ရဲဘော်တွေရဲ့ သတ္တိကို စမ်းခဲ့တာနဲ့ တူပါတယ်။

အောက်မှ အဆက်အသွယ်နဲ့ အစီအစဉ်ကောင်းတဲ့အတွက် ကျွန်တော်တို့ အောက်သို့ ချောမောစွာ ရောက်ကြတယ်။ အပေါ်မှ ကျလာတဲ့ ကျွန်တော်တို့အားလုံးနဲ့ ပစ္စည်းများ၊ လက်နက်ခဲယမ်းများ ထည့်ထားတဲ့ ကွန်တင်နာ(container) ကြီးများကို ရဲဘော်တော်တော်များများက လက်နှိပ်ဓာတ်မီးတလက်လက်နဲ့ လျင်မြန်သွက်လက်စွာ စုစည်းလိုက်ကြတယ်။ ညက မှောင်နေလို့က တကြောင်း၊ မူလကတည်းက သိထားတာ မဟုတ်တဲ့အတွက် တကြောင်း အောက်က ကြိုကြတဲ့ ရဲဘော်များရဲ့ နာမည်တွေကိုတော့ မမှတ်မိတော့ပါ။

၂ ကျွန်တော်တို့နဲ့ပါလာတဲ့ လေယာဉ်ပေါ်ကချပေးခဲ့တဲ့ လက်နက်ခဲယမ်းတွေကို ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီကခေါင်းဆောင်တဲ့ ပြောက်ကျားတပ်ဖွဲ့နဲ့ စောနေနိုင်ခေါင်းဆောင်တဲ့ အဖွဲ့သုံးဖွဲ့တို့ကို ညတွင်းချင်း အပြီးခွဲဝေပေးရမှာဖြစ်တယ်။ ကိုထွန်းဝေ(သခင်စိုး) ရဲ့ စီစဉ်ထားချက်အရ ကျွန်တော်နဲ့ အင်္ဂလိပ်သုံးယောက်က ညတွင်းချင်း လှေများနဲ့ ဂွကလေးရွာကို သွားကြတယ်။ ကိုသိန်းက လက်နက်ခဲယမ်းများကို ဝေပေးဖို့

ကျန်ခဲ့တယ်။ ကျွန်တော်တို့ကို ငွကလေးရွာ ကိုတင်မောင်အိမ်မှာ နေရာချပေးတယ်။ သခင်သန်းမြိုင်ကို ငွကလေးရွာမှာပဲ တွေ့ရတယ်။

နောက်တနေ့နေ့လည်လောက်မှာ လက်မှာ စတင်းတလက် ကိုင်စွဲပြီး မောကြီးပန်းကြီးနဲ့သခင်စိုး ရောက်လာတယ်။ ကျွန်တော်တွေ့ချင်နေတဲ့ 'ဆိုရှယ် လစ်ဝါဒ' စာအုပ်ကို ရေးခဲ့သူ သခင်စိုးကို နေ့ခင်း လင်းလင်းချင်းချင်းမှာ ခုမှ ကျွန်တော်တွေ့ ရတာပါ။ ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း၊ ဗလကောင်းကောင်း၊ ရှပ်အင်္ကျီလက်တို၊ ပုဆိုး တိုတိုနဲ့ ခြေမှာ ဖိနပ်မပါ၊ မျက်နှာ လက်ခြေတို့မှာလည်း ဆူးခြစ်ရာတွေနဲ့ပါ။ သခင်စိုးက သဲကုန်းရွာမှာ ညက ဂျပန်အဝိုင်းခံကြရကြောင်း၊ လုံခြုံရေးကို ဗိုလ်နေဝင်းက တာဝန်ယူထားတာဖြစ်ကြောင်း၊ သူက အရင်ထွက်ပြေးသွားတာ ဖြစ်ကြောင်း၊ သခင်စိုးကတော့ တယောက်တည်း ညမှောင်ကြီးမဲကြီးထဲမှာ ချုံတွေ တိုးထွက်လာခဲ့ရကြောင်း၊ ဗိုလ်နေဝင်းအပေါ် မကျေမနပ်နဲ့ ပြောပြတယ်။ သဲကုန်းရွာတိုက်ပွဲဟာ ကျွန်တော်တို့ လေထီးဆင်းတဲ့ညမှာ လေယာဉ်ပျံက သုံးပတ်တောင် ဝဲနေရတာမို့၊ နောက်ပြီး ဒေးဒရဲမြို့နဲ့လည်း ဝေးလှတာမဟုတ်တော့ လေထီးချတယ်ဆိုတာ ဂျပန်တွေက သိသွားနိုင်ပါတယ်။ ဒါကြောင့် ဒေးဒရဲက ဂျပန် ရှင်းလင်း ရေးအဖွဲ့ထွက်လာပြီး ဝင်ရောက်တိုက်ခိုက်တာလို့ ယူဆနိုင်စရာ ရှိပါတယ်။

ဒီတိုက်ပွဲမှာ တပ်တွင်း ယူဂျီပါတီဝင် ဗိုလ်ကျော်လွင်(ကျော်လွင်လေး၊ မြစ်ကြီးနား သား) ကျဆုံးတယ်။ ဂျပန် ခုနစ်ယောက် ရှစ်ယောက်လောက် အလောင်း ထမ်းပြန်သွားတယ်လို့ ကြားရတယ်။ ဗိုလ်နေဝင်းတို့ကတော့ ဖောက်ထွက်လွတ်မြောက် သွားတယ်လို့ သိရတယ်။ ကျွန်တော်တို့နဲ့အတူ လေထီးဆင်းခဲ့တဲ့ ရဲဘော်ဘသောင်း (ကိုသိန်း) ကို ရန်သူမိသွားတဲ့ သတင်းလည်း ရတယ်။

ဒီသတင်း ရရချင်း ကျွန်တော်တို့တဖွဲ့လုံး ကျွဲဂေါ်ကြီး(ကရင်ရွာကြီး) ကို ပြောင်းရွှေ့သွားကြတယ်။ ကျွန်တော်တို့ ပြောင်းရွှေ့သွားပြီး နောက်တရက်မှာ ဂျပန်တပ်က ငွကလေးရွာကို တက်လာတယ်။ တပ်တွင်း ယူဂျီ(ပါတီဝင်) ဗိုလ်ကျော်ဇံ ဦးစီးတဲ့ တပ်နဲ့ ပြည်သူ့စစ်တွေက ရွာမှ ခုခံတိုက်ခိုက်ကြတယ်။ တိုက်ပွဲဟာ သုံးနာရီနီးပါးမျှကြာပြီး ဂျပန်တွေ ဆုတ်သွားတယ်။ ဒီတိုက်ပွဲမှာ ဗိုလ်ကျော်ဇံ ပခုံးမှာ ဒဏ်ရာရခဲ့တယ်။

သတင်းတွေက ဟိုကဒီက အဆက်မပြတ် ရောက်လာနေတယ်။ ဒေးဒရဲမြို့ထဲက ယူဂျီက ဒေးဒရဲမြို့ပေါ်မှာရှိတဲ့ ဂျပန်များနေတဲ့ နေရာများ၊ ရဲဘော်ဘသောင်းကို ချုပ်ထားတဲ့ စာသင်ကျောင်းကို မြေပုံနဲ့တကွ ပေးပို့လိုက်တဲ့ သတင်းကို ကျွန်တော် တို့ရတယ်။ ဒီသတင်းကို တပ်ဖွဲ့(၁၃၆) ဌာနချုပ်ကို ကြေးနန်းနဲ့ ချက်ချင်းပို့လိုက်တယ်။ နောက်တနေ့မှာပဲ စစ်လေယာဉ်ပျံ လေးစင်းလာပြီး ဒေးဒရဲမြို့ထဲက ပစ်မှတ်များကို ဗုံးလည်းကြဲ၊

စက်သေနတ်များနဲ့လည်း ပစ်ခတ်တိုက်ခိုက်တယ်။

နောက်တနေ့ညနေမှာ ဂျပန်ဖမ်းမိသွားတဲ့ ရဲဘော်ဘသောင်းဟာ လေထီးဆင်းစဉ်က ယူနီဖောင်းနဲ့ပဲ ကျွန်တော်တို့ဆီ ရောက်လာတယ်။ သူဝတ်ထားတဲ့ ယူနီဖောင်းတွေကတော့ ညစ်ပေနေပြီး လူကလည်း အတော်ကျသွားတာ တွေ့ရတယ်။ ရဲဘော်ဘသောင်းကို ရုတ်တရက်တွေ့လိုက်ကြရတဲ့ ကျွန်တော်တို့အားလုံးဟာ အံ့အားသင့်သွားကြရင်း ဝမ်းပန်းတသာ သူ့ကိုလက်ဆွဲနှုတ်ဆက်သူကနှုတ်ဆက်၊ ဖက်သူကဖက်ကြတယ်။ ရဲဘော်ဘသောင်းရဲ့ ရုပ်ရည်က အရပ်ရှည်ရှည်အသားဖြူဖြူ မျက်လုံးကောင်းကောင်း၊ နှာတံပေါ်ပေါ် အင်္ဂလိပ်ကပြားတယောက်နဲ့တူသူမို့ ဂျပန်ကသူ့ကို လေထီးဆင်းလာတဲ့ အင်္ဂလိပ်စစ်ဗိုလ် တယောက်လို့ ထင်ဟန်ရှိတယ်။ ရဲဘော်ဘသောင်းက ကျွန်တော်တို့ကို ခုလိုပြောပြတယ်။

ဂျပန်တွေက သဲကုန်းရွာဝိုင်းတိုက်တော့ ရဲဘော်ဘသောင်းနဲ့ ရဲဘော်မောင်ကြည်တို့က တခြားလူတွေနဲ့ ကွဲသွားတယ်။ လမ်းကလည်း မသိ၊ ညကလည်းမှောင်လို့ ကာဘိုင်မောင်းတင်ပြီး လူသွားလမ်းကလေးမှ ရွာပြင်ထွက်လာကြရာမှာ လမ်းဘေးချုံထဲမှာ ပုန်းအောင်း နေတဲ့ဂျပန်တွေက သူတို့ကို အနီးကပ်လှံစွပ်နဲ့ထောက်ပြီး ဖမ်းလို့ အဖမ်းခံလိုက်ကြရတယ်။ ဂျပန်က သူတို့နှစ်ယောက်ကို ဒေးဒရဲမြို့ကိုခေါ်သွားပြီး တနေရာစီမှာ ချုပ်ထားတယ်။ ရဲဘော်ဘသောင်းကို ဒေးဒရဲမြို့ထဲက စာသင်ကျောင်းတကျောင်းရဲ့ အောက်ထပ်သံတိုင် တခုနဲ့တွဲပြီး သူ့လက်တဖက်ကို လက်ထိတ်ခတ်ထားတယ်။ ဂျပန်တွေက သူ့ကိုခြေနဲ့ကန်၊ ဆေးလိပ်မီးနဲ့တို့၊ အမျိုးမျိုးစစ်ဆေးကြတယ်။ ထမင်းလည်း ဝအောင်မကျွေးဘဲ ထားတယ်။ အင်အားတွေလည်း ယုတ်လျော့ပြီး လူလည်းပိန်ကျသွားတယ်။ ဒေးဒရဲမြို့ကို လေယာဉ်ပျံတွေဗုံးကြဲ၊ စက်သေနတ်နဲ့ပစ်၊ လာရောက်တိုက်ခိုက်တဲ့အချိန်မှာ ဂျပန်တွေထွက်ပြေးသွားကြပြီး ဗုံးခိုကျင်းထဲ သွားပုန်းကြတယ်။ ဗုံးတလုံးက သူ့ကိုချုပ်ထားတဲ့ ကျောင်းအပေါ်ထပ်မှာပဲကျ ပေါက်ကွဲတယ်။ ဒါပေမဲ့ ဗုံးက မြေရုပ်ဗုံးကလေး ထင်တယ်။ အောက်ကို ပေါက်ကျမလာခဲ့ဘူး။ ကိုသိန်း(ရဲဘော်ဘသောင်း)လည်း “ငါတော့မထူးဘူး၊ စက်သေနတ်မှန်သေတာပဲ ကောင်း တယ်” ဆိုပြီး မတ်တတ်ရပ်ထနေတယ်။ တဖက်ကလည်း လက်ထိတ်ခတ်ထားတဲ့ သူ့လက်ကို ကျွတ်ထွက်လာအောင် နာကျင်တဲ့အထိ ဆွဲထုတ်တယ်။ သူကလည်း ဖမ်းချုပ်ထားတဲ့ကာလ နည်းနည်းပိန်သွားလို့ထင်ပါရဲ့၊ နောက်ဆုံးတော့ ကျွတ်ထွက်သွားတယ်။ လေယာဉ်ပျံတွေကတော့ စက်သေနတ်တွေ တရစပ် ပစ်ခတ်နေဆဲပါပဲ။ လက်ထိတ် ကျွတ်သွားလျှင် သွားချင်း ကျောင်းပေါ်မှဆင်း၊ မြို့ပြင် ထွက်ပြေးတယ်။ မြို့ပြင်မှာ ပြည်သူ့စစ်တွေနဲ့တွေ့ပြီး ပြည်သူ့စစ်တွေက တဆင့်လိုက်ပို့လို့ ရောက်လာရတာဖြစ်တယ်လို့ ပြန်ပြောပြတယ်။ သူနဲ့ အတူ

ဖမ်းသွားတဲ့ တပ်ကြပ်မောင်ကြည်ဆိုသူကိုလည်း ကိုသိန်း(ရဲဘော်ဘသောင်း) နည်းတူ ထွက်ပြေးလွတ်မြောက် လာတယ်ဆိုတဲ့သတင်းကို ကြားရတယ်။

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့ဟာ ဂျပန်ဖက်ဆစ်တွေ ဗမာပြည်ထဲဝင်ရောက်လာတဲ့ အချိန်ကစ ဂျပန်ဖက်ဆစ်တွေကို တော်လှန်တိုက်ခိုက်တဲ့အထိ သခင်စိုးခေါင်းဆောင်ပြီး လှည့်လည် စည်းရုံးလှုပ်ရှား တည်ဆောက်ထားကြတဲ့ ခိုင်မာတဲ့ အခြေခံဒေသတခု ဖြစ်ပါတယ်။ ဖက်ဆစ်ဂျပန်ကိုတော်လှန်ရေးစဖြစ်တော့ တိုင်း(၂)ကို ဦးစီးကြတဲ့ စစ်ရေး တာဝန်ခံဖြစ်တဲ့ ဗိုလ်နေဝင်းနဲ့ နိုင်ငံရေးတာဝန်ခံဖြစ်တဲ့သခင်စိုးတို့ဟာ ဒီဒေသမှာပဲ အခြေခံကြတယ်။ တိုင်း(၂)နဲ့တိုင်း(၃)ကို ဆက်သွယ်ပေးရေးတာဝန်နဲ့ ဗိုလ်လက်ျာ ကိုလည်း ဒီဒေသမှာပဲ တွေ့ရတယ်။ ဗိုလ်လက်ျာဟာ ကျန်းမာရေးမကောင်းလို့ အနားယူ နေတယ်လို့လည်း သိရတယ်။ နာမည်ကြီးဗိုလ်အောင်ကြီး၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်တင်ဖေ တို့လည်း ဒီဒေသမှာပါပဲ။

ဒီဒေသထဲကရွာတွေဟာ ကရင်–ဗမာ–ဗမာရွာလိုက်ဖြစ်စေ၊ ရောပြွမ်းလို့ ဖြစ်စေ နေထိုင်ကြတဲ့ရွာတွေဖြစ်တယ်။ ကရင်–ဗမာ သွေးစည်းညီညွတ်မှုရှိတဲ့အပြင်၊ တရွာနဲ့တရွာ၊ တဦးနဲ့တဦးလည်း စည်းစည်းလုံးလုံးရှိကြတယ်။ ဖက်ဆစ်တော်လှန်ရေးမှာ အလွန် တက်ကြွ ကြတယ်။ ကျွန်တော်တို့ တပ်ဖွဲ့တွေဟာ ဒီလူထုရဲ့ တခဲနက်ထောက် ခံမှုနဲ့ ကူညီမှုကို ရကြတယ်။

ကျွန်တော်တို့ ကွဲဂေါကြီးရွာကို ပြောင်းရွှေ့သွားပြီးနောက် ကျွန်တော်တို့ လက်နက် ခဲယမ်းမီးကျောက် ထပ်တောင်းလို့ လေယာဉ်ပျံမှ လက်နက်ခဲယမ်းများကို လေထီးနဲ့ ထပ်ချပေးတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ ပါဝင်ပြီး ဂျပန်တွေကို တော် လှန်တိုက်ခိုက်ကြတဲ့ ကရင်အမျိုးသားများကို ခေါင်းဆောင်တဲ့ စောနေနိုင်ကိုလည်း ကွဲ ဂေါကြီးရွာမှာပဲ တွေ့ရတာ ဖြစ်တယ်။

## ရန်ကုန်ကို သိမ်းပိုက်မိခြင်း

ရခိုင်နဲ့ အထက်ဗမာပြည်အပါအဝင် ဗမာပြည်တဝန်းလုံးက ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီး ပေါက်ကွဲပေါ်ပေါက်လာပြီးနောက် စစ်ရဲ့ ဖြစ်ပေါ်မှုဟာ မဟာမိတ်များ ခန့်မှန်းထားတာထက် အလွန်လျင်မြန်လာတယ်။

(၁၉၄၅) ခု ဧပြီလ နောက်ပိုင်းမှာ အစီအစဉ်အရ ကွဲဂေါကြီးရွာအနီးမှာ လေထီး ဆင်းအဖွဲ့တဖွဲ့ ထပ်ဆင်းလာတယ်။ ၎င်းအဖွဲ့မှာ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ထဲမှ ရဲဘော် ညွန့်ဝေ(ဖျာပုံ) နဲ့ တပ်ဖွဲ့ (၁၃၆) က အင်္ဂလိပ်မေဂျာတယောက်၊ ကပ္ပတိန်တယောက်၊

ဆာဂျင် နှစ်ယောက် ပေါင်း(၅) ယောက် ပါလာတယ်။ ဒီအဖွဲ့ဟာ ကျွန်တော်တို့အဖွဲ့ရဲ့ တာဝန်ကို လွှဲပြောင်းယူရမှာ ဖြစ်တယ်။ ကျွန်တော်တို့အဖွဲ့က မဟာမိတ်ရေတပ် ရန်ကုန်ဆိပ်ကမ်း ကပ်နိုင်ရေးအတွက် လိုအပ်တဲ့ အကူအညီ ပေးဖို့ပါ။ ရဲဘော်ညွန့်ဝေတို့အဖွဲ့ကို တာဝန် လွှဲ ပြောင်းပေးပြီးနောက် ကျွန်တော်တို့အဖွဲ့ဟာ ရန်ကုန်အနား ချဉ်းကပ်ဖို့ ရန်ကုန်ဘက်ကို ချီတက် ကြတယ်။

တွံတေးအနီးက ရာဘာခြံကြီးထဲမှာ စခန်းချပြီး ရန်ကုန်မြို့နဲ့ ရန်ကုန်ဆိပ်ကမ်း အခြေအနေများကို ထောက်လှမ်းတယ်။ တွံတေးက ဂျပန်တွေ ဆုတ်သွားပြီဆိုတဲ့ သတင်း ရရချင်း တွံတေးကို တက်သိမ်းနေရာယူထားလိုက်တယ်။ မဟာမိတ်လေတပ်က ရန်ကုန်မြစ်ဝကို ပထမ ဗုံးကြဲမိုင်းရှင်း လုပ်တယ်။ နောက် ရေတပ်မိုင်းရှင်းသင်္ဘော များကလည်း မိုင်းတွေ ရှင်းပြန်တယ်။

(၁၉၄၅) ခု မေလ(၁) ရက်နေ့မှာ ရန်ကုန်မြို့တွင်း ယူဂျီက ပေးပို့တဲ့ "မြို့တွင်းမှာ ဂျပန်တွေ မရှိတော့ဘူး"ဆိုတဲ့ သတင်းကို ရတယ်။ တချိန်တည်းမှာ ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လက်နက်ကိုင်အင်အားစုများက ရန်ကုန်ကို ဝင်တိုက်ကြတယ်။ မရှေး မနှောင်းမှာပဲ အင်္ဂလိပ်ရေတပ်၊ ကုန်းတက်တပ်တွေကလည်း ရန်ကုန်မြို့ထဲ ဝင်ရောက်သွားကြတယ်။ ကျွန် တော်တို့အဖွဲ့တဖွဲ့လုံးဟာလည်း တာဝန်တွေ ပြီးမြောက်သွားပြီးနောက် ရန်ကုန်မြို့ကို တက် သွားကြတယ်။

ပါတီနဲ့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီးမှ ပေးအပ်တဲ့ တာဝန်များ ပြီးမြောက်သွားပြီဖြစ်တဲ့အတွက် ကျွန်တော်နဲ့ ရဲဘော်ဘသောင်းလည်း တပ်ဖွဲ့(၁၃၆) မှ ပါတီရှိရာ ဗားကရာလမ်းလမ်းကို ထွက်လာကြတယ်။ ဗားကရာလမ်းက အပေါင်ဆိုင်ဟောင်း နှစ်ထပ်တိုက်မှာ ပါတီဌာနချုပ်ဖွင့်ဖို့ သန့်ရှင်းရေးလုပ်နေကြတဲ့ ရဲဘော်တစုကို တွေ့ရတယ်။ သခင်သန်းထွန်းလည်း ဒီနေရာနဲ့ မနီးမဝေး စမ်းချောင်း–စမ်းရေတွင်းလမ်းထဲက တထပ် ပျဉ်ထောင်ပျဉ်ခင်းအိမ်ကလေးမှာ နေပြီး ဦးစီးနေတယ်။ သခင်သန်းထွန်းက ကျွန်တော် တို့နှစ်ယောက်ကို သူ့အိမ်ခေါ်သွားပြီး သူ့အိမ်မှာပဲ နေစေတယ်။ ကျွန်တော်တို့နှစ်ယောက်က ဧည့်ခန်းကလေးရဲ့ ကြမ်းပြင်ပေါ်မှာပဲ ပါလာတဲ့ ကိုယ့်အိပ်ရာကို ခင်းပြီး အိပ်ကြတယ်။ ဧည့်ခန်းအလယ်မှာတော့ သစ်သားစားပွဲကလေး တလုံးနဲ့ ကုလားထိုင် နှစ်လုံးပဲ ရှိတယ်။ ဒီ အချိန်က ကိုဗဟိန်း အတော် မကျန်းမမာ ဖြစ်နေလို့ မြေနီကုန်း မြေနုလမ်းက သူ့အိမ်မှာ အနားယူနေတယ်။ "ဓနရှင်လောက" စာအုပ်ရေးခဲ့တဲ့ ကိုဗဟိန်းကို ကျွန်တော် အလွန်တွေ့ချင်ပေမယ့် အနှောင့်အယှက် ဖြစ်မှာစိုးလို့ ကျွန်တော်သွားမတွေ့နိုင်ခဲ့ပါ။

တနေ့မှာ သခင်သန်းထွန်းအိမ်ရှေ့ ကားတစီးထိုးရပ်သံကြားရပြီး အိမ်ပေါ်

တက်လာတဲ့၊ ခါးမှာ ဓားရှည်ချိတ်လျက် စစ်ယူနီဖောင်းဝတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းကို တွေ့ရတယ်။ သခင်သန်းထွန်းလည်း ကားသံ ကြားကြားချင်း ဗိုလ်ချုပ်အောင်ဆန်းကို ထွက်ကြိုတယ်။ နှစ်ယောက်သား တယောက်နဲ့တယောက် လက်တင်းတင်းကျပ်ကျပ် ဆုပ်ပြီး နှုတ်ဆက်ကြတယ်။ ဧည့်ခန်းအလယ်က စားပွဲရောက်တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက သူ့ခါးက ဓားကိုဖြုတ်၊ စားပွဲပေါ်တင်ရင်း...

"ကျွန်တော်တော့ ရန်ကုန်ရောက်ရောက်ချင်း ခင်ဗျားဆီ တန်းလာခဲ့တာပဲ။ ကျွန်တော်တို့ဘာဆက်လုပ်ကြမလဲ" လို့ ပြောရင်း ကုလားထိုင်ပေါ် ထိုင်တယ်။ သခင်သန်းထွန်းကလည်း ကုလားထိုင်ပေါ် ထိုင်ရင်း...

"ဖြည်းဖြည်း ဆွေးနွေးကြတာပေါ့"လို့ ပြန်ပြောပြီး "ကျွန်တော်တို့လည်း ဒီမှာ ဖျာပုံက ပို့တဲ့ ငါးပိ ငန်ပြာရည်ပဲ တွယ်နေကြရတယ်"လို့ ဆက်ပြောတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ဧည့်ခံရမှာကို စကားခံထားဟန်တူပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက စားပွဲပေါ်တင်ထားတဲ့ သူ့ဓားရှည်ပေါ်ကို လက်တင်လိုက်ရင်း...

"ကျွန်တော့်ဓားကြီး ရောင်းစားကြတာပေါ့ဗျာ"လို့ ပြန်ပြောတယ်။

ကျွန်တော်နဲ့ ရဲဘော်ဘသောင်းလည်း အိပ်ရာပေါ် ထိုင်နေရာမှ ထပြီး ခေါင်းဆောင် နှစ်ယောက်တို့ လွတ်လွတ်လပ်လပ် ပြောဆိုနိုင်ကြဖို့ အလိုက်သိစွာ သူတို့ကို နှုတ်ဆက်ပြီး သခင်သန်းထွန်းအိမ်ပေါ်မှ ဆင်းလာခဲ့ကြတယ်။

အင်္ဂလိပ်ကိုလိုနီခေတ်မှာ (၃) နှစ်၊ ဖက်ဆစ်ဂျပန်ခေတ်မှာ (၃) နှစ်၊ မြေအောက်လျှို့ဝှက်ပါတီအဖြစ်နဲ့ အလုပ်လုပ်ခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ရတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ရန်ကုန် ဗားကရာလမ်းမှာ "ဗမာပြည်ကွန်မြူနစ်ပါတီ" ဆိုင်းဘုတ် ကြီးကို ပြောင် တင်လိုက်ပါပြီ။ တချိန်တည်းမှာ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဂျပန်ခေတ် အာရှလူငယ် အစည်းအရုံးဟောင်းမှာ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်" ဆိုင်းဘုတ်ကြီးကိုလည်း အတိအလင်း တင်လိုက်ကြပါပြီ။

ဖက်ဆစ်တော်လှန်ရေးကြီးမှာ ဂုဏ်ပြောင်စွာ ကျဆုံးသွားကြတဲ့ ရဲဘော်၊ ရဲဘော်မ၊ ပြည်သူ့စစ်နဲ့ ပြည်သူပြည်သားအပေါင်းကို ဦးညွှတ်အလေးပြုပါတယ်။

"ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးရဲ့ တော်လှန်ရေးစိတ်ဓာတ် ထာဝစဉ် ထွန်းပြောင်ပါစေ"။ ။

ရဲဘော်ဖေသောင်း

## အခါတော်ောင်တန်းပေါ်က

# ထောက်လှမ်းရေး ပန်းအသွင်

ရဲဘော်(မ)ရွှေ

(၁)

### လင်းလုပေါ့ ဖြာရောင်ခြည် ချမ်းမြေ့ကာသာယာစည်

နေ့တနေ့ရဲ့ညနေခင်းမှာ အေးမြတဲ့လေပြေလေညှင်းလေးနဲ့အတူ လွင့်မျောစီးဆင်းနေတဲ့ သီချင်းသံလေးဟာ အရင်ကဆိုရင် ဒီနေရာ ဒီဒေသမှာ ကြားရဖို့ဆို ဝေလာဝေး၊ အိပ်မက်တောင် မမက်ဖူးခဲ့ပါ။ အခုတော့ လွတ်မြောက်ဒေသဖြစ်ပြီး ပါတီ (ဗမာပြည်ကွန်မြူ နစ်ပါတီ) ရောက်လာတာ သုံးနှစ်တောင်ကြာခဲ့ပြီမို့ ပြည်သူ့တပ်မတော်သားများနဲ့ ပြည် သူလူထုကြီးတရပ်လုံးကို အခြေခံပညာရေးကျောင်း၊ ဝါဒဖြန့်ချိရေးအဖွဲ့က ကျောင်းသူလေးတွေက ညီညာတက်ကြွစွာ ဖျော်ဖြေသီဆိုကြတဲ့ သီချင်းကတော့ ...

***ပြည်သူတွေဆန္ဒအညီ × လွတ်မြောက်ဖို့ မှန်းမျှော်ရည် × ပါတီနဲ့ တပ်ဦးဆီ × ဆီးကြိုဖို့စိတ်ကရည် × အမြန်လာဖို့ မျှော်တွေးသည် × လှမ်းလင့်ကာ ကြိုဆိုမည် × ×***

***ချီ × မိုးသောက်ကြယ် ထွန်းတောက်ပြီ × အတည် × အမျိုးသားတွေ လွတ်မြောက်မည် × လင်းလုပေါ့ ဖြာရောင်ခြည် × ချမ်းမြေ့ကာ သာယာစည် × ချစ်ကြည်တန်းတူရမည် × ညီညွတ်စည်းလုံး × တို့ပြည်သစ်ကိုတည် × ×***

သီချင်းဆုံးသွားတော့ ဩဘာလက်ခုပ်သံတွေ တော်တော်နဲ့ မစဲပါဘူး။ နောက်ထပ် ထပ်ပြီးတောင်းဆိုနေပြန်ပါပြီ။ တပ်မတော် သားတွေက **ပြည်သူ့တပ်မတော်စစ်ချီသီချင်း**ကို ဆိုပါဦးတဲ့။ သူကလေး ရှင်ခုန်နေရပြီ။ ရော...ဒီတခါမှခက်ပြီ။

ဒီသီချင်းကအသစ်ဆိုတော့ ဝါဒဖြန့်အဖွဲ့ဝင် အားလုံးက မရသေးပါဘူး။ ပိုင်ပိုင်နိုင်နိုင်ရတဲ့သူ တယောက်တည်း ဆိုပြလိုက် ပါတဲ့။ ဆရာက ခိုင်းနေပြန်ပါပြီ။ ဆရာပြောတာကို မလွန်ဆန်ရဲ။ ဆိုပြရမှာကလည်း ကိုယ်တယောက်တည်းရယ်။ ဆရာက အားပေးစကား ပြောနေတယ်။ "ဘာမှ ရှက်ဖို့ကြောက်ဖို့ မလိုဘူး။ ရဲရဲသာ ဆိုပြလိုက်ပါ"တဲ့။

"ဆရာရယ် … ဆရာက ပြောတော့ အလွယ်လေးပါ။ ကျွန်မက ဒါလောက် သတ္တိမရှိပါဘူး။ တခါမှလည်း ကျွန်မတယောက်တည်း မဆိုဖူးပါဘူး။ မဆိုပါရစေနဲ့"။ ဒီစကားလုံးလေးတွေကတော့ သူကလေးရဲ့ ရင်ထဲမှာ စုန်ချီဆန်ချီဖြစ်နေတာပါ။ သူက လေးရဲ့ နှုတ်ခမ်းကတော့ ပွင့်အန်ထွက်မလာပါဘူး။

"လုပ်လေ၊ ဆိုလေ၊ ဘာကြောက်နေတာလဲ၊ ဆိုလိုက်စမ်းပါ။ ရဲဘော်တွေက ဒါလောက်တောင်းဆိုနေတာ၊ ဆိုပြလိုက်ပါ။ မင်းတို့တာဝန်က ပါတီရဲ့သီချင်းတွေကို လူထုတွင်း မှာ ပျံ့နှံ့စေဖို့၊ ပြီးတော့ ဒီသီချင်းတွေဟာ တပ်မတော်သားတွေ၊ ရဲဘော်တွေရဲ့ ပင်ပန်းနွမ်းနယ်မှုတွေကို ပပျောက်စေပြီး အားအဖြစ် ပြောင်းလဲပျော်ရွှင်စေနိုင်ဖို့ မဟုတ် ပါလား။ ဆိုလိုက်ပါ"

ရဲဘော်တွေ အကြိမ်ကြိမ်တောင်းဆိုမှုနဲ့ ဆရာရဲ့ အခါခါ ပြောဆိုတိုက်တွန်း မှုတွေကြောင့် သူကလေးဟာ အားတင်းပြီး ပြည်သူ့တပ်မတော်သီချင်းပါတဲ့ စာအုပ် ကလေးကို ဖွင့်ကာ မျက်နှာကိုကာပြီး ထဆိုလိုက်ပါတယ်။

***ပြည်သူ့တပ်မတော် × ချီတက်ခဲ့ပြီ × ပြည်သူ့အကျိုး ဦးထိပ်ပန်မည် × အ သက်ကို ဘာမထီ× ကွန်မြူနစ်ပါတီ တို့များရှေ့ ဆောင်× မော်စီတုန်းအတွေးအခေါ် × အောင်လံလွှင့်ထူကာတိုက်မည် ×***

***(တောတောင် မြစ်ချောင်း × မိုးရေထဲဆီ × ချီတက်လို့ တိုက်ခဲ့ပြီ)၂ ရန်သူကို လုံ့စွပ်ထိုးကာ တပှုန်တိုး ချီခဲ့ပြီ ×***

***ရှုလော့စစ်သည် × တို့များရဲ့ စစ်သည် × ဂျင်းဖော × ကရင် × ဗမာ × ရှမ်းစုံညီ × လူမျိုးစုံချစ်ကြည် × တို့ဗမာပြည် × မကြာမီ × လွတ်မြောက်စေမည် × အလုပ်သမားတွေ အာဏာရမည် × လယ်သမားတွေ လယ်ပိုင်ရမည် × ဖိနှိပ်'ဏ်ရယ် × ခြယ်လှယ်မခံပြီ × တွန်းလှန်ခဲ့ပြီ × ဆီးကြိုပါကုန်အတည် × ပြည်သူ့စစ်သည် × ချီတက်လာနေပြီ ×***

***တောတောင် မြစ်ချောင်း မိုးရေထဲဆီ … … …တပှုန်ထိုး × ချီ × ခဲ့ × ပြီ ×***

ဟေး … ကောင်းတယ်ဟေ့တဲ့။ သြဘာသံကြီးထဲက သူကလေးဟာ တကိုယ် လုံး ရှိန်းဖိန်းသွားကာ ဝမ်းသာရမလိုလို၊ ရှက်ရ မလိုလို ဖြစ်နေတယ်။

အဲဒီဝမ်းသာရမလို၊ ရှက်ရမလို တကိုယ်လုံးရှိန်းဖိန်းသွားသူကလေးဆိုတာ ကတော့ အခါတောင်တန်းပေါ်က အခါမလေး 'မီနာ'ပေါ့။ 'ရဲဘော်မီနာ'ဆိုတဲ့ အခါ အမျိုးသမီးလေးပေါ့။

သူအဲဒီလို ဖြစ်နေတုန်းမှာပဲ နောက်ထပ်အသံတသံ ထပ်ပေါ်လာပြန်တယ်။

"သီချင်းဆိုတဲ့အသံကတော့ ကောင်းတယ်။ ဒါပေမဲ့ အဆိုရှင်ရဲ့ မျက်နှာကို မမြင်ရတော့ ကောင်းသင့်သလောက် မကောင်းဘူး။ မျက်နှာကို ကွယ်မထားပါနဲ့။ ဖွင့်လိုက်ပါ။ ပြည်သူ့တပ်မတော်သီချင်းကိုလည်း ထပ်ဆိုပြပါဦး"တဲ့။ အားလုံးကလည်း လက်ခုပ်သြဘာပေး ဒီအတိုင်း တောင်းဆိုနေကြတယ်။ ခက်ပါပြီ။ ဘယ်လိုလုပ်ရပါ့မလဲ။ ရဲဘော်တွေရဲ့ တောင်းဆိုမှုဟာ လျော့မသွားရုံမက ပိုလို့ပိုလို့တောင် များလာ၊ ကျယ်လောင်လာပါတယ်။ မတတ် သာတော့တာမို့ မီနာလေးဟာ ကိုယ့်ကိုယ်ကိုယ် အားတင်းကာ သီချင်းကိုဆိုဖို့ မတ်တတ်ရပ် လိုက်တယ်။ မီနာရဲ့ တကိုယ်လုံး နတ်ဝင်သလို ဆတ်ဆတ်တုန်နေပါတယ်။ ရှက်လည်းရှက်၊ ကြောက်လည်းကြောက် အရင်က ဒီလို တခါမှ မကြုံဘူးပါ။ လူက ကြောက်လွန်းအားကြီးတော့ ငိုချင်လာတယ်။ ရဲဘော်တွေက တောင်းဆိုနေတာ ဆိုပြဖို့ ငါ့မှာ တာဝန်ရှိ တယ်။ ငါကြိုးစားပြီး ဆိုပြမယ်။ မီနာကလေးဟာ အားတင်းပြီး သီချင်းကို စဆိုလိုက်ရပေမယ့် အသံက တုန်နေပြီး၊ ဒူးတွေက တဆတ် ဆတ်တုန်ကာ ဇောချွေးတွေ ပြန်လာတယ်။ နောက်ဆုံး သီချင်းဆုံးသွားလို့ သြဘာပေး သံတွေ ကြားလိုက်တော့မှ သီချင်းပြီးပြီ၊ ငါ့တာဝန် ပြီးသွားပြီဆိုတဲ့ အသိပြန် ဝင်လာတယ်။ ဘယ်လိုဆိုလို့ ဘယ်လိုပြီးသွားတယ်ဆိုတာကိုတော့ ကိုယ့်ဘာသာတောင် မသိလိုက် ပါဘူး"။

ဒါဟာ ရဲဘော်မီနာ ပထမဦးဆုံးအကြိမ် တယောက်တည်း သီချင်းဆိုပြရခြင်း ပါပဲ။

အတိတ်ကို ပြန်တွေးရင်း အတိတ်ရဲ့ ပန်းချီကားချပ်တွေဟာ တချပ်ပြီးတချပ် ပေါ်လာပြန်ပါတယ်။ လူ့လောကအကြောင်းကိုလည်း ဘာမှ နားမလည်၊ စာသင်လိုက်၊ ဆိုလိုက်၊ ကလိုက်နဲ့ ကျရာတော်လှန်ရေးတာဝန်များကို တက်တက်ကြွကြွ ထမ်းဆောင် နေရင်း ပြည်သူ့ တပ်မတော်သားတယောက်အဖြစ် တော်လှန်ရေးဘဝကို ဖြတ်သန်း လာလိုက်တာ ပျော်လိုက် တာလည်း အလွန်ပဲ။ အသက် ၁၄ နှစ်အရွယ်မှာ သူငယ်ချင်း တွေစုပြီး တော်လှန်ရေးတပ်ဖွဲ့ထဲဝင်ဖို့ လာလိုက်တာ ရုံးရောက်တော့ သူငယ်ချင်းတွေက အရပ်မြင့်မြင့်တွေဆိုတော့ သူတို့ကို 'တပ်ထဲကိုသွား'တဲ့။ ကျွန်မကိုတော့ အရပ်နိမ့်တယ်။ 'သေနတ်မနိုင်ဘူး ရုံးကိုသွား' တဲ့။ ဝမ်းနည်းလိုက်တာ။ ရုံးရောက်ပြန်တော့ 'ရုံးမှာ တာ ဝန်ယူမယ်ဆိုရင် စာတတ်မှ ရတယ်။ မင်းစာတတ်အောင် အရင် စာသင်ပါ'တဲ့။ ဒီလိုနဲ့

ကျောင်းကို ရောက်ရပြန်တယ်။ သူငယ်ချင်း တွေနဲ့ ကွဲသွားပြီး ကျောင်းကို ရောက်သွားတော့ ဝမ်းနည်းလွန်းလို့ ငိုရပြန်တယ်။ 'မတတ် နိုင်ဘူးလေ... တော်လှန် ရေးသမားတယောက်အနေနဲ့ ကျရာတာဝန်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါတော့မယ်' လို့ပဲ ကိုယ့်စိတ်ကို ဖြေလိုက်ရတယ်။

ဟို... ငယ်စဉ်ကလေးဘဝ၊ ပြည်သူ့တပ်မတော်သားသစ်ဘဝအဖြစ် ကျော်ဖြတ်ခဲ့ တာတွေကို ပြန်လည်တွေးမိရင်း လက်ငင်း ရင်ဆိုင်နေရတဲ့ အခြေ အနေ တွေကို တဒင်္ဂ အားဖြင့်တော့ မေ့ခဲ့ပြီး အတိတ်ရဲ့ ရေယဉ်ကြောမှာ မျောပါသွားခဲ့ပါတယ်။

(၂)

## အမှောင်ကန့်လန့်ကာ မဟူရာခြုံလွှာလုပ်လေပြီ တော်လှန်သူများ နှလုံးသားမီးအိမ် ထိန်ထိန်ညီးတော့သည်

တရုတ်ပြည်၊ ဗမာပြည်နဲ့ လောဆိုတဲ့ ဒီသုံးနိုင်ငံ နယ်စပ်မျဉ်းကြောင်းပေါ်မှာ တည်ရှိကာ တောအထပ်ထပ် တောင်အသွယ်သွယ်တို့အကြားမှာ အလွန်ဆင်းရဲမွဲတေလှစွာ၊ ဝမ်းမဝခါးမလှနဲ့ အသိဉာဏ်ပညာခေါင်းပါးလှပြီး မှောင်အတိကျနေတဲ့ အခါ အမျိုးသားတို့ နေထိုင်ရာ ဒေသကြီးတခုလုံးဟာ ထွန်းလင်းတောက်ပလှတဲ့ ကြယ်နီအောင်ရောင်အောက်မှာ လူလွန့်လူပ်ရှား နိုးထလာခဲ့ပါပြီ။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်နေ့ဟာ ကျွန်မတို့အခါ တမျိုးသားလုံး တသက်တာမှာ မေ့မရနိုင်လောက်အောင် နှလုံးသားမှာ စွဲဝင်ငြိတွယ် နေတဲ့ ထူးခြားလှတဲ့ ခုနှစ်တရပ်ပါပဲ။

မာကျောလှတဲ့ တောင်ကုန်းတောင်တန်းများပေါ်မှာ တောင်ယာခုတ် လုပ်ကိုင်စားတာ၊ ဝမ်းစာမလုံလောက်ရင် မျောက်ဉလို စားလို့ရတဲ့သစ်ဥသစ်ဖုမှန်သမျှကို ရှာဖွေစားသောက်ပြီး ဝမ်းစာကို ဖြည့်ရတဲ့ဘဝ။ ဗဟုသုတဆိုတာဝေလာဝေး၊ သေစာရှင်စာလေးတောင် မသိမတတ်တဲ့ဘဝ။ ကူမင်တန်တပ်ကြွင်းတပ်ကျန်များ၊ စစ်အစိုးရကြေးစားတပ်များ၊ ကာကွယ်ရေးတပ်များနဲ့ မရေမတွက်နိုင်အောင် များပြားလှတဲ့ စော်ဘွားဆိုးတောခိုတပ် အမျိုးမျိုးရဲ့ ဗိုလ်ကျစိုးမိုးမှုတွေရဲ့ဒဏ်ကို အလူးအလဲခံခဲ့ရတဲ့ဒေသ။ အခွန်အတုတ် အမျိုးမျိုး၊ လုယက်ရမ်းကားမှု အဖုံဖုံ၊ ဖိနှိပ်သွေးစုပ်မှု အသွယ်သွယ်၊ ခိုင်းသမျှကုန်းရုန်းလုပ်ပေးရင်းကနေ လူမဆန်စွာ နှိပ်စက်သတ်ဖြတ် အစော်ကားခံခဲ့ရတဲ့ ပိန်းပိတ်အောင်မှောင်လှတဲ့ အမှောင်ကာလ။ ဒီမှောင်မိုက်လှတဲ့ဘဝဆိုးထဲက လွတ်မြောက် လာခဲ့ရတာဆိုတော့ ချမ်းမြေ့သာယာတဲ့ဘဝကို ဖန်တီးပေးလာတဲ့ ပါတီကိုလည်း တနေ့မပြတ်သတိရ ကျေးဇူးတင်နေသလို ဘဝဆိုးက လွတ်မြောက်လာခဲ့ရတဲ့ ဒီဖြစ်ရပ်မှန်ကို တသက်တာမှာ မမေ့နိုင်တော့ပါ။

# (၃)

## ဖူးစာနတ်မင်းကိုယ်တိုင်ရေးတာ လွန်ဆန်းကြယ်

မီနာ့ဘဝမှာ အချစ်ရေးနဲ့ ပတ်သက်လို့ မစဉ်းစားနိုင်လောက်အောင် ရုံးမှာ အရေးကြီးစာစောင်စာတမ်းများကို လက်နှိပ်စက် ရိုက်ရင်း အလုပ်တွေများနေသလို တဖက်မှာ ဝါဒဖြန့်ချိရေးလုပ်ငန်းများ (ကျောင်းတုန်းက အဆက်ပေါ့) ကို ကျောင်းမှာ စာသင်ရင်း ဝါဒ ဖြန့်ချိရေးလုပ်ငန်းလည်း လုပ်ခဲ့တာဆိုတော့ အခုလည်း ဆက်လုပ် နေရပါတယ်။ မီနာဟာ အလုပ်တွေ ဘယ်လောက်ပင်ပန်းပင်ပန်း၊ ပင်ပန်းတယ်လို့ မထင်ဘဲ မိမိဘဝကို ပျော်နေပါတယ်။

"ဒီလိုနဲ့ တနေ့မှာ ချစ်ရေးကိစ္စက မမျှော်လင့်ဘဲ ဝင်လာပါတော့တယ်။ ဝင်လာပုံ ကလည်း ထူးဆန်းလိုက်တာ။ ကိုယ့်ကိုယ် ကိုယ်တောင် မယုံနိုင်လောက်အောင် ပါပဲ။ ကျွန်မကို မေတ္တာမျှဖို့ တောင်းဆိုလာသူက ကျွန်မတို့ ပြည်သူ့တပ်မတော်က နိုင်ငံရေးမှူးလည်း ဖြစ်ပြန်၊ တာဝန်အရလည်း အကြီးဆုံးခေါင်းဆောင်လည်း ဖြစ်တဲ့ ကျွန်မတို့အားလုံးက လေးစားစွာဖြင့် ဆက်ဆံနေတဲ့ နိုင်ငံရေးမှူးပါ။ မေတ္တာမျှဖို့ သဘောတူတယ်ဆိုရင် ဘဝတသက်တာမှာ အတူလက်တွဲပြီး တော်လှန်ရေးကို ဆုံးခန်းတိုင်အောင် ဆင်နွှဲသွားကြဖို့ပါပဲ။ ဒီလိုနဲ့ နောက်ဆုံးမှာ မိဘတွေရော ခေါင်းဆောင်တွေရော ရဲဘော်များပါ ဝိုင်းဝန်းသဘောတူ၊ ကူညီပံ့ပိုးမှု နဲ့ ကျွန်မဟာ နိုင်ငံရေးမှူးနဲ့ လက်ထပ်ခဲ့တယ်။ ၁၉၇၇ ခုနှစ်၊ ဇူလိုင် ၁၇ ရက်ပေါ့"တဲ့။ ရဲဘော်မီနာက ဖူးစာနတ်မင်းက ဖန်တီးပေးလိုက်တဲ့ သူ့ရဲ့ ဆန်းကြယ်လှတဲ့ နဖူးစာရွာလည်ပုံကို ပြန်ပြော ဖူးပါတယ်။

"ကျွန်မလက်ထပ်ပြီး တနှစ်ကျော်လောက်ရှိတော့ သမီးလေးတယောက် ရလာပါပြီ။ ဒီသမီးလေးရလာတော့ ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားမိခဲ့တဲ့ မိခင်တဦး အနေနဲ့ ရလာတဲ့ အခွင့်အရေးတွေဟာ အံ့မခန်းပါပဲ။

ကျွန်မတို့ ဘဝဟောင်းတုန်းက အခါအမျိုးသမီးတွေဟာ ကလေးမီးဖွားပြီးရင် ကလေးချက်ကြိုး ဖြတ်ပြီးတာနဲ့ မိခင်ဖြစ်သူဟာ မီးဖွားစဉ် သွေးတွေစွန်းနေတဲ့၊ ညစ်ပေနေတဲ့ ထမီကို ကိုယ့်ဘာသာ လျှော်ဖွပ်ရတယ်။ မီးတွင်းတလျှောက်လုံးမှာလည်း ဒီလိုပါပဲ။ ခင်ပွန်းဖြစ်သူက ဘာမှ ကူညီတာမရှိပါ။ သူနဲ့ ဘာမှမဆိုင်သလိုပါပဲ။ မီးနေသည် ဇနီးမယားကို ဘာမှ ပြန်လှည့်မကြည့်ပါဘူး။ မီးနေခန်းထဲကို မလာပါဘူး။ အခန်းထဲဝင်ရင် မြင့်မြတ်တဲ့ ယောကျ်ားသားများ ဘုန်းကံနိမ့်သွားမှာ စိုးလို့ပါ။ ဒီလိုပဲ ပစ်ထားလိုက်တာပါပဲ။ စားရတာကလည်း ဆားကိုလှော်ထားတာ တမျိုးတည်းပါပဲ။ တခြားဘာဟင်းမှ မရှိပါဘူး။ ထမင်းစားရင် ရေနဲ့ မျှောချရပါတယ်။ အခုလို သမီးမိန်းကလေးသာ မွေးတယ်

ဆိုရင်တော့ ပိုလို့တောင် မျက်နှာငယ်ပါသေးတယ်။ ကလေးအမြွှာပူး မွေးရင်လည်း အဲဒီဒေသကြီး တခုလုံး အမှောင်ကျတတ်တယ်ဆိုပြီး မွေးလာတဲ့ ကလေးအမြွှာပူလေးကို မိခင်က ဘယ်သူမှ အသိ မပေးဘဲ လက်သည်နဲ့ ပေါင်း သတ်ပစ် ရပါတယ်။ နောက်တပ် ကျွန်မတို့ရဲ့ ထုံးစံတခုက ကလေးမီးဖွားပြီး တလပြည့်တဲ့နေ့မှာ ကလေးကို ပိုးပြီး တောင်ယာ သွားကာ ကလေးကို တောင်ယာပြတယ်ဆိုတဲ့ ထုံးစံဟောင်းတခုလည်း ရှိသေး တယ်။ ကျွန်မဟာ ဒီလို အဖြစ်ဆိုးတွေကို ကြုံတွေ့ရမှာ ကြောက်ပြီး ကိုယ်ဝန်ရင့်လာ လေလေ၊ အတွေးအခေါ် အထုပ်အပိုးဖြစ်ကာ စိုးရိမ်ရမှုတွေ များလာလေလေပါပဲ။ ဒါတွေကို ရိပ်မိတဲ့ ကျွန်မရဲ့ ခင်ပွန်းက ကျွန်မကို ဘာမှမစိုးရိမ်၊ မပူပန်ဖို့ အားပေး စကား တွေ အမြဲ ပြောကြားခဲ့တယ်။ ကျွန်မရဲ့ စိုးရိမ်စိတ်တွေကို ဖြေသိမ့် ပေးခဲ့တယ်။ ကျွန်မ အားငယ်မှာ ကျွန်မစိုးရိမ်မှာ ကြောက်မှာကို မကြောက်ရအောင်၊ မစိုးရိမ်ရ အောင်၊ အားမငယ် ရအောင် အစဉ်အမြဲ ပြောဆို ဆွေးနွေးအားပေးခဲ့ပါတယ်”။

“ကျွန်မမီးဖွားတော့လည်း ခင်ပွန်းသည်ကရော ရဲဘော်များကပါ အားလုံးကပါ ဝိုင်းဝန်းဂရုစိုက်ကြပါတယ်။ ခင်ပွန်းသည်က လိုအပ်မှုအရ အရေးကြီးတာဝန်နဲ့ ခရီး ထွက်သွားလို့ အိမ်မှာမရှိပြန်ရင်လည်း ရဲဘော်များက လိုလေးသေးမရှိအောင် ကူညီ ကြပါတယ်။ အရင် မလွတ်မြောက်ခင်ဘဝတုန်းကတော့ အရပ်သား လက်သည်နဲ့ မီးဖွား ရတာပါ။ အရပ်သားဆိုတော့ အတတ်ပညာ၊ ဘာမှ မရှိတော့ ကလေးများ သေဆုံးမှု နှုန်းလည်း မြင့်ပါတယ်။ ပြီးတော့ ကျွန်မတို့ အမျိုးသမီးတွေဟာ ခင်ပွန်းသည် နဲ့တောင် ထမင်းတဝိုင်းတည်း စားခွင့်မရှိခဲ့ပါဘူး”။

“အခုတော့ ဘဝဆိုးက လွတ်မြောက်လာပြီမို့ သားဖွားဆရာမနဲ့ စနစ်တကျ မီးဖွား၊ ခင်ပွန်းသည်ရဲဘော်များက ကလေးမိခင်ကို ကူညီလုပ်ကိုင်ပေးတာတွေ မြင်ရတော့ ဆွေမျိုး သားချင်းများကလည်း ‘ဩော်… ဒီလိုလုပ်ရပါလား၊ ကူညီရတာပါကလား’ လို့ သိနားလည် လာပြီး၊ ဝိုင်းဝန်းကူညီလုပ်ကိုင်လာကြတယ်။ ကျွန်မတဦးတည်းသာမက မီးဖွားတဲ့ ကလေးမိခင် အားလုံး ဒီလိုအခွင့်အရေး အားလုံး ခံစားကြရပါတယ်။ ဒီလိုနဲ့ ကျွန်မတို့ တမျိုးသားလုံးဟာ ဘဝသစ်မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစတဲ့ ဘက်ပေါင်းစုံမှာ တိုးတက် ဖြစ်ထွန်းခဲ့ တာပါ” လို့ ရဲဘော်မီနာက သူ့ရဲ့ကလေးမိခင်ဘဝနဲ့ ဆက်စပ်ပြီး သူတို့အခါဒေသ လွတ် မြောက်ပြီးဘဝများကို ပြောပြဖူး ပါတယ်။

“အမျိုးသမီးဘဝ လွတ်မြောက်ရေးဆိုတာကိုလည်း နိုင်ငံရေးမှူးက ကျွန်မကို ဆွေးနွေးပြပါတယ်။ ကျွန်မဟာ အဲဒီလို နိုင်ငံရေး ကိစ္စတွေ ဆွေးနွေးလာရင်တော့ နားလည် သလိုလို၊ နားမလည်သလိုလို ဖြစ်ပါတယ်။ လက်လှမ်းမမီတာပါပဲ။ ခင်ပွန်း ဖြစ်သူက ကြိမ်ဖန်များစွာ ဆွေးနွေးပြီး ရှင်းပြပါတယ်။ ဒီလိုစိတ်ရှည်လက်ရှည် ပညာ ပေးဆွေး

နွေးဖန်များလာတော့ ကျွန်မဟာ မသိရာကနေ သိလာတယ်။ သိနားလည် လာတယ်။ ကျွန်မကို ရဲဘော်တယောက် လိုရော၊ ဇနီးတယောက်လိုပါ ပညာပေးမွေးမြူခဲ့ လို့ အခုတော့ ကျွန်မဟာ ‘ကွန်မြူနစ် ပါတီဝင်’တယောက် ဖြစ်လာခဲ့ပါပြီ။ တချိန်တည်း မှာလည်း နိုင်ငံရေးမှူးဟာ ဗမာပြည် အစွန်အဖျားတောင်ပေါ်သူ ကျွန်မကို တကယ့် အစ်ကိုကြီးတယောက်လိုပဲ အစစအရာရာ ပညာပေး သွန်သင်ခဲ့လို့ လူ့လောကကြီး အကြောင်းကိုလည်း တစုံတရာ နားလည် လာခဲ့ရ ရုံမက အစ်ကိုကြီးဟာ ကျွန်မအပေါ် မှာ ခင်ပွန်းသည်တယောက်အနေနဲ့ အနိုင်ယူတာ၊ နှိမ်တာ၊ အထင်သေးတာမျိုး လည်း မရှိခဲ့ပါ”လို့ သူတို့ဇနီးမောင်နှံအကြားက ဆက်ဆံရေးကို ပြောပြ တတ်ပါတယ်။

(၄)

## မိခင်မေတ္တာ စိမ့်စမ်းရေပမာ

“အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မေမေ– မေမေဟာ ဒါလောက်အောက် တန်းကျစွာ အမျိုးသမီးများကို လူရယ်လို့ သဘောမထား၊ ယောကျ်ားများနဲ့ တန်းတူ မထားဘဲ အနှိမ်ခံ၊ အဖိခံ၊ အပယ်ခံရတဲ့ မိန်းမများဘဝမှာ နေခဲ့ရတဲ့ကြားက လူသား မျိုးနွယ်ရဲ့တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့တယ်။ ဒါလောက်ဆင်းရဲ ကျပ်တည်းတဲ့ ဘဝမှာ သားသမီး ခြောက်ယောက်ကို ရှင်သန်လူလားမြောက်အောင် မွေးမြူ ပေးခဲ့တဲ့ မိခင်ရဲ့ ကြီးမားလှတဲ့ မေတ္တာတရားနဲ့ ကျေးဇူးတရားကို သမီးရိုသေညွှတ်ကျိုးလက်စုံမိုး၍ ရှိခိုးဦးခိုက်ကန် တော့လိုက်ပါတယ် မေမေ”။

“မေမေတို့ဟာ ဘဝဟောင်းမှာ ဒုက္ခခံကာ ကြိုးစားလုပ်ခဲ့ကြပေမယ့် ဘာမှ အရာမရောက်ခဲ့ပါဘူး။ တောင်ယာက ထွက်တဲ့ စပါးဝမ်းစာမလောက်တာကြောင့် မျောက်ဉနဲ့ စားလို့ရသမျှ တခြားအစာအမျိုးမျိုးကို ဖြည့်ကာစားပေမယ့် မပြည့်ဝနိုင် တာကြောင့် ကမ္ဘာမီးလောင် သားကောင်ချွန်းဆိုသလို မလွှဲသာမရှောင်သာ ကလေး များအပေါ်မှာ သည်းခံတတ်၊ ချစ်တတ်တဲ့၊ စိတ်ရှည်တတ်တဲ့ သမီးငယ်ကို စပါးဝမ်းစာ တစုံတရာ ပြည့်ဝတဲ့ အိမ်တအိမ်မှာ ကလေးထိန်းအလုပ်ကို လုပ်စေခဲ့ပါတယ်။ အဲဒီ တုန်းက သမီးက ငယ်ငယ်။ ရှစ်နှစ်ပဲ ရှိသေးတာမို့ လောကကြီးအလယ် ဘာကိုမှ နားမ လည်တာကြောင့် ကလေးရှင်၊ အိမ်ရှင်မရဲ့ ပြုံစူ၊ ကန်ကျောက် ရိုက်နှက်မှုအောက်မှာ ငိုယိုပာစ်ကျွေးရင်း ကလေးကို ထိန်းပေးခဲ့ရပါတယ်မေမေ။ တနှစ်မှာ စပါးငါးတောင်း ကောင်းကောင်းရအောင် သမီးကြိုးစားလုပ်ရင်း ကလေးရဲ့ ဘာသာဘာဝ အများတကာနဲ့ ရောနှောကစားချင်ပေမယ့် အိမ်ရှင်မရဲ့ တုတ်စကြောကို ကြောက်ရတာမို့ ကစားချင်

စိတ်ကို ရင်မှာသိမ်းရင်း ကလေးကို ထိန်းပေးခဲ့ပါတယ်မေမေ။ အဲဒီလို ကလေးထိန်းရင်း သမီးစိတ် ထဲမှာ ဩော်... မေမေက ငါ့ကို မသနားလို့ ဒီအိမ်မှာလာထား ရက်တယ်။ ရှိပါစေတော့...လေ။ ငါ့ရဲ့ဘဝကံပေး ဆိုးလှတယ် ရယ်လို့ စနစ်ကိုမမြင်၊ အမေ့ကိုပဲ အပြစ်တင် ဝမ်းနည်းခဲ့ရတာတွေ... သမီးရဲ့ စိတ်ရိုင်းဝင်ခဲ့တာတွေအားလုံးကို အခုတော့ သမီးနား လည်ပါပြီ။ သမီးတောင်းပန်ပါတယ်မေမေ။ သမီးကို ခွင့်လွှတ်ပါ။ သမီးမေမေ့ကို အကြိမ်ကြိမ် ရှိခိုးတောင်း ပန်လိုက်ပါတယ်မေမေ''တဲ့။ ရဲဘော်မီနာဟာ သူ့ရဲ့ဘဝ ဟောင်းကို ပြန်ပြောင်း ပြောပြရင်း တရှိုက်ရှိုက်ငို နေပါတော့တယ်။

## (၅)

## ပေဖူးလွှာ ရင်မှာပိုက်ပါလို့

''ကျွန်မရဲ့ခင်ပွန်း၊ နိုင်ငံရေးမှူး (ရဲဘော်ဖေသောင်း) ဟာ လုပ်ငန်းတာဝန်နဲ့ အဝေးကို ခရီးထွက်နေရင်လည်း ကျွန်မကို အမြဲမပြတ် ပညာပေးနေပါတယ်။ ကျွန်မ အပေါ် တောင်းဆိုမှုတွေလည်း များပါတယ်။ တခါတရံမှာ ကျွန်မစဉ်းစားမှု မလုံ လောက်ပါဘူး။ 'ဘာလို့များ ကျွန်မကို ဒါလောက်တောင် တောင်းဆိုမှုတွေ များနေရ တာလဲ'လို့ နားလည်မှုလွဲပြီး၊ စိတ်ဟာ တင်းကျပ် နေတတ်ပါတယ်။ သဘောမပေါက် ဖြစ်နေတတ်ပါတယ်။ အခုတော့ ကျွန်မ နားလည်ပါပြီ''။

''ကျွန်မကို လက်ထပ်ဖို့ ချစ်ခွင့်ပန်လာတုန်းကလည်း ကျွန်မဟာ မဝံ့မရဲ ဖြစ်မိပါ တယ်။ အကြောင်းက သူက သာမန် ရဲဘော်လေးမဟုတ်။ ဒီဒေသမှာ အမြင့်ဆုံး ခေါင်း ဆောင် တယောက်၊ စစ်တပ်မှာလည်း ခေါင်းဆောင် နိုင်ငံရေးမှူးပါ။ ကျွန်မက စာမတတ်၊ ပေမတတ်၊ ဘာမှနားမလည်တဲ့ တောင်ပေါ်သူတယောက်မို့ပါ။ လက်ထပ်လိုက်ပြီး။ အရာကိစ္စအားလုံးမှာ ကျွန်မက တက်ညီလက်ညီ မဆောင်ရွက်နိုင်၊ အမီမလိုက်နိုင်ရင် ဒုက္ခပါပဲလို့ တွေးပြီးကြောက် မိပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ခင်ပွန်းဟာ ကျွန်မထင်သလို မဟုတ်ဘဲ၊ ကျွန်မကို ရဲဘော်တယောက် လိုရော၊ ဇနီးတယောက်အဖြစ်ပါ ကျွန်မရဲ့ အားနည်းချက်တွေကို သိနားလည်ခွင့်လွှတ်ပြီး မသိတာ သိအောင်၊ မတတ်တာ တတ်အောင်၊ ရဲဘော်ကောင်းတယောက်၊ ဇနီးကောင်း တယောက်ဖြစ်လာအောင် ဘက်ပေါင်းစုံကို အနီးကပ် စိတ်ရှည်လက်ရှည်နဲ့ ကူညီခဲ့ပါတယ်။ ညွှန်ပြပေးခဲ့ပါတယ်။ ဒီလိုကူညီပံ့ပိုးမှုတွေကြောင့် ကျွန်မဟာ တစုံတရာ ယဉ်ကျေးမှုရေချိန် မြင့်တက်လာပြီး တော်လှန်ရေး တပ်ဖွဲ့ဝင်ကောင်းတယောက်အဖြစ် လိုက်ပါနိုင်ကာ နောက်ဆုံးမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝင် ကောင်းတယောက် ဖြစ်လာတာပါ။ သူ့ရဲ့ တင်းကျပ်

တဲ့ တောင်းဆိုမှုတွေဟာ ကျွန်မကို ရဲဘော်ကောင်းတယောက်၊ တော်လှန်ရေးသမား ကောင်း တယောက်၊ ပါတီဝင်ကောင်းတယောက်ဖြစ်စေချင်လွန်းလို့၊ သားသမီးတွေကို ကောင်းစွာ ပညာပေးနိုင်တဲ့ မိခင်ကောင်းတယောက် ဖြစ်စေချင်လွန်းလို့ အခုလို တောင်းဆိုခဲ့တာ ဆိုတာကို သူ့စာတွေကို အခုထက်ထိ အကြိမ်ကြိမ်ဖတ်ရင်းနဲ့မှ နားလည်ပြီးရင်း နားလည်လာခဲ့ရပါပြီ။ လူဆိုတာ လူသားတွေအကျိုး၊ ပြည်သူတွေ အကျိုးကို ဆောင်ရွက်နိုင်မှ လူသားတယောက်ရဲ့ တာဝန် ကျေပွန်တယ်ဆိုတာကိုလည်း အခုတော့ ကျွန်မနားလည်းခဲ့ပြီမို့ ကျွန်မအိမ်ထောင်သည်ဘဝ ရောက်တော့လည်း ကျွန်မတတ်စွမ်းသရွေ့ တော်လှန်ရေးတာဝန်များဖြစ်တဲ့ လက်နှိပ်စက်ရိုက်တာ၊ ဝှက်စာကိုင်တာတွေကို ကျွန်မ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့တယ်လို့ပဲ ဆိုရမှာပေါ့”။

“အခုတော့ ကျွန်မကို အစစအရာရာ ဆုံးမပဲ့ပြင် ပညာပေးခဲ့တဲ့ နိုင်ငံရေးမှူး၊ ကျွန်မရဲ့ခေါင်းဆောင်၊ ကျွန်မရဲ့ ချစ်ရဲဘော်၊ ကျွန်မရဲ့ ချစ်ခင်ပွန်း၊ ကျွန်မရဲ့အစ်ကိုကြီးဟာ သူချစ်တဲ့ ရဲဘော်များနဲ့ သူချစ်တဲ့ ကျွန်မတို့မိသားစုကို ထားခဲ့ပြီး ကျွန်မတို့အားလုံးနဲ့ ထာဝရ ခွဲခွာသွားတာ အခုဆို ရက်ရှည်လများ ကြာညောင်း သွားပေမယ့် ကျွန်မရဲ့ ချစ်ရဲဘော်၊ ကျွန်မရဲချစ်ခင်ပွန်း၊ အစ်ကိုကြီး ရဲဘော်ဖေသောင်းကို တနေ့မှ မမေ့ပါ။ ကျွန်မရဲ့ ချစ်ရဲဘော်၊ ကျွန်မခင်ပွန်း နိုင်ငံရေးမှူး ရဲဘော်ဖေသောင်းဟာ သူ့ရဲဘဝ တသက်တာမှာ ပြည်သူအတွက်၊ အများအကျိုးအတွက်၊ အဖိနှိပ်ခံ အမျိုးသားပေါင်းစုံ ပြည်သူတရပ် လုံးအတွက် မရပ်မနား နောက်ဆုံးထွက်သက်အထိ လုပ်ဆောင်သွားခဲ့သူမို့ သူ့အတွက် ဂုဏ်ယူမဆုံးဖြစ်မိရသလို ကျန်ရစ်ခဲ့တဲ့ကျွန်မဟာ ကျွန်မခင်ပွန်းညွှန်ပြ ခဲ့တဲ့ အတိုင်း ကျွန်မတို့ မိသားစုလေးကို သူလျှောက်လှမ်းခဲ့တဲ့လမ်းအတိုင်း လျှောက်လှမ်းနိုင် အောင် ကြိုးစားသွားမှသာ ကျွန်မဟာ ကျွန်မခင်ပွန်းအပေါ်ကို သစ္စာစောင့်သိရာ ရောက်လိမ့်မယ်လို့ ခံယူထားပါတယ်”။

“အတိတ်ကိုမှန်း၊ စိတ်ကပန်းပြီး လွမ်းအားဝေလေတိုင်း ကျွန်မရဲ့ချစ်ခင်ပွန်း၊ နိုင်ငံရေးမှူးရဲဘော်ဖေသောင်းရဲ့စာများကို တယုတယပြန်လည် ဖတ်ရှုပြီး သူဖြစ်စေချင်တဲ့၊ သူတောင်းဆိုခဲ့တာတွေကို ဖြစ်အောင် ကျွန်မကြိုးစား ဆောင်ရွက်သွားပါ့မယ်ဆိုတာ အစ်ကိုကြီးနဲ့တကွ ကျဆုံးသွားကြပြီဖြစ်တဲ့ ခေါင်းဆောင်များ၊ ရဲဘော်များအားလုံးကို ဦးညွှတ် အလေးပြုရင်း အလေးအနက် ကတိသစ္စာပြုလိုက်ပါတယ်”တဲ့။ ရဲဘော်မီနာ ဟာ သူ့အဓိဋ္ဌာန်ကို ပြောပြနေရှာပါတယ်။ ။

၁၃–၉–၂၀၀၇။

# မဲခေါင်လှိုင်းခတ်သံစည်းချက်

## ညက်ညောငြိမ့်ညောင်းစေ

### ရဲဘော်'မီနာ'(အခါဒေသ)

အိမ်ပြန်ခရီးပါ။

တောင်ပေါ်လူသွားလမ်းကလေးမှ ကျမဖြတ်သန်းနေချိန် တောထဲမှ ငှက်ကလေးများ စိုးစီစိုးစီ အော်မြည်နေကြသော်လည်း ကျမကတော့ဖြင့် ကိုယ်ပြန်လာ ပြီဟူ၍ ဟစ်ကြွေးရန်ပင် အားမရှိတော့သလို ရင်ထဲမှ နွမ်းလျနေမိပါသည်။ လမ်းခရီး ကြမ်းတမ်းမှုကြောင့် ယင်းသို့ ခံစားရခြင်းမဟုတ်ပါ။ အခါအမျိုးသမီးတဦးအနေဖြင့် ငယ်စဉ်ကတည်းက ဤသို့သော တောတောင် ခရီးလမ်းကြမ်း များနှင့် ကျမယဉ်ပါးခဲ့ပြီး သားပါ။ ယခုလည်း ရွာမှ အခါအမျိုးသမီးများနှင့် စကား တပြောပြော နားနားနေနေ လျှောက်လှမ်းခဲ့ကြသဖြင့် မောပန်းနွမ်းနယ်သည်ဟု မဆိုသာပါ။

ရင်ထဲမှာ နွမ်းလျနေမိသည်မှာ ဤတခေါက် မွေးရပ်မြေ အိမ်ပြန်ခရီးတွင် ကျမနှင့် အတူ 'သူ'ပါမလာနိုင်သဖြင့် သူ့ကို သတိရတမ်းတစိတ်ဖြင့် ရင်ဝယ်တသိမ့်သိမ့် နွမ်းလျနေမိ ခြင်းသာ ဖြစ်ပါသည်။ သားသမီးများကမူ ကျောင်းတက်ရက် ပျက်မည်စိုးသဖြင့် ခေါ်မလာ နိုင်ခြင်းပါ။ သူကတော့မူ ဘယ်သောအခါမျှ ကျမနှင့်အတူ ကျမတို့ရွာသို့ လိုက်လည်နိုင်ခြင်း ရှိတော့မည် မဟုတ်ပါ။ ကျမခံစားချက်အရဆိုလျှင် ဒီတခေါက် အပြန်ခရီးဟာ 'နွမ်းလျ အိမ်ပြန်'ပါ။

ယင်းသို့ တွေးမိလိုက်သည်နှင့် ကျမ မျက်လုံးအိမ်ဝယ် မျက်ရည်နွေးများ စိမ့်အိုင်ဝေ့သီလာပါတော့သည်။ ကျမသည် မျက်တောင်များ တဖျတ်ဖျတ် ခတ်ကာ

မျက်ရည်များကို ခါထုတ်လိုက်ပြီးနောက် အာရုံပြောင်းသွားအောင် ပတ်ဝန်းကျင်ကို လှမ်းကြည့် လိုက်မိပါသည်။

အခါအမျိုးသမီးတဦး ဖြစ်နေလို့လားမသိ၊ ကျမမှာ သည်အခါ တောင်တန်းများပေါ်သို့ ရောက်တိုင်းရောက်တိုင်း တောင်တန်းကြီးတွေက ကျမကို ဆီးကြို ပွေ့ထွေးလိုက်သလို နွေးသွားတတ်စမြဲပါ။သကြံန်ရက်နီးနေပြီမို့ တောထဲတွင် ရွှေဝါရောင်သစ်ခွပန်းများ ပင်မြင့်ကြီးများပေါ်တွင် အဆုပ်လိုက်အခိုင်လိုက် ဝါရွှေနေအောင် ပွင့်နေကြပါပြီ။ သူပြောပြဖူးသော ပိတောက်ပန်းများကမူ ကျမတို့ အခါဒေသမှာ မရှိပါ။ သကြံန်ရက်နီးလာလျှင် ဤရွှေရောင် သစ်ခွများသာ ကျမတို့ တောင်တန်းတွင် ပွင့်လန်းကြပါသည်။ လမ်းဘေးမှ ချုံနွယ်စိမ်းစိမ်း များတွင်လည်း တောပန်းတောင်ပန်းများ ရောင်စုံဖူးပွင့်နေကြပါသည်။ တောင်ပေါ်တောနက်ကြီးမှ လူသွားလမ်းကလေးမို့ ငှက်မျိုးစုံ တကျည်ကျည် တကျာကျာ အော်သံများ ဆူညံလာပါသည်။

အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်လျှင် တောင်တန်းပြာကြီးများ တတောင်နှင့် တတောင်ဆက်ပြီး လှိုင်းများပမာ နိမ့်သွားလိုက် မြင့်တက်လာပြန်လိုက် ဖြစ်နေပါသည်။ ဤတောင်များပေါ်တွင် ကျမတို့၏ အခါရွာကလေးများ တည်ရှိနေကြလေသည်။

ဤနေရာမှ တနာရီသာသာခရီးတွင်မူ ကျမတို့ချစ်သော“မဲခေါင်”သည် အားမန်တေးကို ဟစ်ကြွေးရင်း သူ့ခရီးကို သူဆက်၊ သူ့တာဝန်ကို သူထမ်းနေဆဲပါ။ တခါတရံ မဲခေါင် ရေစီးသံကို သည်ဘက်ရွာများကပင် လှမ်း၍ ကြားနေရပါသည်။ ကျမ သည် ငယ်စဉ်ကတည်းက မဲခေါင်၏ ရေစီးသံကို နားထောင်ရင်း ကြည်နူးတတ်ပါသည်။ မဲခေါင်ကို ချစ်တတ်ခဲ့ပါသည်။ ကျမကြီးပြင်း၍ ပါတီထဲ ရောက်လာသည့်အခါတွင် ကျမ ကြားချင်လာသည်မှာ ‘မဲခေါင် ရေစီးသံ’ မဟုတ်တော့ဘဲ ‘မဲခေါင်သွေးစည်းသံ’ ဖြစ်လာပါသည်။

မဲခေါင်မြစ်ဝှမ်းနှင့် ဤတောင်တန်းကြီးများပေါ်တွင် ကူမင်တန် တပ်ကြွင်းတပ်ကျန်များ၊ လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များ၊ အစိုးရတပ်များ သူဝင်ငါထွက် သွားလာလှုပ်ရှားခဲ့ရာ နေရာ ဖြစ်ပါသည်။ စစ်ပွဲ၏ ဒဏ်ရာဒဏ်ချက်များကို အခါပြည်သူများမှာ မြေစာပင်ပမာ မွမွကြေအောင် ခံခဲ့ကြရပါသည်။ စနစ်ဆိုးအမျိုးမျိုး၏ လူထုအပေါ် သွေးစုပ်ဖိထောင်းမှုမှာလည်း အလွန်ကြီးမားခဲ့သည်။

အခါတောင်တန်းပေါ်မှ လူမျိုးစုံပြည်သူလူထုများ သွေးစည်းမိသောအခါတွင် တော်လှန်ရေးကို ဆင်နွှဲလာနိုင်ခဲ့ကြပါသည်။ ပထမဆုံးတော်လှန်ရေးမှာ အခါ လယ်သမား သူပုန်။

သည့်နောက် ပါတီရောက်ရှိလာသောအခါတွင် ကျမတို့ပြည်သူ့ဘဝ လွတ်မြောက်လာခဲ့ကြရပါသည်။ ကျမတို့ လွတ်မြောက်လာသည့်အခါ ခံစားရသည့် အကျိုး

ကျေးဇူးများမှာ များပြားလှသဖြင့် ကျမ ပြည့်စုံစွာ ဖော်ပြခြင်းငှာ မစွမ်းသာပါ။ ကျမ ထိတွေ့ခံစားရသမျှ ကျမဘဝနှင့် ဆက်စပ်၍သာ တင်ပြသွားနိုင်ပါလိမ့်မည်။ ယခုကဲ့သို့ ကျမ စာရေးနေနိုင်ခြင်းမှာ ပါတီက စာသင်ပေးခဲ့လို့သာပါ။

ပြီးတော့…ပါတီအလံတော်အောက်မှာပဲ 'သူ'နှင့် ကျမ တွေ့ဆုံခဲ့ရခြင်း ဖြစ်လေသည်။

ဖက်ဆစ်တော်လှန်ရေးမှာ လေထီးဆင်းစစ်သားတဦးဖြစ်ခဲ့သူ မြေပြန့်သား တော်လှန်ရေးသမား ဗမာတဦးနှင့် လက်နက်ကိုင်တပ်ဖွဲ့မျိုးစုံတို့ ခြေချနင်းရာ တောင်ပေါ်ရွာကလေးမှာ ခက်ခဲဆင်းရဲစွာ ကြီးပြင်းလာရသူ အခါအမျိုးသမီးလေး တဦးသည် ဤအခါတောင်တန်း ပေါ်တွင်ပင် ပါတီအလံတော်အောက်၌ တွေ့ဆုံမိကြပြီး ချစ်ကြိုးသွယ်နှောင်ကာ သားသမီးမြေးများ ပွားများခဲ့သည့်အဖြစ်မှာ ယုံနိုင်ဖွယ်ရာပင် မရှိ။

သို့သော် ပုံပြင် မဟုတ်ခဲ့ပါ။ ပုံပြင်မဟုတ်ကြောင်း အတိတ်ကို သတိရတမ်း တရင်း မျက်လုံးအိမ်မှ ပြည့်လျှံဖိတ်ကျလာသော ကျမ၏ မျက်ရည်များက သက်သေခံနေ ပါတော့သည်။

*      *      *      *      *      *      *

ကျမတို့တတွေ ဆင်းရဲဒုက္ခရောက်ခဲ့ရပုံအကြောင်းမှာလည်း ပြောပြလျှင်ပင် ယုံနိုင်ဖွယ် မရှိပါ။

ကျမ ငယ်စဉ်ဘဝအကြောင်း ပြန်လည် စဉ်းစားမိလျှင် မနေ့တနေ့က ဖြစ်ပျက် ခဲ့သလို မြင်ယောင်မိဆဲ၊ ကြားယောင်မိဆဲပင် ဖြစ်ပါသည်။ တွေးမိတိုင်း ခါးသည်းနာ ကြည်းမှုတွေက စိတ်အာရုံမှာ တရိပ်ရိပ် ပေါ်လာနေပါသည်။

ကျမတို့အခါဒေသသည် တောင်ဘက်တွင် မဲခေါင်မြစ်နှင့် လာအို–မြန်မာ နယ် စပ်ရှိပြီး မြောက်ဘက်တွင် တရုတ်–မြန်မာ နယ်စပ် တည်ရှိသော နယ်စွန်နယ်ခြား ဒေသ ပါ။ သည်ဒေသတွင် တောင်တန်းများပေါ်၌ အခါ၊ ပလောင်၊ လားဟူ၊ အခေးစသည့် လူမျိုးစုများ နေထိုင်ကြပြီး တောင်ခြေမြေပြန့်ကွင်းပြင်တွင်မူ ရှမ်းလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ တောင်ပေါ်လူမျိုးစုများ၏ အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ တောင်ယာလုပ်ငန်းပင် ဖြစ်သည်။

ကျမတို့မှာ ဗမာပြည်မှာ မွေးသည့် ဗမာပြည်သားများပါ။ ဒါပေမဲ့ ဗမာပြည်မ ကြီးမဆိုထားနှင့် ဗမာပြည်က မြို့ကြီးပြကြီး တမြို့တလေမျှလောက်ကိုမျှ သွားရောက် ဖူးခြင်း၊ ဆက်သွယ်ဖူးခြင်း မရှိကြပါ။ လမ်းပန်းဆက်သွယ်ရေးကလည်း မရှိသလောက်

ဖြစ်သဖြင့် ကျမတို့ဒေသများသို့လည်း လူသူအရောက်အပေါက် နည်းလှပါသည်။ ကျမတို့ဒေသတွင် ဈေးဟူ၍ မရှိပါ။ ငွေကြေးဟူသည်မှာလည်း တရားဝင်သတ်မှတ် သုံးစွဲသည့် ငွေကြေးမရှိပါ။ တချို့က အင်္ဂလိပ်အစိုးရလက်ထက်က ထုတ်ဝေခဲ့သော ငွေဒင်္ဂါးဟောင်းများ၊ ကြေးပြားများ သုံးကြသည်၊ တချို့က ပြင်သစ်ဒင်္ဂါးသုံးကြသည်။ တရုတ်ပြည် ကူမင်တန်ခေတ်က ဒင်္ဂါးဟောင်းများ သုံးကြသည်လည်း ရှိသည်။ ဆင်းရဲသော ရွာသူရွာသားများကတော့ ကုန်ပစ္စည်းချင်း ဖလှယ်သည့် နည်းကိုသာ သုံးကြသည်။

ကျမတို့ ရွာသူရွာသားတွေအတွက် မသုံးမဖြစ်သော လုပ်ငန်းသုံးပစ္စည်းများ ဖြစ် သည့် ဓားမ၊ ပေါက်ပြား၊ ပေါက်တူး စသည်တို့ကို ဝယ်လိုလျှင် မိမိတို့၏ ဝါဂွမ်းများ၊ ဝက်၊ ကြက်၊ ခွေး စသည်တို့ကို ထမ်းပိုးပြီး ဈေးနေ့များတွင် တဖက်နိုင်ငံဈေးသို့သွားကာ ပစ္စည်းချင်း ဖလှယ် ယူကြရသည်။ ဝယ်ယူစရာငွေဆို၍ ကျမတို့ထံ မရှိပါ။

ဝတ်ရသည့်အဝတ်မှာလည်း ကိုယ်စိုက်ပျိုးတဲ့ ဝါဂွမ်းကို ကိုယ့်ဘာသာ ချည်ငင်၊ တခါ ရက်ကန်းစင်မှာ ပိတ်စရက်၊ သည့်နောက် ဒီပိတ်စကို မဲနယ်အနက်ရောင်ဆိုးကာ ဝတ်ဆင်ရခြင်း ဖြစ်သည်။

အစားအသောက်ဆိုသည်မှာလည်း အများအားဖြင့် တောထဲမှ သစ်ဥသစ်ဖု များကို စားရသည်က များပါသည်။

ဖိနပ်အကြောင်း ရေးရလျှင်တော့ ပိုပြီး ဝမ်းနည်းကြေကွဲစရာ ကောင်းပါသည်။ ကျမတို့ ဖိနပ်ကို မိမိဘာသာ ဖန်တီးထုတ်လုပ်ခြင်း မရှိ၍ ဖြစ်ပါသည်။ အမေ့ဝမ်းက ကျွတ်သည့်နေ့မှစပြီး ဘယ်ခယောင်းတော၊ ဘယ်ဆူးပုံခင်း နင်းရလျှောက်ရသည်ဖြစ်စေ အမေ့အမွေ ဖိနပ်တရံမှလွဲ၍ တခြားဖိနပ် ကျမတို့ တခါမျှ မစီးဖူးကြပါ။

အတိတ်ဘဝကို ပြန်စဉ်းစားကြည့်လျှင် အမှောင်ထုကြီးစိုးသော ခေတ်ကြီး တခေတ်ထဲတွင် နေခဲ့ရသလို ခံစားမိပါသည်။ လင်းရောင်ခြည် မတွေ့မမြင်ရပါ။

ဤဒေသတွင် လွှမ်းမိုးကြီးစိုးထားသူများမှာ နေဝင်း–စန်းယု စစ်အစိုးရ ကြေးစား တပ်များ၊ ကူမင်တန် တပ်ကြွင်းတပ်ကျန်များနှင့် စော်ဘွားနှင့် နယ်စားပယ်စား တို့၏ လက်အောက်ခံတပ်များ၊ စော်ဘွားများ အာဏာ ကျဆင်းချိန်တွင် စော်ဘွားတပ်မှ ပြန့်ကွဲ သွားသော လူမျိုးစု ဖောက်ပြန်ရေး လက်နက်ကိုင်တပ်များ၊ ကာကွယ်ရေးတပ်များ စသည်တို့ ဖြစ်ကြပါသည်။ ဤ တပ်ပေါင်းစုံ တို့သောင်းကျန်းသမျှ ဖိနှိပ်သမျှ အခါ လူထု မှာ ပြားပြားဝပ် ငုံ့ခံခဲ့ကြရသည်။

ကျမတို့ဒေသတွင် ရှေးကတည်းက တပ်မျိုးစုံ လာရောက်နင်းချေခြင်းကို ခံလာခဲ့ရတာပါ။ အင်္ဂလိပ်စစ်တပ် လာဖူးသည်။ ဂျပန်စစ်တပ် လာဖူးသည်။ ထိုမျှသာ

မကပါ။ လောတပ်၊ ထိုင်းတပ်များပါ ကျမတို့ နယ်မြေကို ဝင်မွှေခဲ့ဖူးပါသည်။ ကျမတို့ လူထုဘဝကို တွေးကြည့်လျှင် အတော်သနားစရာ ကောင်းပါသည်။ ကျိုင်းတုံစော်ဘွားနှင့် နယ်စားများက အခွန်အတုတ်အမျိုးမျိုး ကောက်ခံကြသည်။ လူခွန်၊ မြေခွန်၊ အိမ်ခွန်၊ စစ်တပ်ခွန်၊ လက်နက်အခွန်၊ လယ်ယာအခွန်၊ သီးနှံခွန်၊ ဘိန်းခွန်၊ သားသတ်ခွန်၊ တောပစ်ခွန် စသဖြင့် အခွန်မျိုးစုံကို ပေးရသည်။ အခွန်ပေးရသည်မှာ စော်ဘွားနှင့် နယ်စားပယ်စားများကိုသာ မကပါ။ တပ်မျိုးစုံက တောင်းသမျှကို ပေးရပါသေးသည်။ လူထုမှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေပေါက် ရေမြောင်းကလေးများကိုပင် ပိုင်ဆိုင်ခွင့် မရှိပါ။ အခွန်ပေးရလွန်းသဖြင့် တရွာလုံးမှာ တွန်စရာ ကြက်ဖတကောင်ပင် မကျန်တော့တဲ့အထိပါ။ လူထုမှာ တောထဲမှ သစ်ဥသစ်ဖုများ ရှာဖွေပြီး ကိုယ့်မှာ ကျန်နေသည့် ဆန်ကလေးအနည်းငယ်နှင့် ရောကြိုစားရသည့် ဘဝဖြစ်ပါသည်။

အထူးသဖြင့် ကူမင်တန် တပ်ကြွင်းတပ်ကျန်များသည် တောင်တန်းဒေသ အခါရွာများအနက်မှ အချက်အချာ ကျသည့်နေရာများ ရွေးချယ်ကာ သူတို့၏ စခန်းများ အခိုင်အမာ ဆောက်လုပ်တပ်စွဲထားပြီး ဒေသခံများကို သွေးစုပ်ချင်တိုင်း သွေးစုပ်၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခဲ့ကြပါသည်။ ပြည်သူလူထုအနေဖြင့် မိမိကိုယ်ကို ခုခံနိုင်အား အဘယ်မျှ ကင်းမဲ့ နေကြသလဲဆိုလျှင် မိမိအသက်တချောင်းကိုပင် မိမိမပိုင်ဆိုင်ဟု ခံစားရသည်အထိ အကာအကွယ်ကင်းမဲ့နေကြရာ တွေးကြည့်လေ သနားစရာကောင်းလေ ဖြစ်နေပါသည်။

လက်နက်မဲ့ အခါတောင်တန်းနေ ပြည်သူများမှာ လက်နက်ကိုင်ထားသူများ ဘယ်သူလာလာ တုန်နေအောင် ကြောက်ခဲ့ကြရပါသည်။ နေဝင်းတပ်လာလာ၊ လူမျိုးစု လက်နက်ကိုင်အဖွဲ့များလာလာ ဒါမှမဟုတ် ကူမင်တန်များပဲလာလာ လူတွေမှာ ကိုယ့်အသက် ဖက်နဲ့ထုပ်ထားရသလို ခံစားနေရပြီး အသက်မသေပြီးရော သူတို့လိုသမျှ ဘာမဆို အကုန်ဖန် တီးပေးနေကြရသည်။

ကျမ ကလေးဘဝတုန်းကဆိုလျှင် ကျမတို့အခါရွာများမှာ ကူမင်တန်တပ်၏ ဒဏ်ကို အများဆုံးခံကြရပါသည်။ သူတို့တပ်စွဲထားရာစခန်းတွေကို သွားပြီး သူတို့ခိုင်းသမျှ စခန်း အဆောက်အအုံတွေကို ဆောက်လုပ်ပေးကြရသည်။ ကတုတ်ကျင်းတူပေး ရသည်။ ပေါ်တာဆွဲလျှင် လိုက်ရသည်။ ဒီလိုအဓမ္မခိုင်းစေမှုများကို ရွာစဉ်အလိုက် ရွာအားလုံးက အလှည့်ကျ လုပ်ပေးရတာပါ။

ထိုမျှမက သူတို့နေ့စဉ်စားသောက်ဖို့ ဆန်၊ ကြက်၊ ဝက်၊ ဆား၊ ငရုတ်ပါမကျန် သူတို့စခန်းရှိရာသို့အရောက် လူထုက အလှည့်ကျ သွားရောက်ပို့ဆောင်ပေးရပါသည်။ အချိန်မီ အရောက်မပို့နိုင်လို့ကတော့ ကြီးလေးသည့် အပြစ်ဒဏ် ခံရပြီသာ မှတ်ပေရော့။

လူထု ကိုယ်တိုင်ကတော့ တောထဲမှ သစ်ရွက်၊ သစ်ဥသစ်ဖုများ ရှာစားနေရပြီး သူတို့အတွက် ရှိစုမဲ့စု ကြက်ဝက်တွေကို ပေးနေရခြင်း ဖြစ်သည်။ ကိုယ့်မှာမရှိလျှင်လည်း ရှိသည့်ပစ္စည်းနှင့် ဖလှယ်ကာ ရအောင်ရှာပေးရသည်။

သူတို့က ဆန်ဘယ်လောက်၊ ကြက်ဝက်ဘယ်လောက်၊ ဆား–ငရုတ် ဘယ်နှစ်ပိဿာကို ဘယ်နေ့အရောက် စခန်းသို့ လာပို့ရမယ်ဟု နှုတ်မိန့်နှင့် မှာလိုက်လျှင် ရွာသူကြီးက တခါ ရွာထဲမှာ နှုတ်မိန့်နှင့် အသံကုန်အော်ပြီး ဘယ်အိမ်က ဘယ်လောက် သူ့အိမ် ဘယ်နေ့အရောက် လာပို့ရမယ်ဟု ခွဲတမ်းချလိုက်သည်။

ဤနေရာတွင် "နှုတ်မိန့်"ဟု သုံးနှုန်းရခြင်းမှာ အကြောင်းရှိပါသည်။ ဘယ်တပ်တွေက ဖြစ်ဖြစ် ကျမတို့ အခါအမျိုးသားတွေကို စာဖြင့်အကြောင်းကြားကာ အမိန့်ပေး၍ မရပါ။ အကြောင်းမူကား ဘယ်သူတဦးတယောက်မျှ ဘာစာကိုမှ မတတ်သည့် အတွက် ဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း သူတို့ အမိန့်ပေးလိုတာ ရှိပါက နှုတ်မိန့် ပေးပြီး ရွာစဉ်အလိုက် တဆင့်ခြင်း အမိန့်ပေးပို့ကာ ခိုင်းစေနေကြခြင်း ဖြစ်ပါသည်။

နယ်စွန်နယ်စား ချောင်ကျသည့်နေရာ တောင်ပေါ်မှာ နေထိုင်ရသည့်အပြင် ခေတ်အဆက်ဆက် စနစ်ဆိုးများ၏ လွှမ်းမိုးချုပ်ချယ်ထားမှုအောက်တွင် ပြားပြားဝပ် နေခဲ့ရသည့် ကျမတို့ ပြည်သူများမှာ စာပေယဉ်ကျေးမှုဆိတ်သုဉ်းသည့်ဘဝ နှစ်ပေါင်းများစွာ ကျရောက်ခဲ့ ရပါသည်။ တောင်တန်းကြီးပေါ်တွင် အရှေ့ဆီမှ ပေါ်ထွန်းလာသည့် နေရောင်ခြည်ကို ဖူးမျှော် နိုင်ခြင်းမှတပါး စာပေယဉ်ကျေးမှု လင်းရောင်ခြည်ကိုကား ဖူးတွေ့ခွင့် မရခဲ့ကြပါ။ အသိအမြင် ဗဟုသုတ ကင်းမဲ့ကာ အနာဂတ်ပျောက် နေခဲ့ရပါသည်။ ကျမတို့ပြည်သူများ၏ ခေတ်ဟောင်းဘဝကို ပြန်လည် စဉ်းစားလျှင် ရင်နှင့်ကြေကွဲဖွယ်ပါ။

ဤသို့ ကျမတို့ အခါပြည်သူများ ဆင်းရဲဒုက္ခအတိပြီးခဲ့ရသော ခေတ်ကာလအတွင်း ကျမ၏ ငယ်စဉ်ကလေးဘဝတွင် ကျမစိတ်ထဲ သံမှိုနှက်သလို စွဲနေပြီး နာကြည်းကြေကွဲရသော အဖြစ်အပျက်တရပ် ကြုံတွေ့ခဲ့ရပါသည်။ ကျမ မမေ့တဲ့နိုင် ဖြစ်ခဲ့ရသော ထိုနေ့သည် ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ၏ နေ့တနေ့ပင် ဖြစ်ပါသည်။ ရက်စွဲတော့ အတိအကျ မမှတ်မိပါ။ သို့သော် အခါရိုးရာ 'အဖီလော့'နှစ်သစ်ကူးပွဲ၏ အကြိုရက်တရက် ဖြစ်သည်ကိုတော့ အသေအချာ မှတ်မိနေပါသည်။

'လာချေအဖီလော့' ခေါ် ထိုနှစ်သစ်ကူးပွဲမှာ ဗမာဘာသာဖြင့်ဆိုပါက ဒါန်းစီးပွဲဟု အဓိပ္ပာယ်ရပါသည်။ ဤဒါန်းစီးပွဲမှာ တနှစ်တကြိမ်သာ ရှိပါသည်။ တခြားအချိန်များမှာ ဒါန်းစီး၍ မရပါ။ ဤနှစ်သစ်ကူးပွဲမှာ စပါးရိတ်သိမ်းဖို့အတွက် အထူး

ရည်စူးသည့် ပွဲလည်း ဖြစ်ပါသည်။ အခါ အမျိုးသားတို့၏ ဓလေ့ထုံးစံအရ ဤပွဲမပြုလုပ်ဘဲ စပါးရိတ်သိမ်းလို့ မရပါ။ ဤဒါန်းစီး နှစ်သစ်ကူးပွဲပြီးမှ စပါးရိတ်သိမ်း၍ ရပါသည်။ ဤပွဲသည် တနည်းအားဖြင့် နတ်ပူဇော်ပွဲလည်း ဖြစ်ပါသည်။

အဲဒီနှစ်– နှစ်သစ်ကူးပွဲ၏ပထမ အကြိုရက်တွင် ကျမ၏ အစ်ကို တဝမ်းကွဲ 'ဂျာဆောင်'သည် မနက်စောစော အိပ်ရာမှ ထပြီး တောင်ယာခင်းထဲသို့ ပဲပုပ်ပဲ သွားခုတ် နေပါသည်။ သူ အိမ်ပြန်ရောက်သည့်အချိန်တွင် ကူမင်တန်လက်နက်ကိုင်တပ်တစု ရွာသူကြီး အိမ်မှာ ရောက်နှင့် နေကြလေပြီ။

"မင်းတို့ရွာက ရွာသူရွာသားသား ကျား–မ မရွေး သူကြီးအိမ်မှာ ချက်ချင်း လာစုကြ"ဟု ခေါင်းဆောင်လုပ်သူက အမိန့်ပေးသည်။ ရွာသူကြီးသည် တုန်တုန်ရီရီနှင့် လူထုကို ဟစ်အော် ပြီး သူအိမ်မှာ လူစုစေသည်။ တရွာလုံးရှိ ကျား–မ မရွေး ရွာသူရွာသားများ ရောက်ရှိလာသော အခါ "အားလုံး တန်းစီလိုက်ကြစမ်း"ဟု ဗိုလ်လုပ်သူက ခိုင်းသည်။ ပဲပုပ်ခင်းမှ ပြန်ရောက်လာခါစ ကျမတို့၏ အစ်ကိုဂျာဆောင်သည်လည်း တန်းစီထားသော လူအုပ်ကြီးထဲ ဝင်ရပ်လိုက်သည်။

သူတို့၏ သေနတ်ပြောင်းများက ရွာသူရွာသားများကို ချိန်ရွယ်ထားလျက်။

ရွာသူကြီးပင်လျှင် တုန်နေအောင် ကြောက်နေပြီဖြစ်ရာ ရွာသူရွာသားတို့၏ စိုးရိမ် ပူပန်မှုမှာ ပြောဖွယ်ရာ မရှိတော့။ ဤသို့ တန်းစီပြီး ရပ်ပြကြရသူများထဲတွင် ကျမတို့ ကလေးများတော့ မပါဝင်ကြပါ။ သို့သော် ရွာသူကြီးအိမ်မှာ ကျမတို့အိမ်နှင့် ကပ်လျက်တည်ရှိသဖြင့် ပြောဆိုသံတွေ ကြားနေရသလို (ကြောက်လန့်သည့်ကြားက ချောင်းကြည့်နေကြသဖြင့်) အဖြစ်အပျက်များကိုလည်း မြင်တွေ့နေကြရပါသည်။

တယောက်ယောက်က မဟုတ်မမှန် သတင်းပေးလိုက်သဖြင့် သူတို့ သင်္ကာမကင်းဖြစ်သည့် အလိုရှိနေသော သူများကို လာရောက်ရှာဖွေကြခြင်း ဖြစ်သည်။ ရွာသူရွာသား များသည် ဤလူအုပ်ထဲမှ ဘယ်သူ့ကိုများ သူတို့ မသင်္ကာဖြစ်ပြီး ဆွဲထုတ်လိုက်ကြလေမလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်နေကြသည်။

သူတို့သည် ကျမ အစ်မအရင်း 'ရှောင်ရီ'ကို ဆွဲထုတ်လိုက်သည်။ သည့်နောက် တခြား ရွာသူမိန်းမပျို 'ကြောင့်စီ'။

သည်မိန်းမသားနှစ်ဦးကို ရွေးထုတ်လိုက်ပြီး နောက်ထပ်ရွေးထုတ်လိုက်သူကံဆိုးသူ မောင်ရှင်မှာမူကား ကျမအစ်ကိုဝမ်းကွဲ ဂျာဆောင် ပင် ဖြစ်လေသည်။ သူတို့က မင်းထွက်ခဲ့၊ မင်းထွက်ခဲ့ ဆိုပြီး တယောက်စီ ဆွဲထုတ်လိုက်ကြခြင်း ဖြစ်သည်။ စုစုပေါင်း ရွာသား ၃ ယောက်တို့မှာ သူတို့လက်ခုပ်ထဲက ရေ ဖြစ်သွားပြီ။ သွန်လိုသွန်၊ မှောက်လိုမှောက် သတ်လျှင်လည်း သေရမည့်ဘဝ ရောက်သွားပြီ။ ရွာသူရွာသားများကတော့

ဤ ၃ ယောက်စလုံး ဘယ်သူတဦးတယောက်မျှ ဘာအပြစ်မှ မရှိကြောင်း သိထားကြသည်။ တယောက်ယောက်က သတင်းများပေးပြီး တို့မီးရှို့မီး လုပ်လိုက်ခြင်း ဖြစ်ပေမည်။ ဘယ်လိုပဲဖြစ်စေ မှားယွင်း အဖမ်းခံလိုက်ရသူများ၏ ဘဝမှာ တွေးဝံ့စရာ မရှိပြီ။

အစ်ကို ဂျာဆောင်ကိုမူ သူတို့က ကြိုးဖြင့် တင်းတင်းကျပ်ကျပ် တုပ်နှောင်လိုက်သည်။ အမျိုးသမီး ၂ ယောက်ကိုမူကား ကြိုးတုပ်ခြင်းမရှိ။ သည့်နောက် သူတို့နှင့်အတူ သည် ၃ ယောက်ကို ခေါ်သွားသည်။ (ကျမ အရွယ်ရောက်ခါမှ ပြန်လည်စဉ်းစားမိသည်မှာ အမျိုးသမီးနှစ်ယောက်ကို သူတို့ဖမ်းခေါ်သွားခြင်းမှာ အပြစ်ရှိသည်ဟု သက်ာမကင်း၍ မဟုတ်ဘဲ ယုတ်မာသော အကြံအစည်နှင့် ဖမ်းခေါ်သွားခြင်း ဖြစ်ပေလိမ့်မည်။ စနစ်ဆိုးအောက်မှ အမျိုးသမီးများ ဘဝမှာ ဆိုးဝါးလေစွ။) သည်မြင်ကွင်းကို မြင်လိုက်ရသည့်ကျမမှာ ကမ္ဘာကြီး ပျက်သွားသလို ခံစားလိုက်ရသည်။

ကျမတို့ မိသားစုများမှာ မျက်ရည်စက်လက်နှင့် အစ်မ၏ကံကြမ္မာ ဘယ်လိုဖြစ်မည်ကို မခန့်မှန်းတတ်ဘဲ ထိတ်လန့်ကြောက်ရွံ့လျက်သာ ရှိနေကြသည်။ တရွာလုံးသည်လည်း ထိတ်လန့်ချောက်ချားသွားသည်။ တရွာလုံး ငြိမ်သက်သွားပြီး နေ့ခင်းကြောင်တောင် တစ္ဆေအခြောက်ခံလိုက်ရတဲ့ ရွာကလေးပမာ ဖြစ်သွားသည်။ ခွေးဟောင်သံ ကြားရတိုင်း တထိတ်ထိတ် တလန့်လန့်နှင့် ဖြစ်နေသည်။

သူတို့ကို ဒီလို ဖမ်းဆီးသွားခြင်းမှာ တဘက်နိုင်ငံသို့ သူတို့ကူမင်တန်တပ်ဖွဲ့၏ သတင်းသွားပို့သည်ဆိုသော သူလျှိုမှုနှင့်ပါ။ ဘာမေးမြန်းမှုမှမလုပ်။ ဘာစုံစမ်းစစ်ဆေးမှုမှုလည်း မရှိ။ ဘာသက်သေအထောက်အထားမှလည်း မရှိ။ အဖမ်းခံရသူများမှာ ဘာထုချေခွင့်မှ မရှိ။ ဘာမှ ပြန်လည် ရှင်းလင်း ပြောဆိုခွင့်မရဘဲ ကြက်ကလေး၊ ငှက်ကလေးများလို ဆွဲခေါ်သွားခြင်း ခံခဲ့ရလေသည်။

ထိုနေ့ ညနေ(၆) နာရီကျော်ကျော်လောက်မှာမှ အစ်မရှောင်ရှိ၊ အတူအဖမ်းခံရသူ အမျိုးသမီး ကြောင့်စီတို့ အခြားရွာသား၂ ဦးနှင့်အတူ ပြန်လည်ရောက်ရှိလာသည်။ အိမ်ပြန် ရောက်သည့်တိုင် အစ်မမှာ ကြောက်ရွံ့ထိတ်လန့်နေဆဲ။ စကားလည်း မပြောနိုင်။ ရှိုက် ကြီးတငင် ငိုကြွေးနေသည်မှာ အငိုမစဲ နိုင်တော့ပါ။ နောက်ကျမှ တဖြည်းဖြည်းချင်း အဖြစ်အပျက်ကို မေးယူရသည်။

သူတို့ ၃ ယောက်ကို ဖမ်းပြီး 'ပျာဟာ' ဆိုသည့် ရွာဘက် ခေါ်သွားခြင်း ဖြစ်သည်။ ပျာဟာရွာတွင် ကူမင်တန်တို့ စခန်းဆောက်လုပ်ပြီး အခိုင်အမာ တပ်စွဲနေကြသည်။ ထိုရွာမှ မဲခေါင်မြစ်နှင့် ကပ်လျက်သား ရွာတရွာပါ။ လာအိုပြည်နှင့် မဲခေါင်မြစ်သာ ခြားသော ရွာကလေး ဖြစ်ပါသည်။

ထိုရွာသို့ သွားနေရင်း လမ်းခရီးမှာပင် တောကြီးမျက်မည်း တနေရာ အ

ရောက်တွင် သူတို့၏ ဘီလူးဇာတ်ရုပ်ပေါ်လာတော့သည်။ ဘာသာစကားချင်းမတူသဖြင့် သူတို့က ခြေဟန် လက်ဟန်နှင့် ပြောသည်။ သူတို့က အမျိုးသမီးနှစ်ယောက်ကို မုဒိမ်းကျင့်မည်။ ပြီးလျှင် ရွာကို ပြန်လွှတ် ပေးမည်တဲ့။ ဘယ်လောက်တောင် ယုတ်မာပက်စက်လိုက်ကြပါသလဲ။

အစ်မက လက်မခံ။ ခေါင်းကို တအားရမ်းခါရင်း ထိတ်လန့်တကြား အော်ကြီးဟစ်ကျယ် ငိုပါတော့သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ကံဖေးမသော အဖြစ်အပျက်တရပ် ပေါ်လာသည်။

ကျမတို့ရွာမှ တခြားရွာသို့ မျိုးစပါးသွားဝယ်သော ရွာသား၂ ယောက် (သားအဖ)သည် ဤတောလမ်းခရီးမှပင် ပြန်လာသည်။ လမ်းခရီးတွင် စမ်းချောင်းလေးတချောင်း ရှိသဖြင့် သူတို့က ရေသောက်ရန် စပါးအိတ်ကလေးများကို ခဏချထားလိုက်ကြသည်။ သူတို့ ချောင်းဆီ ရေသောက်ဖို့အဆင်း နေ့ခင်းကြောင်တောင်တောကြီးမျက်မည်းထဲမှ မိန်းမသားငိုသံ ကြားရ သဖြင့် သူတို့သည် ရေတောင် မသောက်နိုင်တော့ဘဲ လမ်းပေါ် ပြန်တက်ကာ ငိုသံကြားရာဆီ ထွက်လာခဲ့သည်။

ဤတွင် အဖော်ဖြစ်သူ ကြောင့်စီကို ဖက်ပြီး ငိုယိုနေသော အစ်မ ရှောင်ရှိ၊ မျက်နှာကို အဝတ်စီးကာ ကြိုးတုတ်ဖမ်းထားသော အစ်ကို ဂျာဆောင်နှင့် ကူမင်တန်စစ်သားများကို ရွာသား၂ ဦးက ဖြုန်းခနဲ တွေ့လိုက်ကြရသည်။ ဤသားအဖက မိန်းကလေး ၂ ယောက်မှာ လူကောင်းတွေ ဖြစ်ကြောင်း အရဲစွန့်ပြီး ပြောရတော့သည်။ ကူမင်တန်စစ်သားများမှာ သူတို့ အကြံ မထင်မှတ်ဘဲ လူသိသွားသဖြင့် ဤသတင်းပျံ့နှံ့သွားမှာ စိုးပုံရသည်။ ရွာသား–သားအဖ နှစ်ယောက်ကိုပါ ဖမ်းခေါ်ပြီး သတ်ပစ်မည်ဆိုပါကလည်း ဤကိစ္စမှာ အမှုကြီးသွားနိုင်သည်။ ထို့ကြောင့် မတတ်သာဘဲ မိန်းမပျို ၂ ယောက်ကို ရွာသား သားအဖနှင့် ပြန်ထည့် ပေးလိုက် သည်။ ဤသားအဖမှာ အစ်မတို့ ၂ ယောက်ကိုသာ အဓိကထား ကယ်တင်နိုင်ပြီး အစ်ကို ဂျာဆောင်ကို ကယ်တင်ဖို့တော့ မတတ်နိုင်ခဲ့ပါ။

အစ်ကို ဂျာဆောင်မှာ မျက်နှာမှာ အဝတ်စည်းလျက်သား ကျန်ရစ်ခဲ့ပုံကို မေ့မရ နိုင်ပါဟု အစ်မက နောက်ပိုင်းတွင် ပြန်ပြောပြသည်။ သူတို့ ထိုနေရာမှ ခြေလှမ်းဘယ်လောက်မှ မလျှောက်လှမ်းလိုက်ရသေး၊ သေနတ်သံ ၂ ချက် ဆင့်ကဲ ထွက်လာသံနှင့်အတူ အစ်ကို၏ အော်သံ၊ မချိမဆန့် နာကျင်ညည်းတွားသံများကိုပါ တဆက်တည်း ကြားလိုက် ရသည်။

ဤတွင် သူတို့ ၄ ယောက်သား ရွာသို့ သုတ်ခြေတင် ပြန်လာခဲ့ကြပြီး အစ်ကို

အသတ်ခံလိုက်ရကြောင်း ရွာကို အကြောင်းကြားသည်။ ၎င်းနေရာမှာ ရွာနှင့် သိပ်မနီးလှပါ။ နောက်ပြီး ညကြီးမင်းကြီးလည်း ဖြစ်။ ကြောက်လန့်စိတ်တွေလည်း မပြေသေးသဖြင့် ညတွင်းချင်း ထိုနေရာသို့သွားပြီး အလောင်းကို မရှာနိုင်ကြပါ။

နောက်တနေ့ကျတော့မှသာ ရွာမှ ရွာသားများ ထိုနေရာသို့သွားကာ အလောင်း ကို ရှာဖွေပြီး ထိုနေရာတွင်ပင် မြှုပ်နှံခဲ့ရပါတော့သည်။ ကျမတို့ ပြန်လည်ကြားသိရသည်မှာ ကြေကွဲဝမ်းနည်းဖွယ်ရာပင်။ အစ်ကို့အလောင်းမှာ မကြည့်ရက် မမြင်ရက်စရာ စုတ်ပြတ်နေ သည်တဲ့။ မျက်နှာမှာရော၊ တကိုယ်လုံးမှာပါ ဓားခြစ်ရာတွေနှင့် အထပ်လိုက်အထပ်လိုက် ဖြစ်နေသဖြင့် စုတ်ပြတ်နေသည်ဟု ဆိုရခြင်း ဖြစ်သည်။ ဝမ်းဗိုက်မှလည်း အူတွေအထွေးလိုက် ပေါက်ကျလျက်ရှိသည်ဟု အလောင်းကို သွားရောက်မြေမြှုပ်စဉ်က လိုက်သွားခဲ့သော ကျမ အဖေက ပြန်လည် ပြောပြခဲ့သည်။ အပြစ်မဲ့ပြည်သူတယောက်ကို လူမဆန်လောက်အောင် ရိုင်းရိုင်းစိုင်းစိုင်း သတ်ဖြတ်ထားခဲ့ကြတာပါလား။

အစ်ကို ဂျာဆောင်၏ မိဘ ၂ ပါးသည်မူကား ရွာတွင် ဆက်လက်မနေရဲသည်ကတကြောင်း၊ ယူကျုံးမရ ဝမ်းနည်းသည်ကတကြောင်း ညတွင်းချင်းတွင်ပင် တဘက်နိုင်ငံသို့ တိမ်းရှောင်ခိုလှုံသွားပါတော့သည်။( နောင် ကျမတို့ အခါဒေသသို့ ဗမာပြည်ကွန်မြူနစ်ပါတီ ရောက်ရှိလာပြီး ပြည်သူများ လွတ်မြောက်လာသည့်အခါကျမှ တဘက်နိုင်ငံမှ အစ်ကို့မိဘများက အစ်ကို၏အရိုးများ လာကောက်ကာ တဘက်နိုင်ငံသို့ သယ်ဆောင်သွားပြီး ကောင်း ကောင်းမွန်မွန် ဂူသွင်းမြှုပ်နှံနိုင်ပါတော့သည်။)

* * * * * * *

အခါပြည်သူများ၏ခါးသီးလှသည့် အတိတ်ဘဝတွင်းမှ ဆင်းရဲခက်ခဲလှသည့် ကျမ၏ ကလေးဘဝတွင် နောက်ထပ်မမေ့နိုင်လောက်အောင် နာကြည်းကြေကွဲဖွယ်ကောင်းသော အဖြစ်အပျက်တခုကို ကြုံတွေ့ခဲ့ရပြီး ဤအဖြစ်အပျက်သည် ကျမကို ယနေ့အချိန်အထိ ခြောက်အိပ်မက်တခုလို ရံဖန်ရံခါ လာရောက်ခြောက်လှန့်နေဆဲပါ။ အခါပြည်သူများရော၊ တပြည်လုံးမှ ပြည်သူတွေပါ မလွတ်မြောက်သေးသရွေ့ ကျမတို့အမျိုးသမီးများဘဝမှာ လုံခြုံမှု မရှိနိုင်ကြောင်း ယခုအခါ ကျမ ဆင်ခြင်တွေးတောလာမိပါသည်။ ထိုစဉ်ကတော့ ကြောက်ရွံ့ မုန်းတီးစိတ်နှင့် ကျမ၏သူငယ်ချင်းအတွက် ဝမ်းနည်းကြေကွဲစိတ်သာ လွှမ်းမိုးနေ ခဲ့ပါသည်။

အခါ ပြည်သူများ မလွတ်မြောက်သေးမီ ၁၉၇၁ ခုနှစ် မေလအတွင်းဟု ကျမ

မှတ်မိပါ သည်။ ခြောက်သွေ့ရာသီရက်တရက်မှ ချောက်ချားရင့်နင့်စရာ အဖြစ်အပျက် တခုပါ။

ပြည်တွင်းစစ်၏ဒဏ်ကို တပြည်လုံးရှိ ပြည်သူများ ကျောကော့အောင် ခံစားခဲ့ရ သည့်နည်းတူ ကျမတို့၏ နယ်စွန်နယ်ဖျား တောင်တန်းဒေသတွင်ပင် ဒီဘေးဒဏ်က မလွတ်ကင်းခဲ့တဲ့ တချို့သော ကိစ္စများတွင် ပိုမိုဆိုးဝါးစွာ ခံခဲ့ရသည်ဟု ကျမထင်မိပါ သည်။

ထိုစဉ်က ကျမတို့ဒေသ ပြည်သူလူထုမှာ ကိုယ့်ရွာ ကိုယ့်အိမ်မှာပင် မအိပ်ရဲ သည့်ဘဝပါ။ ပြည်တွင်းစစ်သေနတ်သံအောက်မှာ ပြည်သူများ စားကောင်းခြင်းမစား ရ၊ အိပ် ကောင်းခြင်းမအိပ်ရသည့်အပြင် အသက်ကို ဖက်နဲ့ထုပ်ထားရသည့်ဘဝဆိုတာ ဒီလို ပါကလားဟု ကိုယ်တွေ့နားလည်ရသည့် အခြေအနေ ဖြစ်ပါသည်။

ကျမတို့အခါဒေသ တောင်တန်းပေါ်က ရွာများသို့ တော်ကြာ ချန်ကေရှိတ် ကူမင်တန်တပ် ဝင်လာလိုက်၊ သူတို့ထွက်သွားပြီး မကြာမီ စစ်အစိုးရတပ်က ရောက်လာ လိုက်၊ နောက်တဖန် လူမျိုးစု လက်နက်ကိုင်တပ်များ ပြန်ဝင်လာလိုက်နှင့် ရှုပ်ထွေး နေ ပါသည်။ သူတို့ချင်း တိုက်ပွဲဖြစ်လျှင်လည်း ကြားက မြေစာပင် ပြည်သူလူထုများ ထိခိုက် သေဆုံးမှု ရှိတတ်ပါသည်။ ထိုမျှမက သူတို့အားလုံးက ပြည်သူလူထုကို စစ်ကျွန်များသ ဖွယ် အသုံးချကြသည့်ဒဏ်ကိုလည်း ခံကြရပါသည်။

ထိုကြောင့် အများစုရွာများနည်းတူ ကျမတို့ရွာသည်လည်း နေ့ခင်းချိန်ဆို တောင်ယာထဲ သွားအလုပ်လုပ်နေကြသည်။ ဒါကလည်း စစ်ဒဏ်ရှောင်နည်းတခုပါ။ ညကျရင်တော့ တောင်ကြားက လျှိုမြောင်ချောင်ကြားထဲ သွားရောက်ပုန်းအိပ်ကြသည်။ မိမိတို့ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာကလေးများကိုလည်း တောထဲမှာ ဝှက်ထားရသည်။ ပစ္စည်း ဥစ္စာမျှသာ မဟုတ်ပါ။ ကြက်၊ ဘဲ၊ ဝက်များကိုပင် တောထဲမှာ ဝှက်ထားရပါသည်။ ဘယ်အရာမျှ လုံခြုံ စိတ်ချရမှု မရှိပါ။

သို့ရာတွင် ရွာမှာ လူမရှိလျှင်လည်း မဖြစ်၊ ထို့ကြောင့် သက်ကြီးရွယ်အိုများ၊ လူကြီးများ တောထဲသွားအိပ်ကြပြီး ငယ်ရွယ်သူ ပြေးနိုင်လွှားနိုင်သည့် လူငယ်လူရွယ် များက ရွာထဲတွင် အိပ်ကြပါသည်။ ရွာတွင် အိပ်နေရစ်ခဲ့ရသည့်သူများကလည်း ကိုယ့် အိမ်မှာ အိပ်ကြသည် မဟုတ်ပါ။ တိုက်ပွဲဖြစ်လျှင် ရှောင်ရတိမ်းရ လွယ်ကူစေရန်နှင့် တောထဲပြေးဝင်ဖို့ အနီးကပ်ဆုံးဖြစ်သည့် ရွာအစွန်က အိမ်တအိမ်မှာ အားလုံး စု အိပ်ရခြင်း ဖြစ်သည်။ ထိုသို့ စုအိပ်ကြရသည့်အထဲတွင် ကျမတို့ ကလေးသာသာအရွယ် မိန်းကလေးများလည်း ပါဝင်ကြပါ သည်။

အဲဒီညကတော့ ကျမတို့ ရွာကို လူမျိုးစု ဖောက်ပြန်ရေး လက်နက်ကိုင်အဖွဲ့ အစည်းတခု ဝင်ရောက် လာပြီး ညအိပ်ရပ်နားပါသည်။ စော်ဘွားများ အာဏာ ယိမ်း

ယိုင်ပြိုလဲချိန် စော်ဘွားလက်နက်ကိုင်တပ်မှ အင်အားစုများ တချို့ အစိုးရကို ကပ်သူကပ်၊ တချို့ ကိုယ်ဘာသာ ထင်တိုင်းကြဲနေချိန်ပါ။ ကျမတို့ရွာသို့ ရောက်ရှိလာသည်မှာ ထိုကဲ့သို့သော ဖောက်ပြန်သည့် လက်နက်ကိုင်တပ်ဖွဲ့တခု ဖြစ်ပါသည်။ သူတို့သည် ကျမတို့ပြည်သူလူထုအပေါ် ဆိုးဝါးလှသည်။ ကျမတို့လူထုမှာ အစိုးရစစ်တပ်၊ ကူမင်တန်တပ်များ၏ ဒဏ်ကိုသာမက သူတို့၏ ဒဏ်ကိုပါ အတော်ခါးသီးစွာ ခံခဲ့ရသည်။ အဆုံးမတော့ ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများဟုသာ ခြုံငုံပြောရတော့မည် ထင်ပါသည်။

ဤအဖြစ်အပျက်မှာ ရေးပြရမှာကိုပင် ကျမ မဝံ့မရဲ ဖြစ်နေမိသည်။ သို့သော် တကယ့်အဖြစ်မှန်။ ကျမတို့ရွာမှ သက်တူရွယ်တူ အခါအမျိုးသမီးကလေးများ၏ နှလုံးသားထဲမှာ ထင်ကျန်နေရစ်သော အမာရွတ်တခုဖြစ်သဖြင့် ချန်လှပ်ထား၍လည်း မဖြစ်နိုင်ပါ။ စိတ်မကောင်းစရာ၊ ရင်နာစရာကောင်းသည်နှင့်အမျှ မသတီစရာ မုန်းတီးရွံရှာဖွယ်ကိစ္စပါ။

ထိုညက ကျမတို့ ရွာတွင်ကျန်ရစ်နေကြသူများသည် ထုံးစံအတိုင်းယောကျ်ားလေးများ မိန်းကလေးများ ရွာအစွန်ဆုံး အိမ်ကြီးတအိမ်ပေါ်တွင် စုအိပ်နေ ကြပါသည်။ ယောကျ်ားလေးများက တနေရာ၊ မိန်းကလေးများကတစု သို့သော် ကြမ်းတပြေးတည်းမှာ တရွာတည်းသားတွေမို့ မောင်နှမများပမာ ညီညီညွတ်ညွတ် အိပ်စက်ကြခြင်း ဖြစ်ပါသည်။

ညသန်းခေါင်ကျော်လောက်တွင် အိမ်ပေါ်တက်လာသော ခြေသံများကို (အားလုံးက သတိနှင့် အိပ်နေကြသည်မို့) ကြားလိုက်ကြရသည်။ လူမျိုးစု လက်နက်ကိုင်တပ်သား ၂ ယောက်သည် အိမ်ပေါ်သို့ ခပ်တည်တည် တက်လာကြသည်။ တယောက်က မီးတုတ်ကြီးကို ကိုင်ထားလျက်။ နောက်တယောက်က သေနတ်မောင်းတင်ကာ ပစ်ခတ်မည့်ဟန် အသင့် ချိန်ရွယ်လျက်။

ယောကျ်ားလေးရော၊ မိန်းကလေးများပါ လူငယ်များအားလုံး ကြောက်ရွံ့ထိတ်လန့် လျက်၊ ဘယ်သူမှ မလှုပ်ရဲကြ။ သေနတ်နှင့်ချိန်ထားသူက ကျမတို့အားလုံးကို သေနတ်နှင့် ချိန်ရွယ်ထားပြီး ခုခံဖို့ကြံလျှင် ပစ်ခတ်မည့်သဘောကို ပြနေသည်။ ကျန်တယောက်က မိန်းကလေးများအနက် ကျမ၏အခင်မင်ဆုံး၊ ကျမအချစ်ဆုံး (၁၂) နှစ်အရွယ် မိန်းကလေးကို ဆွဲခေါ်ပြီး ဤအိမ်ပေါ်မှာပင် မုဒိမ်းကျင့်ပါတော့သည်။ လူတိုင်း မခံချင်ကြသော်လည်း လက်နက်မဲ့သူများမို့ လှုပ်တောင် မလှုပ်ရဲကြ။

စဉ်းစားသာ ကြည့်ကြပါတော့။ ဒီလောက်တောင် လူမဆန်အောင် ယုတ်မာရိုင်းစိုင်းလိုက်တဲ့အကောင်တွေ။ မိန်းကလေး၏ နှလုံးသားကွဲကြေ ငိုကြွေးအော်ဟစ်သံ၊ လူယုတ်မာ၏ တဏှာရာဂသံ။ လူတွေ ဒီလောက်များပြားစွာ ရှိနေတဲ့ရှေ့မှာ အရှက်ကင်း

မဲ့စွာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ခွေးကျင့်ခွေးကြံ ကြံရက်တဲ့အကောင်တွေ။ ကာယကံ ရှင်မိန်းကလေးသာမက လူငယ်အားလုံးကိုပါ စိတ်နှလုံးသားမှာ အနာတရ ဖြစ်သွားစေခဲ့တဲ့ အဖြစ်အပျက်ပါ။

ကျမသူငယ်ချင်းအတွက် ကျမမှာ ဝမ်းနည်းကြေကွဲမဆုံးပါ။ သူ့အမည်ကိုလည်း ကျမ မဖော်ပြရက်ပါ။ ဤအဖြစ်ဆိုးကြောင့် ကျမသူငယ်ချင်းမှာ ဖူးငုံစ အရွယ်မှာပင် စစ်ဖိနပ်နှင့် နင်းချေခြင်း ခံလိုက်ရသည့် ပန်းကလေးတပွင့်ပမာ ကြေမွသွားခဲ့ရပြီး တသက်လုံး မိခင်ဘဝမ ရနိုင်တော့သည့်အထိ ဤဒဏ်ရာဒဏ်ချက်ကို ခံစားသွားရပါတော့သည်။

*　　*　　*　　*　　*　　*

အမှောင်ထု ပြိုကွဲသွားပြီး ဝင်းစက်နီရွှေ နေလိမ္မော်ကြီး အခါတောင်တန်းပေါ်မှာ ပေါ်ထွက်လာခဲ့ပြီ။

ကျမ သည်အကြောင်းကို ရေးပြသည်မှာ အကြောင်းမဲ့သက်သက် ဟိမဝန္တာချီးမွမ်းခန်း ဖွင့်နေခြင်း မဟုတ်ပါ။ အထက်တွင် ကျမအနည်းအကျဉ်းရေးပြသည်ကို ဖတ်ကြည့်လျှင် ကျမတို့ အခါပြည်သူများ၏ အတိတ်ဘဝ မည်မျှလောက် ဒုက္ခဆင်းရဲရောက်ခဲ့ကြသည် ဆိုသည်ကို နားလည်သိရှိနိုင်ကြလိမ့်မည် ထင်ပါသည်။ ယင်း သို့ဆိုလျှင် ဗမာပြည်ကွန်မြူနစ်ပါတီ ရောက်ရှိလာခြင်းနှင့်အတူ ကျမတို့တတွေ လွတ်မြောက်လာသည့်အဖြစ်အပျက်မှာ ကျမတို့အတွက် မည်မျှ ဝမ်းမြောက်ပျော်ရွှင်ဖွယ်ကောင်းသော အပြောင်းအလဲကြီးလည်း ဆိုတာ စာနာ နားလည် နိုင်ကြမည်ထင်ပါသည်။

အခါပြည်သူလူထုက ပါတီကို ကျေးဇူးတင်သည်။ ယခုအချိန် သူတို့က ကျေးဇူးတင်ကြောင်း ဖွင့်ဟပြောဖို့ အခွင့်မသာသေးလျှင်လည်း သူတို့ကိုယ်စား အခါအမျိုးသမီးတဦး အနေဖြင့် ကျမက ပါတီအပေါ် ကျေးဇူးတင်ကြောင်း ပြောလိုသည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကျမတို့အခါလယ်သမားသူပုန်မှာ ပါဝင်ခဲ့ဖူးသော တော်လှန်ရေးအင်အားစုများ လက်တွဲပြီး နေဝင်း–စန်းယုစစ်အစိုးရ၏ ကြေးစားတပ်နှင့် ဖောက်ပြန်ရေးတပ်မှန်သမျှကို တိုက်ခိုက်ဖယ်ရှားခဲ့သည်။ ပါတီ၏ ပြည်သူ့တပ်မတော်မှ တိုက်ပွဲဝင်တပ်သားများနှင့် ပြည်သူလူထု၏ အသက်များကို ပေးအပ်စွန့်လှူခြင်းဖြင့် ကျမတို့ ပြည်သူများ လွတ်မြောက်လာခဲ့ကြသည်။ အသက်သွေးချွေးများ ရင်းနှီးပြီး ရယူခဲ့ရသော အောင်ပွဲပါ။ လင်းရောင်ခြည် ကျရောက်ခဲ့ပေပြီ။

ကျမတို့အခါဒေသ လူမျိုးပေါင်းစုံ ပြည်သူများ၏ ဘဝကို အထက်တွင် ကျမ

တင်ပြခဲ့ပြီး ပါပြီ။ခေတ်ဟောင်းမှသည် တပ်မျိုးစုံတို့ လာရောက်ဖိနှပ်သမျှ ကျောကော့အောင် ခံလာခဲ့ကြရသည့် လူထု။ အင်္ဂလိပ်တပ်မှအစ၊ ဂျပန်တပ်၊ ကူမင်တန်တပ်၊ လာအိုတပ်၊ ထိုင်းတပ်။ စော်ဘွားတပ်၊ ကာကွယ်ရေးတပ်၊ လူမျိုးစု ဖောက်ပြန်ရေးတပ် စသည့် တပ်ပေါင်းစုံ၏ ဖိနှိပ်နင်းချေမှုကို ခေတ်အဆက်ဆက်ခံရသလို စော်ဘွား၊ နယ်စားပယ်စား၊ မြေရှင်၊ ငွေတိုးကြီးစားတို့၏ အထုအထောင်းတို့ကြောင့်လည်း ခေတ်အဆက်ဆက် ဝတ်ပြတ်လာရသည့် လူထုပါ။

ကျမတို့မမွေးခင် အဘိုးအဘွားများ ခေတ်ကတည်းက မသေရုံတမယ် လိမ်ပိန်ပြီး အဖိနှိပ်ခံကာ အမှောင်ထုကြီးတည်း တလျှောက်လုံး နေလာခဲ့ရသော အခါလူထုသည် ၁၉၆၈ခုနှစ်စပြီး ဖိနှိပ်မှုများကို ခေါင်းငုံ့မခံဘဲ တုံ့ပြန်တော်လှန်ကာ ဖာလုံဖာလယ် အခါလယ်သမားသူပုန်ကြီးကို ဆင်နွှဲလိုက်ကြပါတော့သည်၊ ဖာလုံဖာလယ်ဆိုတာ မဲခေါင်မြစ်အနီးက ရွာများအမည်ပါ။ တကယ်တမ်းတွင် ဖာလုံ၊ ဖာလယ်ရွာများသာမက ဘဆာ၊ မော်တာ၊ နပန်နွဲ့၊ နာလီစသည့်အခြားရွာများပါ ပါဝင်တဲ့ လူထု တော်လှန်အုံကြွမှုပါ။ လယ်သမားသူပုန်တို့သည် ရရာလက်နက်စွဲပြီး ဇွဲနဘဲနှင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။

ဤလယ်သမားသူပုန်ခေါင်းဆောင်များသည် ၁၉၇၁ ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အလံတော်အောက်မှာ ပါဝင်ပူးပေါင်းပြီး ဖောက်ပြန်ရေးတပ်အမျိုးကို တိုက်ခိုက်ဖယ်ရှားလိုက်သည့်နောက်မှာမှ အခါဒေသပြည်သူများ လွတ်မြောက်ရေး ရရှိ လာခဲ့ခြင်း ဖြစ်ပါသည်။ သည်လို ပြည်သူလူထု လွတ်မြောက်ဖို့အရေး ပါတီ၏ ပြည်သူ့ တပ်မတော်သားများ အသက် သွေး ချွေး ပေးခဲ့ရသည့်နည်းတူ ကျမတို့ အခါအမျိုးသားများသည်လည်း အသက်သွေး ပေးဆက်စွန့်လှူခဲ့ရပါသည်။ ဖာလုံရွာသား လယ်သမား သူပုန်ခေါင်းဆောင်“ပါဆန်း”သည် ၁၉၇၁ ခုနှစ်တွင် ကူမင်တန်ကာကွယ်ရေးတပ်များနှင့် တိုက်ခိုက်ရင်း သူရဲကောင်းပီစစ္စာ ကျဆုံးသွားခဲ့ပါ သည်။

အခုတော့ ကျမတို့ လွတ်မြောက်ခဲ့ပြီ။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် “၈၁၅ စစ်ဒေသ”ကို စတင်ဖွင့်လှစ်လိုက်သည်။ တောင်တန်းဒေသများရော၊ မြေပြန့်လွင်ပြင်များပါ အခါဒေသတခုလုံး နေရာအနှံ့အပြား လွတ်မြောက်လာခဲ့ပါပြီ။ ထိုစဉ် အချိန်ကာလတုန်းက ပါဝင်ပတ်သက်ခဲ့သူမှန်သမျှ ရဲဘော်များ ဖြစ်စေ၊ ပြည်သူများဖြစ်စေ ထိုအချိန်အကြောင်း ပြန်ပြောင်းစဉ်းစားမိလျှင် ရင်ထဲမှာ လှိုက်လဲနွေးထွေးနေကြဦးမည်ဟု ကျမ ထင်မိသည်။

၈၁၅ စစ်ဒေသဌာနချုပ်ကို ‘နပေါင်နွဲ့’မှာ ထားရှိပြီး စစ်ဒေသဆေးရုံက ဌာနချုပ်နှင့် နီးသော နန်ရွာမှာ ဖွင့်လှစ်ထားသည်။

ပါတီက လွတ်မြောက်ဒေသတွင်းရှိ တောင်တန်းမြေပြန့်မကျန် လူထုစည်းရုံး ရေး၊ ပညာပေးလှုံ့ဆော်ရေး၊ ဝါဒဖြန့်ချိရေးတို့ကို အားသွန်ခွန်စိုက် ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

ရွာများတွင် ပြည်သူ့အာဏာ ထူထောင်ပေးသည်။ လယ်သမားသမဂ္ဂများဖွဲ့စည်း ထူထောင်စေသည်။ လူထုမှာလည်း လက်နက်မဲ့ လူထုမဟုတ်တော့။ ပြည်သူ့စစ်များ ဖွဲ့စည်းစေပြီး လက်နက်တပ်ဆင်ပေးသည်။ ပြည်သူ့တပ်မတော်သည် တပ်နဲ့ပြည်သူ ရေနဲ့ငါးပမာ တသားတည်း ဖြစ်စေရေး ဖော်ဆောင်လုံးပန်းသည်။ လူထုဘဝမြင့်တက်လာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်ရေးတိုးတက်ဖို့ အကူအညီ ပေးရုံသာမက ပညာရေး၊ ကျန်းမာရေး၊ အသိအမြင် တိုးတက်လာစေရေး အစစအရာရာအကူအညီပေးကြသည်။

လွတ်မြောက်ရေးအခြေခံဒေသတွင် ခရိုင်၊ မြို့နယ်၊ ဒိုင်နယ် အသီးသီးကို ဖွဲ့စည်း ထူထောင်ကြသည်။ ကျမတို့ရွာမှာ လူထုကိုယ်စားလှယ် ရွာကေဒါနှင့် ပြည်သူ့စစ်ခေါင်းဆောင် များသည် မြို့နယ်၊ ခရိုင်အဆင့် အစည်းအဝေးများသို့ သွားတက်ကြကာ ပြန်ရောက်လာလျှင် လူထုအစည်းအဝေး ပြန်ခေါ်ပြီး ပါတီနှင့် ဆွေးနွေးခဲ့သမျှ ပြန်ပြောပြသည်။ သူတို့ကို ပါတီက သီချင်းတွေလည်း သင်ပေးလိုက်သည်။ သူတို့က သူတို့တတ်ကျွမ်းလာသည့် သီချင်းများကို ရွာတွင် ပြန်သင်ပေးသည်။ ရွာတွင် ဆိုကြကကြနှင့်ပျော်ရွှင်မဆုံးနိုင်အောင် ဖြစ်လာသည်။ အကဝါသနာပါသော ကျမကတော့ အကဆိုလျှင် ရှေ့ဆုံးတန်းက ကလိုက်တာ ကွေးလို့။

အခါ လူထုများသည် ခေတ်အဆက်ဆက် စိုးမိုးခြယ်လှယ် အုပ်ချုပ်လာခဲ့သည့်ဖောက်ပြန်ရေးသမားများနှင့် မိုးနဲ့မြေလို ကွာခြားသော ပါတီနှင့် ပြည်သူ့ တပ်မတော်သားများ ကို ထိတွေ့ဆက်ဆံကြရသောအခါ ချီးကျူးရုံသာမက အံ့သြမဆုံးနိုင်အောင်ဖြစ်မိကြသည်။ လောကမှာ ဒီလိုပါတီ၊ ဒီလိုတပ်မျိုးလည်း ရှိပါသေးကလား။

ယခင်ကလို လူထုသည် တပ်များ ခိုင်းစေတာ လုပ်ရသည့်ဘဝမဟုတ်တော့။ ပြည်သူ့ တပ်မတော်က ရောက်လေရာ ကျေးရွာများတွင် လူထုကူညီရေးလုပ်ငန်းအဖြစ် ရပ်ရွာကို အလုပ်တွေ လုပ်ပေးကြသည်။ အိမ်ရှင်များ တောင်ယာခင်းသွားနေချိန်တွင် ပြည်သူ့တပ် မတော်သားများက ထင်းခွေ၊ ရေခပ်၊ ဝက်စာကျွေး၊ တံမြက်လှည်း၊ ထမင်းချက်စသည့် အိမ်မှုကိစ္စ အဝဝ လုပ်ထားနှင့်ကြသည်။ အိမ်ရှင်များ ယာခင်းက ပြန်လာချိန် အစစအရာရာ အဆင်သင့် ဖြစ်နေနှင့်ပြီ။

ပြည်သူ့တပ်မတော်သည် စည်းကမ်းကြီး ၃ ရပ်နှင့် သတိပြုရန် ၈ ချက်တို့ကို သတိကြီးစွာ လိုက်နာပြီး လူထုဆီက ဘာတခုမျှ အခမဲ့ စည်းကမ်းမဲ့ ရယူခြင်းမရှိ၊ အစစ

အရာရာ လူထုအပေါ် ညွှာတာထောက်ထားသဖြင့် လူထုက ပြည်သူ့တပ်မတော်ကို တွယ်တာ လာကြသည်။ လူထုဆီက ရင်ထဲမှထွက်ပေါ်လာတဲ့ တကယ့်ရင်တွင်းစကား ကို ကျမ ငယ်စဉ်အခါမှာပင် ကြားခဲ့ဖူးသည်။ ပါတီဟာ တို့ကျေးဇူးရှင်၊ ဒီပါတီမျိုး၊ ဒီတပ်မျိုး အရင်က တခါမှ မမြင်ဖူးခဲ့ဘူးတဲ့။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျမ ခင်ပွန်းသည် ပြောပြဖူးသော အချက် ကလေး တခုကို ပြန်လည် ဖော်ပြလိုပါသည်။ လူထုက ပါတီအပေါ် ထားရှိသော သဘော ထားအကြောင်း ဖြစ်ပါသည်။

အခါဒေသဖြစ်သော ၈၁၅ စစ်ဒေသ၏ ခေါင်းဆောင်ဖြစ်သူ ခင်ပွန်းသည် ရဲဘော် ဖေသောင်းသည် ၈၄ ခုနှစ်က ပါတီဗဟို၏ တာဝန်ပေးချက်အရ ပါတီလမ်းစဉ်ပေါ်လစီကို လူထုတွင်း ချပြရန်အတွက် အခါဒေသ ကျေးရွာများအထိ ဆင်းပြီး အစည်းအဝေး လုပ်သည်။ သူလာမည်ဆိုသည်ကို ကြားသည်နှင့် ကျေးရွာလူထုတွေက လမ်းခရီး တောတောင်ကြား ထဲအထိ လာရောက်ကြိုဆိုပြီး ရွာရောက်သည်နှင့် သူ့နှင့် (အစောင့် တပ်ဖွဲ့လည်း ပါသည်) ပါလာသော မြင်းတွေ လားတွေကို တောထဲသွားဝှက် ထားလိုက် သည်။ ရဲဘော်ဖေသောင်းက အကျိုးအကြောင်းမေးတော့ သူတို့ရွာမှာ ညအိပ်မနေဘဲ ခရီးဆက်ထွက်သွားမှာစိုးလို့တဲ့။ ညအိပ်ပြီး ပညာပေးဆွေးနွေးပွဲလုပ်သွားပါရန် တောင်းပန်ကြသည်။ ရဲဘော်ဖေသောင်း တားမြစ်သည့် ကြားထဲက တရွာလုံးက စုပေါင်း၍ ကြက်သတ်၊ ဝက်သတ်နှင့် ဧည့်ခံကြိုဆိုပုံမှာ ခေတ်ဟောင်း တုန်းက ကြက်ဆွဲ၊ ဝက်ဆွဲ ထင်တိုင်းကြဲသူများနှင့် အခြားနားကြီး ခြားနားသွား ခဲ့ပြီ။ ရဲဘော် ဖေသောင်း ကလည်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်သွားသည့်နှယ် ခံစားရသလို လူထုကလည်း ကိုယ့်ဆွေမျိုးရင်းချာတယောက် ပြန်ရောက်လာသလို ခံစားကြရသည့် အဖြစ်မျိုးပါ။

( ခင်ပွန်းသည် ရဲဘော်ဖေသောင်းသည် အခါဒေသ မလွတ်မြောက်မီ ခေတ် ဟောင်းကာလနှင့် လွတ်မြောက်ပြီး တိုးတက်လာမှုအခြေအနေတို့အကြောင်း နှိုင်းယှဉ်ပြီး ပြည့်ပြည့်စုံစုံ ဖော်ပြရေးသားလိုသော ဆန္ဒ အလွန်ပြင်းထန်စွာ ရှိနေခဲ့ပါသည်။ သူ့ကျန်း မာရေးအခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ဤတာဝန်ကို သူထမ်းဆောင် မသွား ခဲ့ရသည့်အတွက် သူလည်း ဝမ်းနည်းမိမည် ဖြစ်သလို ကျမလည်း တသသနှင့် ဝမ်း နည်းကြေကွဲမိရပါသည်။)

* * * * * *

၁၉၇၃ ခုနှစ် နိုဝင်ဘာလထဲတွင် ကျမ ကျောင်းသို့ သွားခဲ့ရသည်။

ကျမ ယခုလို စာရေးသားနိုင်ခြင်းကိုက ပါတီကျေးဇူးကြောင့်ပါ။ တူတံစဉ် အလံတော်အောက် လွတ်မြောက်ရေးအခြေခံဒေသဖြစ်သည့် ၈၁၅ စစ်ဒေသ ၏ ပထမ အသုတ် အခြေခံပညာရေး စာသင်ကျောင်းသို့ သွားရောက်သင်ကြားရန် ကျမတို့ရွာမှ ကျမကို ရွေးချယ် စေလွှတ်လိုက်ကြသည်။ ပါတီ၏ရင်ခွင်အောက် ခိုလှုံခွင့်သာ မရရှိခဲ့လျှင် ကျမရော၊ အခါ အမျိုးသား ရဲဘော်ပေါင်းမြောက်မြားစွာ စာသင်ကြားခွင့်မရကြ။ စာတတ်ခဲ့ကြမည် မဟုတ်ပါ။

စာသင်ကျောင်းကို အခက်အခဲအမျိုးမျိုးအား ရင်ဆိုင်ကျော်နင်းပြီး ကျမတို့ ကိုယ်တိုင် ပါဝင်ထူဆောက်ခဲ့ရခြင်း ဖြစ်သည်။

ကျမတို့၏စာသင်ကျောင်းသည် ဖာလုံဖာလယ် လယ်သမားသူပုန်ထရာ နေရာအနီးက လော်ယော်ဆိုသည့် နေရာတွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ကျေးရွာဒေသ များမှ စာသင်သား ၁၀၀ကျော်၊ ကျောင်းဆရာက ၁၀ ယောက်။ ဆရာတွေရော၊ ကျောင်းသားများပါ တယောက်တလက် စုပေါင်းပြီး စာမသင်မီ ကိုယ့်ကျောင်းကို ကိုယ့် ဘာသာ ဆောက်လုပ်ခဲ့ကြ သည်။ သက်ငယ်မိုး ဝါးထရံကာ ကျောင်းကလေးသာ ပါ။ သို့ရာတွင် အနှစ်သာရဘက်က ပြောလျှင်မူ ပါတီအတွက်ရော ပြည်သူလူထုအတွက်ပါ တန်ဖိုးရှိလှသည့် ကျောင်းလေးပါ။ အခြေခံဒေသတွင် တော်လှန်ရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်စေရေးအတွက် ပါတီအတွက်လည်း ဤကျောင်းမှာ မရှိမဖြစ် အပူတပြင်း လိုအပ်နေသည့်ကျောင်းကလေးပါ။(၁၀၁) စစ်ဒေသမှ ဤကျောင်းသို့ တာဝန်အရ ရောက်ရှိလာသော ကချင် ဆရာ ၄ ဦးက ဦးစီးပြီး ကျမတို့ကျောင်းကို ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်စတင် ဖွင့်လှစ်ခဲ့ကာ စာ စသင်ခဲ့ပါသည်။ ကျောင်း သားများမှာ ဗမာစာမပြောနဲ့။ ဘယ်သူမှ ဗမာစကား မတတ်ကြ။ တလုံးတလေ နား လည်ဖို့ မပြောနဲ့၊ ကောင်းကောင်းပင် မကြားဖူးကြ။

ကျမတို့အခါ အမျိုးသား ရဲဘော်'အတီး'က တရုတ်စကားတတ်သည်။ သူ့ အသက်က ၂၅ နှစ်ရှိပြီး တဘက်နိုင်ငံသို့ သွားကာ တရုတ်စကားကို သီးသန့်လေ့လာ သင်ကြားခဲ့ရခြင်းဖြစ်သည်။ သူ့တာဝန်က ဘာသာပြန်ဖြစ်သည်။ ကျမတို့ စာသင်ရသည်မှာ စာသင်ပေးသော ဗမာဆရာ၏စကားကို တရုတ်ဘာသာပြန်၊ ရဲဘော် အတီးက တရုတ်လိုကနေ အခါလို ဘာသာပြန်ပြီး ခက်ခက်ခဲခဲ သင်ကြားရခြင်း ဖြစ် သည်။ ဘာသာစကားမပေါက်တော့ အခက်အခဲ ကြုံတာတွေ ကသိကအောက် ဖြစ်တာတွေ ဒုနဲ့ဒေးပေါ့။

ကျမတို့ကျောင်း၏ ကျောင်းအုပ်မှာ ဆရာလယော်ဖြစ်ပြီး ဆရာဇော်တောင် က နိုင်ငံရေးမှူး ဖြစ်သည်။ ဆရာအောင်နိုင်က ကျန်းမာရေးနှင့် ပညာရေး၊ ဆရာနောင်

တောင်က လူငယ့်ရေးရာနှင့် စည်းရုံးရေး စသဖြင့် တာဝန်အသီးသီး ခွဲဝေ ထမ်းဆောင်ကြသည်။

၁၉၇၆ ခုနှစ် ဇွန်လတွင် ၈၁၅ စစ်ဒေသ၏ နိုင်ငံရေးမှူးဖြစ်သူ ရဲဘော်ဖေသောင်းသည် ကျမတို့ကျောင်းသို့ သူကိုယ်တိုင် လာရောက်ပြီး စစ်ဆေးမေးမြန်းပါသည်။ သူ့ကို ပထမဆုံး အကြိမ် စတင်တွေ့ဖူးခဲ့ခြင်းပါ။ သူလို ခေါင်းဆောင်တယောက်က နောင်တွင် ကျမ၏ ခင်ပွန်းသည်ဖြစ်လာလိမ့်မည်ဟုလည်း မည်သို့မျှ ကြိုတင်သိရှိခဲ့ခြင်း မရှိပါ။

ရဲဘော်ဖေသောင်းက သူကိုယ်တိုင် မေးခွန်းများမေးပြီး ကျောင်းသားများကို အဖြေခိုင်းသည်။ သည့်နောက် စည်းကမ်းကြီး ၃ ရပ်၊ သတိပြုရန် ၈ ချက် သီချင်းကို အဆိုခိုင်းသည်။ ဤသီချင်းကို အရေးခိုင်းပြီး သတ်ပုံများကို စစ်ဆေးသည်။ ပြည်သူ့တပ် မတော်၏ ခေါင်းဆောင်များရော ရဲဘော်များပါ အလွန်အလေးထား လိုက်နာကြသည့် ဤသီချင်းမှာ ယခုတိုင် ကျမရင်ထဲ စွဲမြဲလျက်ပါ။

"ပြည်သူ့တပ်မတော်မှန်စွာ× ×× စည်းကမ်းသုံးရပ်ဟာ×××ဘာပဲလုပ်လုပ် အသေအချာ အမိန့်နာခံရမှာ×××ပြည်သူ့ပစ္စည်းကို ချည်တမျှင်ပင် မယူရ ×× ×စစ်မြေပြင်က သိမ်းပိုက်လေသမျှ အများပိုင်ဆိုင်စေရာ×××သတိမူစရာ ရှစ်ချက်ကိုသာ××× ခိုင်ခိုင်မာမာ စွဲမှတ်စေရာ×××ချိုချိုသာသာ ပြောကြားစေရာ ×××ဝယ်ယူရာမှာ တန်ဖိုးပေးစေရာ×××

×××ပြည်သူ့ဥစ္စာမှန်စွာ ငှားပြီး ပြန်အပ်ပါ×××ပစ္စည်းပျက်ရင် လျော်ပါ××× မူးယစ်သောက်စားတာ ရှောင်ကြဉ်စေရမှာ×××စပါးသီးနှံတွေကို ထိန်းသိမ်းကာကွယ် အမျိုး သမီးတွေအပေါ် သဘောထား ဖြူစင်ပါ×××လူမျိုးစုံစွာ ထုံးတမ်းစဉ်လာ လေးလေးစားစား သဘောထားမှန်ပါ×××သုံ့ပန်းတွေကို မညှဉ်းဆဲစေရာ ×× ×ပြည်သူစဉ်မက္ခာ အလုပ်အကျွေး ပြုစေရာ×××"ဟူ၍ ဖြစ်ပါသည်။

ထိုသို့ဖြင့် ကျမတို့ ကျောင်းသူကျောင်းသားများမှာ စာမေးပွဲဖြေဆိုကြရပြီး နောက် စာမေးပွဲအောင်မြင်ကြသူများသည် တော်လှန်ရေးလုပ်ငန်းများကို ထမ်းဆောင် ရန်အတွက် မန်ဖိုင် စစ်ဒေသဌာနချုပ်သို့ ပြောင်းရွှေ့ခဲ့ရပါ သည်။(ထိုစဉ်အချိန်တွင် ၈၁၅ စစ်ဒေသ၏ဌာနချုပ်သည် မန်ဖိုင်သို့ ပြောင်းရွှေ့ထားပြီ ဖြစ်ပါသည်။) စာမေးပွဲ အောင်မြင်သူများထဲတွင် ကျမလည်း ပါဝင်သဖြင့် စစ်ဒေသဌာနချုပ်သို့ လိုက်ပါ သွားခဲ့ ရပါသည်။ ၇၆ ခုနှစ် ဇွန်လထဲမှာပါ။ ဌာနချုပ်သို့ရောက်လျှင် ပေးသည့်တာဝန်၊ ကျရာ တာဝန်ကို ထမ်းဆောင်ရန် စိတ်ဓာတ်အရ အသင့်ပြင်ဆင်ထားရပါသည်။

ကျမကတော့ မနက်တိုင်း ကျောင်းတက်ခါနီးအချိန်တွင် တူတံစဉ်အလံတော်ကို လွှင့်ထူပြီး ပါတီအလံတော်အား နေ့စဉ် အလေးပြုခဲ့ကြရပုံကို သတိရနေမိပါသည်။

*    *    *    *    *    *

ကျမတို့ မန်ဖိုင်ဌာနချုပ်သို့ ရောက်သွားပြီးနောက် မကြာမီမှာပင် နိုင်ငံရေး လေ့လာရေးသင်တန်း တက်ကြရပါသည်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့် မော်စီတုန်းအတွေး အခေါ် သဘောတရားများကို လေ့လာရခြင်း ဖြစ်ပါသည်။

နိုင်ငံရေးလေ့လာရေးသင်တန်း ပြီးစီးသွားသောအခါကျမှ ကျမတို့ကို တာဝန် အသီးသီး ခွဲပေးပါသည်။ တချို့က ကြေးနန်းဆက်သွယ်ရေးဌာန ရောက်သူရောက်၊ ထောက်ပံ့ရေးဌာန ရောက်သူရောက်၊ ကုန်သွယ်ရေးဌာနရောက်သူရောက်နှင့် ကျမတို့ ကျောင်းသူကျောင်းသားများမှာ လုပ်ငန်းတာဝန်အရ ကိုယ့်တာဝန်ရှိရာအရပ်သို့ ပြောင်းရွှေ့ကြရပါသည်။ ကျမနှင့် ရဲဘော်ဆယ်ဖျန်တို့နှစ်ယောက်ကတော့ ဌာနချုပ်၏ ရုံးဌာနသို့ ရောက်ရှိသွားကြပါသည်။

ရုံးဌာနတွင် ရုံးအုပ်အဖြစ် တာဝန်ယူနေသော ရဲဘော် မသန်းသန်းဝင်းကို ကျမတို့ တွေ့ရှိရသည်။

ဤနေရာတွင် စစ်ဒေသ၏ ပါတီကော်မတီအကြောင်း အနည်းငယ်မိတ် ဆက်တင် ပြပါမည်။

၈၁၅ စစ်ဒေသ၏ ခေါင်းဆောင်မှုအဖွဲ့ဖြစ်သော စစ်ဒေသ ပါတီကော်မတီတွင်…

ရဲဘော်ဖေသောင်း– နိုင်ငံရေးမှူး

ရဲဘော်သန်းမောင်– ဒု–နိုင်ငံရေးမှူး

ရဲဘော်ဇော်ဆိုင်း –တပ်မှူး

ရဲဘော်စိုင်းလင်း– စစ်ဦးစီးမှူးနှင့် စစ်ဆင်ရေးမှူး

ရဲဘော် အဘိုးဟိုင်ရွှယ်– ပါတီကော်မတီဝင်နှင့်

ရဲဘော် လော်အယ်ဂျီဖြူ–ပါတီကော်မတီဝင်…တို့ ဖြစ်ကြပါသည်။

၎င်းတို့အနက်မှ ဒေသခံ ရဲဘော် အဘိုးဟိုင်ရွှယ်နှင့် ရဲဘော်လော်အယ်ဂျီဖြူတို့ နှစ်ယောက်မှာ ဖာလုံ–ဖာလယ် လယ်သမားသူပုန်၏ ခေါင်းဆောင် အခါအမျိုးသားများ ဖြစ်ကြပါသည်။

ကျမတို့၏ ရုံးအုပ် မသန်းသန်းဝင်းက အဆိုပါ စစ်ဒေသကော်မတီဝင် စစ်ဦးစီး မှူး ရဲဘော်စိုင်းလင်း၏ ဇနီးပါ။ ဌာနချုပ်ရုံးမှာ ရုံးအုပ်မှာလည်း ရဲဘော်မသန်းသန်းဝင်း၊ ရုံးလုပ်သားမှာလည်း ရဲဘော်မသန်းသန်းဝင်း။ တရုံးလုံး သူတယောက်တည်း ဖြစ်နေပါ သည်။ ဒေသခံ အခါရဲဘော်အများအပြား ရှိနေသော်လည်း ဗမာစကား၊ ဗမာစာ မတတ် ကြသဖြင့် ရုံးလုပ်ငန်းတွင် အသုံးပြု၍ မရနိုင်ဘဲ ဖြစ်နေပါသည်။ မသန်းသန်းဝင်း ကတော့ အခါစကားကို မွတ်နေအောင်၊ ဖြောင့်နေအောင် ပြောနိုင်သူ ဖြစ်ပါသည်။ ဌာနချုပ်ရုံးတွင်

မသန်းသန်းဝင်း တဦးတည်း ရှိနေသဖြင့် ကျမတို့နှင့် အားဖြည့်လိုက်ရခြင်း ဖြစ်ပါသည်။

ကျမတို့ ၂ ယောက် လက်နှိပ်စက် အရိုက်သင်ရမယ်တဲ့။ ဒါပေမဲ့ ဌာနချုပ်ရုံးမှာ လက်နှိပ်စက်က တလုံးတည်းရယ်။ ဒီလက်နှိပ်စက်နှင့် သင်လို့ မဖြစ်နိုင်ပါ။

ကျမတို့ ၂ ယောက် လက်နှိပ်စက် လေ့ကျင့်သင်ကြားလို့ ဖြစ်အောင် နိုင်ငံရေးမှူး ရဲဘော်ဖေသောင်းက ကတ်ထူစက္ကူသေတ္တာပုံးတွေ ဖျက်ပြီး ကပ်ထူပြားပေါ်တွင် လက်နှိပ်စက်ပုံစံအတိုင်း စာလုံးများဖော်ကာ တီထွင်ပြီး လက်ဖြင့် ရိုက်နှိပ်လေ့ကျင့် စေပါသည်။ ပါတီနှင့်တော်လှန်ရေးအတွက် အရေးတကြီးလိုအပ်နေချိန်မှာ လက်နှိပ်စက်ရိုက်တတ်အောင် ရှိနေသည့် ရုပ်ဝတ္ထုအခြေအနေကြားထဲမှနေ၍ ဖြစ်သည့်နည်းဖြင့် ကျမတို့သင်ကြားရပါသည်။ တော်တော်လေး လေ့ကျင့်သားရလာမှ လက်နှိပ်စက်ကို ကျမတို့စတင်ကိုင်တွယ်ရပါသည်။ လက်နှိပ်စက်ကို ကျမတို့ရင်းနှီးလာသလို စစ်ဒေသ၏ အမြင့်ဆုံးခေါင်းဆောင်ဖြစ်သော ရဲဘော်ဖေသောင်း နှင့်လည်း လက်နှိပ်စက်လေ့ကျင့်မှုသင်ပြရင်း ရင်းနှီးလာခဲ့ပါသည်။

တနေ့တွင် ကျမကို လက်နှိပ်စက်ရိုက် လေ့ကျင့်ပေးနေချိန်တွင် ရဲဘော်ဖေသောင်းထံမှ မျှော်လင့်မထားသော မေးခွန်းတခုကို ရုတ်တရက် ကြားလိုက်ရသည်။ကျမချက်ချင်း တုန်လှုပ်သွားမိသည်။ “မီနာ...နင့်မှာ ရည်းစားရှိသလား”တဲ့။

ကျမ မျက်လုံးတွေ ပြာဝေသွားမိပါသည်။ တကယ်တမ်းတွင် ကျမတွင် ချစ်သူရည်းစား ရှိနေပါပြီ။ ဒါပေမဲ့ ရှိတယ်လို့ ကျမ ပြန်မဖြေရဲပါ။ ပါတီထဲမှ စည်းကမ်းတရပ်ရှိသည်ဟု ကျမ ကြားဖူးထားပါသည်။ တော်လှန်ရေးလုပ်နေစဉ် အချိန်မတန် အရွယ်မတိုင်သေးဘဲ နောက်ပြီး ပါတီ၏သက်ဆိုင်ရာ အဖွဲ့အစည်းထံ တင်ပြတောင်းခံခြင်း မပြုဘဲ ရည်းစားမထားရ၊ အိမ်ထောင်မပြုရ ဟူသော စည်းကမ်းချက် ဖြစ်ပါသည်။ ရှိတယ်လို့ ဖြေလိုက်ရင် ငါ တပ်ထဲက ထွက်သွားရတော့မယ်။ ပါတီထဲက ထွက်သွား ရတော့မယ်။ ဟင့်အင်း...။ ငါ ပါတီနဲ့ တပ်ကို မခွဲနိုင်ဘူး။ ကျမစိတ်ထဲတွင် ကျမငယ်စဉ် ကလေးဘဝက ခံစားခဲ့ရသော အတိတ်ခါး အဖြစ်အပျက်များသည် မျက်စိထဲမှာ တရိပ်ရိပ် ပြန်ပေါ်လာသည်။ ငယ်စဉ်က ထမင်းတော်ပြီး တောထဲက သစ်ဥသစ်ဖု ရှာစားကြရသော ကျမတို့ရွာသူရွာသားများ၊ အမနှင့်အကိုတို့ကို ကူမင်တန်တို့က ဖမ်းခေါ်သွားပုံ၊ ကျမ၏အချစ်ဆုံးသူငယ်ချင်း မုဒိမ်းအကျင့်ခံရပုံ...သည်ဘဝတွေ ကျမ ပြန်မသွားချင်တော့ဘူး။ ကျမခေါင်းကို တအားခါယမ်းပစ်လိုက်ပါသည်။

“မရှိပါဘူး”

သည့်နောက် ရဲဘော်ဖေသောင်းက ဘာမှ ဆက်မပြောပါ။ သူ့မျက်နှာမှာ ဝမ်းသာသွားသည့်စိတ်ဖြင့် ပြုံးယောင်သန်းသွားသော်လည်း ထိုစဉ်ကမူ ကျမသည် မှုန်ထူ

နေသဖြင့် ထိုအချက်ကို ကောင်းကောင်းသတိမထားလိုက်မိပါ။ ရည်းစားထားမိသည့်အတွက် ပါတီက အပြစ်ပေးအရေးယူပြီး တပ်က ထုတ်ပစ်လိုက်မှာကိုပဲ စိုးရိမ်နေမိပါသည်။

ကျမအခန်းသို့ ပြန်ရောက်လျှင်လည်း ဘာမှ ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင်လို့မရ။ ရည်စားထားမိသည့်အပြစ်ကိုပဲ ကျမစိတ်ထဲစွဲနေပြီး အချိန်နှင့်အမျှ ထိုကိစ္စက ကျမကို ခြောက်လှန့်လျက် ရှိနေသည်။ ထမင်းစားလျှင်လည်း ထမင်းလုပ် ပါးစပ်ထဲ ဘယ်လိုဝင် သွားမှန်းပင်မသိ။ ထမင်းတောင် မစားချင်လောက်အောင် ဖြစ်နေမိသည်။

ထိုနေ့ညနေမှာပင် ကျမ၏ ချစ်သူရည်စားထံသို့ စာတစောင် ရေးပို့လိုက်ပါတော့သည်။ "ဒို့တတွေ အသက်တွေကလည်း ငယ်ကြသေးတယ်။ ပါတီပေးတဲ့ လုပ်ငန်းတာဝန်တွေလည်း ကောင်းကောင်း မလုပ်ရသေးဘူး။ ဒါကြောင့် ဒီအချိန်မှာ ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးတွေ မစဉ်းစားသေးရင် ကောင်းမယ်"ဟူသော သဘောမျိုးပါဝင်ပါသည်။ တနည်းအားဖြင့် အဆက်ဖြတ်စာဟုလည်း ဆိုနိုင်ပါသည်။ ကျမချစ်သူကတော့ ကျမ ဘာကြောင့် ဒီစာမျိုး ရေးလိုက်သည်ကို မသိရှာပါ။ သူက သဘောရိုးနှင့် ကျမစာကို သဘောတူကြောင်း၊ နားလည်ပါကြောင်း စာပြန်လာပါသည်။

ထို့ကြောင့် ကျမမှာ စိတ်သက်သာရာ ရသွားခဲ့ပါသည်။ စိတ်အေးသွားပါသည်။ ကျမသည် ကျရာ တော်လှန်ရေးတာဝန်ကို ဆက်လက် ထမ်းဆောင်ရင်း ပျော်ရွှင်နေပါသည်။

သို့ရာတွင် ဤကိစ္စသည် ဤနေရာမှာပင် တခန်းရပ်သွားခဲ့သည်မဟုတ်ပါ။ ကိစ္စများ ဆက်လက် ဖြစ်ပွားလာခဲ့သည်။ သို့ရာတွင် တပ်ထဲမှ ထွက်သွားရမည့်ကိစ္စမဟုတ်တော့ပါ။ မဟုတ်ရုံမျှမက ရာသက်ပန် တော်လှန်ရေးထဲလိုက်ပါရေး ကိစ္စဖြစ်လာပါသည်။

တနေ့တွင် ကျမ လက်နှိပ်စက်ရိုက်သည့်နေရာသို့ ရဲဘော်ဖေသောင်း ရောက်ရှိလာပါသည်။ သူက သက်တောင့်သက်သာ ထိုင်ရင်းက သူ့ဘဝအကြောင်းတွေကို အေးအေးဆေးဆေး ပြောပြနေပါသည်။

ထိုနေ့ကို ကျမ ကောင်းကောင်းမှတ်မိနေပါသေးသည်။ ၁၉၇၇ ခုနှစ်၊ မေလ (၈) နေ့ပါ။ ညနေပိုင်း၂ နာရီ၊ ၃ နာရီလောက်မှာ ဖြစ်ပါသည်။

သူသည် ဖက်ဆစ်တော်လှန်ရေးသမားဘဝကတည်းက တော်လှန်ရေးတာဝန်တွေကို ကိုယ့်အသက်ကိုယ်မငဲ့ဘဲ လုပ်လာခဲ့ကြောင်း။ ထိုစဉ်ကတည်းက သူသည် ပါတီဝင် ဖြစ်လာခဲ့ကြောင်း။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင်လည်း ဗမာပြည်သူတရပ်လုံး လုံးဝလွတ်မြောက်ရေးအတွက် သူသည် ပါတီပေးသော တော်လှန်ရေး တာဝန်

များကို ဆက်လက်ထမ်းရွက်ခဲ့ကြောင်း။ တာဝန်အမျိုးမျိုး ထမ်းရွက်ခဲ့ပြီးနောက် အဖွဲ့အစည်းမှ နောက်ထပ်ပေးလာသော တာဝန်အရ သူသည် တဘက်နိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း။ သူနှင့် ရဲဘော်များသည် ကိုယ့်နိုင်ငံတွင်းပြန်ဝင်ပြီး တော်လှန်ရေးတာဝန်လုပ်ဆောင် ဖို့သာ စိတ်အားထက်သန်ပြင်းပြ နေကြကြောင်း။ သို့ရာတွင် ကမ္ဘာ့နိုင်ငံရေး အခြေအနေ နှင့် ဗမာပြည်နိုင်ငံရေးအခြေအနေအရ သူနှင့်တကွ တဘက်နိုင်ငံသို့ ရောက်ရှိနေကြသော ရဲဘော်များမှာ ကိုယ့်နိုင်ငံ ကိုယ်ပြန်ခွင့်မရသေးဘဲ တဘက်နိုင်ငံတွင်ပင် အချိန်ကြာမြင့်စွာ သောင်တင်နေကြရကြောင်း။ ရဲဘော်များမှာ အသက်အရွယ်လည်း ကြီးရင့်လာ ကြပြီဖြစ်သဖြင့် အထက်အဖွဲ့အစည်းမှ ရဲဘော်များကို အိမ်ထောင်ပြုခွင့်ပေးခဲ့ကြောင်း။ ထို့ကြောင့် အခြားရဲဘော်များနည်းတူ သူသည်လည်း တဘက်နိုင်ငံသူတဦးနှင့် အိမ်ထောင်ပြုခဲ့ကြောင်း။ သားသမီးနှစ်ဦးပင် ရှိခဲ့ကြောင်း။ သူ ဗမာပြည်တွင်း ပြန်ဝင်ပြီး တော်လှန်ရေးတာဝန်ထမ်းဆောင်ဖို့ ပါတီက တာဝန်ပေးသည့် အချိန်တွင် သူ့ဇနီး ဖြစ်သူသည် သူ့နိုင်ငံကို စွန့်လွှတ်ပြီး ဗမာပြည်တော်လှန်ရေးအတွင်း လိုက်ပါဖို့ ဆန္ဒ မရှိကြောင်း။ သူ့ဇနီးသည်နှင့် ဤသို့ ခွဲခွာလာခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ကွာရှင်းစာတင်၍ ကွာရှင်းလိုက်ကြကြောင်း။ စသည်တို့ကို ကျမနားလည်နိုင်မည့် စကားများကို ရွေးခြယ်ပြီး ရှင်းပြနေပါသည်။

ကျမ နားမလည်ပါ။ ကျမ နားမလည်သည်မှာ သူစကားများကို မဟုတ်ပါ။ သူ ဘာကြောင့် ငါ့ကို ဒါတွေလာပြောနေပါလိမ့်–ဆိုပြီး ဤသည်ကို နားမလည်နိုင်အောင် ဖြစ်နေဖြင်းပါ။ ဒါပေမဲ့ သိပ်မကြာလိုက်ပါ။ ကျမနားလည် လာပါတော့သည်။ ကျမ နားလည်အောင်လည်း သူ ပြောပြတာက ရှင်းလင်းလှပါသည်။

"ကျွန်တော့်မှာ အသက်အရွယ်ကလည်း တဖြည်းဖြည်း ကြီးလာပြီ။ ကျန်းမာရေးကလည်း သိပ်ကောင်းလှတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပါတီပေးတဲ့ တော်လှန်ရေးတာဝန်တွေကိုတော့ မသေမချင်း အစွမ်းကုန်ကြိုးပမ်း ထမ်းရွက်သွားမှာပါ။ ဗမာပြည်တပြည်လုံး မလွတ်မြောက်သေးဘူး။ တော်လှန်ရေးတာဝန်တွေ မပြီးသေးဘူး။ ဒီတော့ သမိုင်းပေးတာဝန်တွေကို ကျွန်တော်တို့ ဆက်လက် ထမ်းဆောင်ဖို့ လိုနေသေးတယ်။ ဒီတာဝန်တွေ ဆက်လက်ထမ်းဆောင်ဖို့ ကျွန်တော် ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားတာဖြစ်ပေမယ့် ကျွန်တော့်မှာ အနီးကပ် ကျွန်တော့်ကို ကူညီစောင့်ရှောက်ပေးမယ့် လက်တွဲဖော်တယောက် လိုအပ်နေတယ်လို့ ခံစားရတယ်။ တယောက်နဲ့တယောက် အပြန်အလှန် ကူညီစောင့်ရှောက်သွားရမယ့် လက်တွဲ ဖော်လည်း ဖြစ်ရမယ်။ တော်လှန်ရေးကို အောင်ပွဲမရမချင်း ဆက်လုပ်မယ့် ယုံကြည်ချက်တူ ရဲဘော်ရဲဘက်လည်း ဖြစ်ရမယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် စဉ်းစားကြည့်တဲ့ အခါ ကျနော့် စိတ်ထဲမှာ ရဲဘော်မီနာကို

မြင်လာတယ်”။

သူက အိမ်ထောင်တခု ထူထောင်ပြီး ရာသက်ပန် ပေါင်းသင်းနေထိုင်သွားဖို့ ကတိပေးကြောင်း၊ တယောက်နဲ့တယောက် အပြန်အလှန်ကူညီဖေးမပြီး ရာသက်ပန် တော်လှန်ရေးအိမ်ထောင် တည်ဆောက်သွားမယ် ဟု ဆက်လက်ရှင်းပြနေသည်။

ကျမမှာ မှင်ထူနေပြီး ခေါင်းမဖော်ရဲဘဲ ဖြစ်နေမိသည်။ ကိုယ်လေးစားသော နောက်ပြီး သူ့အရှိန်ကို ကြောက်ရွံ့နေရသော ခေါင်းဆောင်တဦးလည်း ဖြစ်နေသဖြင့် ဘယ်လို ပြန်ပြော ရမှန်းလည်း မသိပါ။ခေါင်းငုံ့ပြီး စားပွဲခုံကို လက်သည်းနှင့် ကုတ်ခြစ်နေမိသည်မှာ လက်ချောင်းတွေ နာလာသည်အထိပါ။

*　　*　　*　　*　　*　　*

၁၉၇၇ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် ကျမတို့ လက်ထပ်လိုက်ကြပါသည်။

တခြားအကြောင်းအရာများကို ကျမ အသေးစိတ်မဖော်ပြလိုတော့ပါ။ ကျမ ဖော်ပြလိုသည်မှာ ဇနီးဖြစ်သူ ကျမအပေါ်တွင် ထားရှိသော သူ၏သဘောထားပင် ဖြစ်ပါသည်။

သူသည် ကျမ၏ ခင်ပွန်းသည် ဖြစ်သလို ကျမ၏ခေါင်းဆောင်ဖြစ်သည်။ သူ့ကို ကျမသည် ခင်ပွန်းသည်အနေဖြင့် ချစ်ခင်သလို ခေါင်းဆောင်အနေဖြင့် လေးစားသည်။ သူသည် ကျမအတွက် ခင်ပွန်းသည်အဖြစ်သာမက တခါတရံ ဖခင်သဖွယ်၊ တခါတရံ အစ်ကိုသဖွယ်အဖြစ် ခံစားမိပါသည်။ ထူးထူးခြားခြား ကျမခံစားမိသည်မှာ သူသည် ကျမကို အမြဲမပြတ် ပညာပေး သွန်သင်တတ်သူ တော်လှန်ရေးဆရာ တဦးပါ။

ရဲဘော်ဖေသောင်းသည် ခေါင်းဆောင်အချင်းချင်းသာမက အောက်ခြေရဲဘော်များ ကိုပင် ဘယ်တော့မဆို ကျွန်တော်နှင့်၊ ခင်ဗျားနှင့် – ဆိုပြီး သုံးနှုန်းဆက်ဆံတတ်သူပါ။ ထို့ကြောင့် ကျမကို သူတင်းတင်းကျပ်ကျပ် တောင်းဆိုတတ်သော်လည်း နူးညံ့ယဉ်ကျေးစွာ ပြောဆိုပြီး တောင်းဆိုခြင်း ဖြစ်ပါသည်။ ကျမနှင့် ပြောဆိုရာမှာတော့ လက်ထပ်ပြီး ချိန်မှာတောင် သူ့ကိုယ်သူ ‘ကျွန်တော်’ဟု သုံးပြီး ကျမကိုတော့ ‘နင်’ဟု သုံးတတ်ပါသည်။ ကျမတို့က ‘နင်’ဆိုသည့် စကားကို ‘ခင်ဗျား’ဟူသော စကားထက် ပိုမို နားယဉ်နေတတ်လို့ပါ။ နောက်ပိုင်းကျမှသာ လင်မယားသဘာဝ မင်းနှင့်ငါနှင့် သုံးလာခြင်း ဖြစ်ပါသည်။

“ကိုယ်တိုင် စံပြလုပ်နိုင်မှ တခြားရဲဘော်များကို ခေါင်းဆောင်နိုင်မှာ ဖြစ်တယ်။ ကျွန်တော်က စစ်ဒေသခေါင်းဆောင်ကေဒါတယောက်။ နင်က ကျွန်တော့် ဇနီးလည်း

ဖြစ်သလို တပ်မတော်သားတယောက်လည်း ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တွေနဲ့ ခွဲခြား ဆက်ဆံနေလို့ မဖြစ်ဘူး။ တန်းတူ ဆက်ဆံရမယ်။ ကိုယ်ကျိုး မဖက်ရဘူး။ ကိုယ်ကျိုး မဖက်ရုံမက လိုအပ်ရင် ကိုယ်ကျိုးကို စွန့်လွှတ်နိုင်ရမယ်။ အရာရာမှာ ခြိုးခြံချွေတာ ရမယ်။ ဒီလို ပြောတာ နင့်ကို မချစ်လို့ ပြောတာ မဟုတ်ဘူးနော်။ ချစ်လို့၊ ပါတီရဲ့ သမီး ကောင်းတယောက် ဖြစ်စေချင်လွန်းလို့ ဒီလို ပြောပြနေတာ။ ပါတီနဲ့ တော်လှန်ရေး အတွက် လိုအပ်လာရင် မိမိအသက်ကိုတောင် စွန့်လွှတ်နိုင်ရမယ်။ နောက်ပြီး ကိုယ့်ဘဝ ကို ဘယ်တော့မှ ကိုယ်မမေ့ရဘူး။”

သူနှင့် ကျမ လက်ထပ်ပြီး နှစ်တချို့အကြာ တနေ့သားတွင် ကျမက သူနှင့် လက်မထပ်မီ ရည်စားဦးရှိခဲ့ပြီး ရည်စားဦးနဲ့ ခွဲခဲ့ရကြောင်း သူ့ကို ပြောပြမိသည်။ သူက ပြုံးပြီး သူ့ကို အဲဒီကတည်းက ဘာလို့ မပြောခဲ့တာလဲ ဟု မေးသည်။ ကျမက “ကြောက် လို့ပေါ့”ဟု ပြန်ဖြေ ခဲ့သည်။ ကြောက်လို့ဆိုတာကို သူဘယ်လို နားလည်သွားသည်မသိ။ ကျမ ကြောက်သည်မှာ ပါတီနဲ့ခွဲခွာရမှာ၊ တပ်က ထွက်ရမှာ၊ အတိတ်ခါး ခေတ်ဟောင်းက ဘဝမျိုး ပြန်သွားရမှာ ကြောက်မိခြင်း ဖြစ်ကြောင်း ပြန်ရှင်းပြရသည်။

သူနှင့် ကျမတွင် သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်။ အကြီးက သမီး လေး။ သားက အငယ်ပေါ့။

သူ့အကြောင်း ကျမ စဉ်းစားမိလျှင် သူ ဆုံးမသွန်သင် ပညာပေးခဲ့သော စကား တွေပဲ နားထဲ ရောက်ရောက်လာတတ်သည်။ ဤသည်မှာ ဇနီးအပေါ် ထားရှိသော သူ့သဘော ထားပင် ဖြစ်ပါသည်။ သူ့စကားတွေကို ကျမက ပြန်ရေးပြသည်ထက် ကျမထံ သူရေးပေးခဲ့သော စာတွေထဲက ထုတ်နုတ်ပြလျှင် ပိုမို ပေါ်လွင်ထင်ရှားလိမ့်မည် ထင်ပါ သည်။ ရဲဘော်ဖေသောင်း၏ “ ချစ်ဇနီးသို့ ပေးစာများ”ပေါ့။

သူ ဗဟို အစည်းအဝေးသို့ သွားလျှင် ဖြစ်စေ၊ လုပ်ငန်းတာဝန်အရ အဝေးသို့ ရောက်နေလျှင် ဖြစ်စေ။ ကျမထံ စာရေးတတ်သည်။ သူ့စာက ဘယ်လို စာမျိုးတွေလဲ– ဆိုတာ ဖတ်ကြည့်ကြပါ။

၁၉–၁၀–၇၈ ရက်နေ့၊ ပေးစာ (၁) မှ

**ချစ်သောမီနာ**

မင်းတို့သားအမိ နှစ်ယောက်စလုံး မဖျားမနာ နေကောင်း ထိုင်ကောင်း ရှိကြရဲ့လား။ ငါလည်း ကျန်းကျန်းမာမာပဲ ရှိနေတယ်။

ငါ ဇဟိုကို ၁၃ ရက်နေ့က ရောက်တယ်။ အစည်းအဝေးတော့ မစသေး၊ အစည်းအဝေး ဘယ်နေ့လောက်စမယ်၊ ဘယ်လောက်ကြာမယ်၊ ဘယ်နေ့လောက်ပြီး မယ်ဆိုတာတော့ မသိသေးဘူး။ ကြာတော့ကြာလိမ့်မယ်လို့ ထင်တယ်။

ငါတို့လက်ထပ်ခဲ့ကြတာ တနှစ်ကျော် ရှိခဲ့ပြီ၊ ဒီတနှစ်ကျော်အတွင်းမှာ အမှန်ပဲ ငါ့အနေနဲ့ မင်းကို ကူညီမှုမလုံလောက်ခဲ့ဘူး။ နောင် ငါ ကြိုးစား ကူညီသွားမယ်။ မင်းကလည်း ငါ့ကို အကူအညီများများပေးသွားဖို့ တောင်းဆို မျှော်လင့်တယ်။

ငါဟာ ပါတီဝင်တယောက်ဖြစ်တယ်။ ခေါင်းဆောင်တယောက်လည်း ဖြစ်တယ်။ မင်းဟာ ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာရှိတဲ့ ပြည်သူ့တပ်မတော်သား တယောက် ဖြစ်တယ်။ ငါတို့ဟာ တသက်လုံးပေါင်းသင်းနေထိုင်သွားကြပြီး ရာသက်ပန် တော်လှန်ရေးအိမ်ထောင် တခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြမှ ဖြစ်မယ်။ တော်လှန်ရေး အိမ်ထောင်ဆိုတာ အဖေရော အမေရော သားသမီးတွေရော တအိမ်ထောင်လုံး တော်လှန်ရေး လုပ်တဲ့အိမ်ထောင်ကို ခေါ်တယ်။ ငါတို့သားတွေသမီးတွေကို တော်လှန်ရေးမျိုးဆက်တွေဖြစ်အောင် မွေးမြူသွားကြရမယ်။ တော်လှန်ရေးမျိုးဆက်ဆိုတာ ငါနဲ့မင်းလုပ်တဲ့ တော်လှန်ရေးကို ငါတို့သားသမီးတွေ ဆက်လုပ်သူတွေဖြစ် တာကို ဆိုလိုတယ်။

ဒီလို တော်လှန်ရေးအိမ်ထောင်ဖြစ်ဖို့ဆိုရင် ထာဝစဉ် ပါတီရဲ့ အလံတော်အောက်မှာ ပါတီစကားကို နားထောင်၊ ပါတီညွှန် ကြားတဲ့အတိုင်းလုပ်၊ ပါတီပေးတဲ့ တာဝန်ကို ထမ်းဆောင်သွားကြရမယ်။ ကိုယ်ကျိုးကိုစွန့်လွှတ်ရမယ်။ ကိုယ်ကျိုးကို တိုက်ရမယ်။ ကိုယ်ကျိုးကိုမစွန့်နိုင်၊ မတိုက်နိုင်ရင် တော်လှန်ရေးအိမ်ထောင် ဖြစ်နိုင်မှာ မဟုတ်ဘူး။ ငါတို့ ဆုတ်ယုတ်ပျက်စီးသွားလိမ့်မယ်။ ငါတို့ အတွေးအခေါ် ပြောင်းသွားလိမ့်မယ်။ ငါတို့ဘဝ ပြောင်းလိမ့်မယ်။ ဒါကြောင့် ငါတို့အတွေးအခေါ်ကို ငါတို့ပြုပြင်ကြရမယ်။ ငါတို့အတွေးအခေါ် ပျက်စီးသွားစေလို့ မဖြစ်ဘူး။ ငါတို့ဘဝကို မေ့သွားလို့ မဖြစ်ဘူး။ မကောင်းတဲ့အတွေးအခေါ်ကို ပြုပြင်ပြီး အတွေးအခေါ်ကို ကောင်းအောင် တည်ဆောက်သွားကြရမယ်။ ဒါမှသာ ရဲဘော် ကောင်း ဖြစ်နိုင်လိမ့်မယ်။ တော်လှန်ရေး အိမ်ထောင်ဖြစ်နိုင်လိမ့်မယ်။

ငါဟာ ပါတီဝင်တယောက်လည်းဖြစ်၊ စစ်ဒေသ ခေါင်းဆောင်တယောက်လည်း ဖြစ်တယ်။ မင်းနဲ့ငါဟာ စံပြဖြစ်ဖို့လိုတယ်။ ငါတို့က စံနမူနာပြ လုပ်နိုင်မှ အခြားရဲဘော်တွေကို ခေါင်းဆောင်နိုင်လိမ့်မယ်။ ငါတို့ကိုယ်တိုင် ကောင်းတဲ့လမ်းကို လိုက်နိုင်မှ အခြားရဲ မင်းနဲ့ဟာ သိပ်အရေးကြီးတယ်။

ဒါကြောင့်မို့ အတွေးအခေါ်ကို ပျက်စီးစေနိုင်တဲ့ အချို့မကောင်းတဲ့ နေထိုင်မှု၊ စားသောက်မှုတွေကို ပြုပြင်ဖို့လိုတယ်။ ငါတို့ တည်ဆောက်ရမယ့် အတွေးအခေါ်က အများအတွက်စဉ်းစားတာ၊ တဦးချင်းအတွက် စဉ်းစားတာ မဖြစ်သင့်ဘူး။ တဦးချင်း အတွက် အလုပ်လုပ်တာ မဟုတ်ဘူး။ အများအတွက် စုပေါင်းအလုပ်လုပ်ကြတာ ဖြစ်ရမယ်။ ဒီလို မဟုတ်ရင် ကိုယ်ကျိုးကြည့်တဲ့အတွေးအခေါ်တွေ ဝင်လာလိမ့်မယ်။ ကိုယ်ကျိုးကို မစွန့်နိုင်၊ ကိုယ်ကျိုးကို မတိုက်နိုင် ဖြစ်လာလိမ့်မယ်။

မင်းတို့ ငါ့စကားကို နားထောင်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်။

ငါတို့ အိမ်ဝင်းခြံထဲမှာ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်ခြံ ကိုယ်ပိုင်ခြံကလေး မဖြစ်ပါစေနဲ့။ ငါစလုပ်ကတည်းက ကိုယ်ပိုင်ခြံ လုပ်ဖို့မရည်ရွယ်ဘူး။ ငါက အလုပ်များတယ်။ ကာယအလုပ် ထုတ်လုပ်ရေးလည်း လုပ်ချင်တယ်။ ရဲဘော်တွေနဲ့ အဝေးကြီးလည်း သွားလုပ်လို့လည်း မဖြစ်တော့ အနားမှာပဲ လုပ်ထားတာပဲ ဖြစ်တယ်။ အများဆိုင်ရာခြံပဲ။ အများအတွက်ပဲ။ ကိုယ်ပိုင်ခြံဖြစ်နေရင် မကောင်းဘူး။ ရဲဘော်တွေအားလုံးကို ဒီလိုပဲ ပြောပြပါ။ ခြံထဲက ဟင်းသီးဟင်းရွက်တွေလည်း သူတို့ ယူစားပါစေ။ သူတို့ကို ပေးစားပါ။ အားလုံးအတွက်ပဲ။ အားလုံးချက်စားပါစေ။

**မီနာ** မင်းလည်း မင်းကျန်းမာရေးကို ဂရုစိုက်ပါ။ ပါတီကပေးတဲ့ တော်လှန်ရေးအလုပ်တွေကိုလည်း တတ်နိုင်သမျှ ကြိုးစားလုပ်ပါ။ အများဆိုင်ရာ အလုပ်တွေကိုလည်း ရဲဘော်တွေနဲ့အတူ တတ်နိုင်သမျှလုပ်ပါ။ အပြန်အလှန်ကူညီပါ။ မင်းဟာ ငါ့မိန်းမဖြစ်ပေမယ့် ရဲဘော်တွေနဲ့ အတူတူပဲ။ ရဲဘော်တွေကို တန်းတူသဘောထားရမယ်။ ပေါင်းရမယ်။ မာနမကြီးရဘူး။ စိတ်ထားနှိမ့်ချရမယ်။ ရဲဘော်တွေနဲ့ များများစည်းလုံးရမယ်။ စည်းလုံး မှုမထိခိုက်စေရဘူး။ ရဲဘော်တွေနဲ့ ရင်းနှီးမှု ရှိရမယ်။ ခွဲခြားခွဲခြားမနေနဲ့။ ဒီလိုမဟုတ်ရင် ရဲဘော်တွေ ထင်မြင်ချက် ရှိလိမ့်ကြလိမ့်မယ်။ ရဲဘော်တိုင်းနဲ့ စည်းလုံးရမယ်။ ဂိုဏ်းမဖြစ်စေရဘူး။

**မီနာ** အခုငါရေးခဲ့တာတွေဟာ မင်းကို ငါမချစ်လို့မဟုတ်ဘူး။ ချစ်လို့ပဲ။ ရဲဘော်လည်း ရဲဘော်၊ ဇနီးလည်း ဇနီးဖြစ်လို့ပဲ။ ရဲဘော်ကောင်းတယောက်ဖြစ်စေချင်လို့၊ ဇနီးကောင်း တယောက် ဖြစ်စေချင်လို့၊ ပါတီရဲ့ သမီးကောင်းတယောက်ဖြစ်စေချင်လို့ပဲ။ ဒါဟာ ကိုယ့် ကိုယ်ကိုယ် မွေးမြူတည်ဆောက်ရေးလည်း ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် တော်လှန်ရေးလုပ်တာလည်း ဖြစ်တယ်။ မင်းသေသေချာချာ စဉ်းစားပါ။ ခုငါရေးတာတွေဟာ မှားသလား၊ မှန်သလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား၊ ပါတီအတွက် ဟုတ်သလား၊ မဟုတ်ဘူးလား၊ မင်းအတွက် ဟုတ်သလား မဟုတ်ဘူးလား၊ တော်လှန်ရေး

အိမ်ထောင်ရေးအတွက် ဟုတ်သလား မဟုတ်ဘူးလား။ မှန်ရင်၊ လုပ်သင့်ရင် ဟုတ်ရင် မင်းပြတ်ပြတ်သားသား လုပ်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်။

**မီနာ** သူများတွေလည်း ဒီလိုပဲဆိုပြီး မလုပ်ပါနဲ့။ သူများတွေဟာ သူများတွေပဲ။ ကိုယ့်ဟာကိုယ်ပဲ။ ကိုယ့်ဟာကိုယ် ကောင်းတာလုပ်ဖို့ပဲ။ သူမျှားမကောင်းတာ လုပ်တိုင်း မလုပ်နဲ့၊ သူမျှားဆီက ကောင်းတာ အတုယူလေ့လာပါ။ မကောင်းတာ အတုမယူနဲ့။ မလေ့လာနဲ့။

မင်း ဒီစာကို ခဏခဏ ဖတ်ပါ။ စဉ်းစားပါ။ သဘောပေါက်ရင် လုပ်ပါ။

ဗသန်း

၁၇–၁၀–၇၈

ရဲဘော်ဖေသောင်းတွင် 'ဗသန်း' ဟူသော တော်လှန်ရေးအမည်တခုလည်း ရှိနေသဖြင့် ထိုနာမည်နှင့် ကျမထံ စာရေးလိုက်ခြင်း ဖြစ်ပါသည်။ ရဲဘော်ဖေသောင်းသည် ကျမထံ ပေးသော စာ တစောင်တလေလောက်မှာသာ ထိုသဘောမျိုး ပါသည်မဟုတ်ပါ။ ထင်ရှားအောင် နောက်စာတစောင်ကို ကြည့်ပါဦး။

၁၃–၁၂–၇၈

စာအမှတ် ၃ မှ

**မီနာ**

၁၂ လ ၁ ရက်နေ့စွဲနဲ့ပေးစာကို ၁၂ ရက်နေ့က ရရှိပါတယ်။ မီနာထံက စာကို ရလို့ ငါအတော်ပဲ ဝမ်းသာတယ်။ မီနာထံမှ စာကို မျှော်နေတာ အတော်ကြာခဲ့ပြီ။ အခု စာရတော့ ဝမ်းသာရတာပေါ့။ မီနာနဲ့သောင်းမေ ဇနီးရော သမီးပါ သားအမိနှစ်ယောက် စလုံး ကျန်းကျန်းမာမာ ရှိနေကြတာ သိရလို့ ပိုပြီးဝမ်းသာလှတယ်။ မီနာသတိရသလို မီနာတို့သားအမိကို ငါလည်း အစဉ်သတိရနေတာပါပဲ။ အစည်းအဝေးပြီး ကိစ္စတွေ ပြီးပြီး ချင်း အမြန်ပြန်လာခဲ့မယ်။ စိတ်ချပါ။ အခု သမီးသောင်းမေ နည်းနည်းကြီးလာပြီပဲ။ သူ့ရုပ် ပေါ်လာရော ပေါ့။ ငါနဲ့တူသလား၊ မီနာနဲ့တူသလား။ မီနာနဲ့တူရင် ပြီးပြီ၊ ငါနဲ့တူမှ လှမှာ။ အလကား ပြောတာပါကွာ။ ငါနဲ့တူတူ မင်းနဲ့တူတူ လှမှာပါ။ ငါလှတဲ့နေရာနဲ့ တူ၊ မီနာလှ တဲ့နေရာနဲ့ တူရင် ပိုလှမှာပေါ့။ ငါနဲ့လည်း မတူ၊ မီနာနဲ့လည်းမတူရင်တော့ လှတော့မှာ မဟုတ်ဘူး။

ငါရေးပေးလိုက်တဲ့စာတွေ မီနာဖတ်ပြီး သဘောပေါက် နားလည်တာသိရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ရဲဘော်ကောင်း တယောက်ဖြစ်အောင် ကြိုးစားသွားမယ့်အကြောင်း ငါ့စကားနားထောင်သွားမယ့်အကြောင်း မကောင်းတာမလုပ်၊ စိတ်ချဖို့အကြောင်း တသက်လုံးပေါင်းသင်းနေထိုင်သွားမယ့်အကြောင်းတွေလည်း ပါလို့ ဝမ်းသာတယ်။ မီနာကို ငါချစ်ပါတယ်။ မီနာကလည်း ငါ့ကို ချစ်တာ ငါသိပါတယ်။ မီနာကို ငါစိတ်ချပါတယ်။ ငါ့ကိုလည်း မီနာ စိတ်သာချပါ။

ပြည်သူ့တပ်မတော်သားကောင်းတယောက်ဖြစ်အောင် ကြိုးစားရမှာသာမက အလွန်ဂုဏ်ပြောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဝင်တယောက်ဖြစ်အောင်လည်း မီနာကြိုးစားသွားဖို့ ငါတောင်းဆိုပါတယ်။ စိတ်ဆုံးဖြတ်ချက်ရှိရှိနဲ့ ကြိုးစားရင် ဖြစ်လည်း ဖြစ်နိုင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဝင်တယောက် ဖြစ်ဖို့ ဘာတွေလိုသလဲ။

နံပါတ် (၁) –ပါတီအပေါ် တော်လှန်ရေးအပေါ် ပြည်သူလူထုအပေါ် အကြွင်းမဲ့သစ္စာရှိရမယ်။ တခုတည်း ပြောရရင် ပါတီအပေါ်  လုံးဝသစ္စာရှိရမယ်ဆိုတာပဲ။ ပါတီအပေါ် သစ္စာရှိတယ်ဆိုရင် တော်လှန်ရေးအပေါ် သစ္စာရှိတာပဲ။ ပြည်သူလူထုအပေါ် သစ္စာရှိတာပဲ။ တော်လှန်ရေးအပေါ် သစ္စာမရှိရင် ပြည်သူလူထုအပေါ် သစ္စာမရှိရင် ပါတီအပေါ်လည်း သစ္စာရှိတော့မှာမဟုတ်ဘူး။

နံပါတ် (၂) –ကိုယ်ကျိုးကိုစွန့်ရမယ်။ ပါတီအတွက် မိမိအသက် မိမိရဲ့မိဘ၊ အစ်ကိုအစ်မ၊ မောင်နှမ မိမိယောကျ်ားသားသမီး ဆွေမျိုးရင်းချာအားလုံး၊ အိုးအိမ်စည်းစိမ်အားလုံးကို စွန့်လွှတ်နိုင်ရမယ်။ ပါတီအကျိုးကို ဦးထိပ်ထားရမယ်။ ပါတီအကျိုးကို အဓိက ထားရမယ်။ မိမိအကျိုးကို ပါတီအကျိုး လက်အောက်မှာ ထားရမယ်။ ပါတီအကျိုးဆိုတာ တော်လှန်ရေးအကျိုး ပြည်သူလူထုရဲ့အကျိုးနဲ့ အတူတူပဲ ဖြစ်ပါတယ်။

နံပါတ် (၃) –စည်းလုံးမှုစည်းကမ်းတွေ တင်းတင်းကျပ်ကျပ် လိုက်နာရမယ်။ ဘယ်တော့မှ မဖောက်ဖျက်ရဘူး။ ရဲဘော်တွေနဲ့ စည်းစည်းလုံးလုံးညီညီ ညွှတ်ညွှတ် ရှိရမယ်။ ရဲဘော်တွေကို ကူညီရမယ်။

နံပါတ် (၄) –ပါတီရဲ့လမ်းစဉ်ပေါ်လစီတွေကို တက်တက်ကြွကြွ ဆောင်ရွက်အကောင်အထည်ဖော်ရမယ်။ ပါတီညွှန်ကြားတဲ့အတိုင်း လုပ်ရမယ်။ ပါတီစကား နားထောင် ရမယ်။

နံပါတ် (၅) –အလုပ်တိုင်းမှာ တက်တက်ကြွကြွ လုပ်ရမယ်။ အထူးသဖြင့် ပါတီပေးထားတဲ့ ကိုယ့်တာဝန် ကိုယ့်အလုပ်တွေကို တက်တက်ကြွကြွ ကျေပွန်အောင် လုပ်ရမယ်။

နံပါတ် (၆) –လုပ်ဟန်ကောင်းရမယ်။ အကျင့်စာရိတ္တကောင်းရမယ်။

နံပါတ် (၇) –လေ့လာရေးကောင်းရမယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် အမှန်တရားကို လေ့လာရမယ်။ စာပေယဉ်ကျေးမှုကို မြှင့်တင်ရမယ်။ စာပိုဖတ်တတ်၊ ရေးတတ်အောင် ကြိုးစားရမယ်။ ဂဏန်းသင်္ချာ တွက်တတ်ချက်တတ် အောင် ကြိုးစားရမယ်။

ကွန်မြူနစ်ပါတီဝင်တယောက်ဖြစ်အောင် မီနာ ဒါတွေကို ကြိုးစားသွားရမယ်။ မီနာကို ငါလည်း အစွမ်းကုန် အကူအညီ ပေးသွားမယ်။ ကွန်မြူနစ်ပါတီဝင် တယောက် ဖြစ်အောင် ကြိုးစားသွားမယ်လို့ မီနာကလည်း ငါ့ကို ကတိပေးရမယ်။

ငါပေးတဲ့စာများကို မီနာ သေသေချာချာ သိမ်းဆည်းထားပါ။ ခဏခဏ ထုတ်ဖတ် လေ့လာပါ။ လက်တွေ့ကျင့်သုံးနိုင်အောင် ကြိုးစားပါ။ ဒီစာတွေဟာ ငါတို့သမီး သောင်းမေလေး ကြီးပြင်းလာတဲ့အထိ သိမ်းဆည်းထားရမယ်။ သူကြီးလာရင် သူ့ကိုအမွေ အဖြစ် ပေးရမယ်။ သူ့ကို လေ့လာစေရမယ်။

အခု လူထုရော ငါတို့ရဲဘော်တွေပါ အလုပ်အတော်များနေကြတယ်။ ငါတို့ အိမ်ဆောက်ရေး မဆောက်ပါစေနဲ့တော့။ ငါတို့ ဖြစ်သလိုပဲ နေကြရအောင်။ ဖြစ်ပါတယ်။ ကိစ္စမရှိပါဘူး။ အိမ်မပြုနိုင်ပါဘူး။

ဗသန်း

၁၃–၁၂–၇၈

ကဲ– အဲဒါပါပဲ သူ့စိတ်ဓာတ်။

နောက်ဆုံး စာကြောင်းကလေးကိုပဲ ကြည့်ပါ။ ကျမတို့အိမ် အခြေအနေ ဆိုးနေလို့ စစ်ဒေသက အိမ်ဆောက်ပေးမယ်ဆိုတာကိုတောင် ရဲဘော်တွေရော လူထုပါ အလုပ်များနေလို့ သူ့အိမ်ကို ဆောက်မပေးပါစေနဲ့တော့တဲ့။

ကျမက ပါတီခေါင်းဆောင်တဦးဖြစ်သူ သူ့လောက်တော့ နိုင်ငံရေးရေချိန် မမြှင့်နိုင်ပါ။ စာပေယဉ်ကျေးမှုလည်း သူ့လောက်မမြင့်ပါ။ သို့ရာတွင် ကျမက သူ့တောင်းဆို သလောက် ပြည့်ဝအောင် မလိုက်နာနိုင်သည့်တိုင် သူ့စကားနားထောင်ပြီး တတ်နိုင်သမျှ ရဲဘော်ကောင်း တယောက်ဖြစ်အောင် ကြိုးစားခဲ့ပါသည်။

နောက်ပိုင်းတွင် ကျမတို့ သူ့လုပ်ငန်းတာဝန် ပြောင်းရွှေ့မှုအရ အခါဒေသဖြစ် သော၊ နောက်ပြီး ကျမ၏ မွေးရပ်မြေဖြစ်သော ‘၈၁၅ စစ်ဒေသ’မှ ပြောင်းရွှေ့ လာခဲ့ရပါ သည်။

တော်လှန်ရေးလုပ်ငန်းတာဝန်အတွက် ခွဲခွာကြဦးစို့ ချစ်သော 'မဲခေါင်' ရေ့–ဟူ၍တော့ ကျမ လက်ပြနှုတ်ဆက်ခဲ့ပါသည်။

*   *   *   *   *   *   *

ခုတော့ မဲခေါင်နှင့် ပြန်လည် ဆုံစည်းကာ မဲခေါင် လှိုင်းပုတ်သံကို ပြန်လည်ကြားခွင့် ရပေဦးတော့မည်။ ကျမသည် အတိတ်ကို ပြန်လည်တွေးတောလွှမ်းမောနေရာမှ အခါ တောင်တန်းများပေါ်မှနေ၍ မဲခေါင်ဘက်ကို မျက်နှာမူလိုက်ပါသည်။

ကျမ အိမ်အပြန် ကျမတို့ဒေသ ရှမ်းရွာကလေးများကို ဖြတ်သန်းစဉ်က လမ်းတလျှောက် အပြိုင်းအရိုင်းပွင့်နေကြကာ လေအလာ ယိမ်းနွဲ့နေကြသော နေကြာပန်းများကို မြင်တွေ့ရစဉ် မွေးရပ်မြေကို ခွဲခွာသွားတဲ့ အခါမလေး ပြန်အလာကို ကြိုဆိုနေကြတာလားကွယ်–ဟု မေးလိုက်ချင်မိပါသည်။

နောက်ပြီး မဲခေါင်ကကော ကိုယ့်ကို ကြိုဆိုနေမှာလားဟု ယခုတော့ မေးရပေတော့မည်။ မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ မွေးရပ်မြေ အခါဒေသက သူ့ရင်သွေးကို နွေးထွေးစွာ ကြိုဆိုမည်ဖြစ်သလို မဲခေါင်ကလည်း သူ့တေးသံတွေနှင့် အားမာန်တွေ ပေးဝေလိမ့်ဦးမည်ဆိုတာ ကျမ ယုံကြည်စိတ်ချထားမိပါသည်။

တကယ်တမ်းတွင်လည်း ကျမ ရောက်လာသည် ကြားသည်နှင့် ကျမတို့ရွာသူရွာသားများက လိုက်လိုက်လှဲလှဲ ကြိုဆိုနေကြသည်ကို ကြည်နူးဝမ်းမြောက်စွာ တွေ့ရှိရပါသည်။ရွာသူရွာသားများ၊ ဆွေမျိုးသားချင်းများက ကျမဘေးမှာ ဝိုင်းလို့။

သူတို့က သတင်းမေးသည်ကို ပြန်ဖြေရသည်။ သူတို့ကျွေးတာတွေကို အားပါးတရ စားရသလို ကျမမှာ ပါရှိလာသည်များကိုလည်း သူတို့ကို ပေးဝေရသည်။ လူစဲသွားသည့် အခါ ကျမ အထူးဂရုစိုက် စကားပြောဖြစ်သည်မှာ ကျမအစ်မ 'ရှောင်ရှိ' နှင့် ရွာက ကျမအချစ်ဆုံး သူငယ်ချင်းတို့ကို ဖြစ်သည်။ သူတို့ကို ယခုလို ကျန်းကျန်းမာမာ ပြန်လည် တွေ့ဆုံခွင့်ရသည့်အတွက် ကျမ ဝမ်းသာလို့မဆုံး။ သူတို့နှင့် စကားတွေ အားပါးတရ ပြောနေရင်းမှ သူတို့၏ အတိတ်ကအဖြစ်အပျက်တွေက ကျမစိတ်ထဲမှာ ပြန်ပေါ်လာသဖြင့် နေသာနေဆဲ ရုတ်တရက် တိမ်မဲတွေ ဖုံးအုပ်လာသလို ကျမစိတ်ထဲမှာ အုံ့မှိုင်းသွားမိသည်။

အတိတ်တုန်းက ကံဆိုးခဲ့သော အစ်မမှာ ယခုလည်း ကျမလောက်တောင် ကံမလှပါလားဟု စိတ်မကောင်းဖြစ်မိသည်။ အတိတ်က ဒဏ်ရာဒဏ်ချက်ကြောင့်

သားသမီး မရနိုင်တော့သည့်ဘဝရောက်သွားရသည့် သူငယ်ချင်းအတွက်လည်း သနားလို့ မဆုံး။

ရွာရောက်စ ထိုညမှာ ကျမ ကောင်းကောင်း အိပ်မပျော်။ အိပ်မရ။ ရွာ အကြောင်း၊ ဆွေမျိုးသားချင်းများအကြောင်း၊ သူငယ်ချင်းတွေအကြောင်း တွေးတောရင်း အတိတ်က အခါ အမျိုးသားတို့၏ ဆင်းရဲဒုက္ခတွေအကြောင်းကိုလည်း ပြန်သတိရမိသည်။ ပါတီရောက်လာပြီး ကျမတို့တတွေ လွတ်မြောက်လာပြီး အခါအမျိုးသား ပြည်သူတွေ ပျော်ရွှင်ငြိမ်းချမ်းလာကြပုံ။

အခါဒေသကို ‘၈၁၅ စစ်ဒေသ’အဖြစ် ပြောင်းလဲပြီး ပါတီ၏အလံတော် အောက်ဝယ် ပြည်သူလူထုအကျိုး သည်ပိုးထမ်းရွက်ပေးရာ၌ ကျမခင်ပွန်းသည်မှာလည်း အားကြိုးမာန်တက် စွမ်းဆောင်ပေးခဲ့သူများတွင် တဦးအပါအဝင် ဖြစ်ခဲ့သည်။ သူသည် ‘၈၁၅ စစ်ဒေသ’ကို သံယောဇဉ် ကြီးခဲ့သည်။ အခါပြည်သူများအပေါ် စေတနာထား သည်။ တာဝန်အရ တခြားဒေသသို့ သူ ပြောင်းရွှေ့လာရသောအခါတွင်လည်း အခါ ဒေသနှင့် အခါပြည်သူများကို သူမမေ့။ သည်ဒေသအကြောင်း အမြဲတမ်း စုံစမ်း မေးမြန်း နေတတ်သည်။

သို့ရာတွင် ဗမာပြည်နိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေးမှာ အပြောင်းအလဲကြီးတွေ ဖြစ်ခဲ့သလို ကျမတို့ လွတ်မြောက်ဒေသတွင်လည်း အပြောင်းအလဲတွေ ဖြစ်ခဲ့သည်။ ကျမတို့ ဒေသ ခေါင်းဆောင်တွေက စစ်အစိုးရနှင့် ‘ငြိမ်းချမ်းရေး’ဟူသော ခေါင်းစဉ် အောက်မှာ နားလည် မှုယူလိုက်ကြသည်။ သည်အခါ ခင်ပွန်းသည် ရဲဘော်ဖေသောင်း သည် ပါတီနှင့် သေအတူ ရှင်မကွာ ပါတီအလံတော်အောက်မှာ ...ထို့အတူ ကျမ သည်လည်း ရဲဘော်ဖေသောင်းနှင့် သေအတူ ရှင်မကွာ ပါတီအလံတော် အောက်မှာ...။

ရွာ ပြန်ရောက်သည့် ညမှာ ကျမအတွေးတွေ ဟိုရောက်ဒီရောက် ဖြစ်နေရာမှ နောက်ဆုံးတွင် သူ့အကြောင်း ပြန်ရောက်သွားခဲ့သည်။

ကျမ နားလည်သလောက် သူသည် ဘယ်အချိန်ရောက်ရောက် ပါတီကို ဝန်းရံ အားဖြည့်ရေးနှင့် ပြည်သူကို အလုပ်အကျွေးပြုရေးအတွက် သူတတ်စွမ်းသမျှ လုပ်ပေးဖို့ ကြိုးစားခဲ့သူ ဖြစ်သည်။ အခြေအနေအရ ကျမတို့ တဘက်နိုင်ငံတွင် ခိုလှုံနေထိုင်ရသော ဘဝသို့ ရောက်သွားချိန်တွင်လည်း သူသည် သူစဉ်းစားသမျှ ပါတီကို အကြံပေးတင်ပြတာ မပြတ် လုပ်သည်ကို အနီးကပ်ရှိနေသော ကျမက တွေ့ထိမိပါသည်။

သို့ရာတွင် သူသည် သူ ဆန္ဒ ဘယ်လို ကြီးမားနေသည်ဖြစ်စေ၊ စိတ်သွားတိုင်း ကိုယ်ပါနိုင်သော ဘဝမျိုးကား မဟုတ်တော့ပြီ။ အရွယ်က စကားပြောလာပြီ။ ဇရာက စကား ပြောလာပြီ။ သူ့ခန္ဓာကိုယ်နှင့် သူ့ရောဂါက စကားပြောလာခဲ့ပြီ ဖြစ်သည်။

သူ့ဘဝခရီး၏ နောက်ပိုင်းအချိန်ကာလများတွင် ဇရာနှင့် သူ၏တိုက်ပွဲ၊ ရောဂါနှင့် သူ၏ တိုက်ပွဲတို့ကို သူ ဇွဲနဘဲနှင့် တိုက်ပွဲဝင်ခဲ့သော ဖြစ်စဉ်ဖြစ်ပြီး ကျမက အနီးကပ် ကူညီစောင့် ရှောက်ပေးသူ ဖြစ်ခဲ့လေသည်။

သူ့ဘဝ နိဂုံးပိုင်းအကြောင်း ကျမ မဖော်ပြလိုပါ။ ပြန်လည် တွေးတော စဉ်းစားခြင်းပင် မပြုလိုပါ။ ပြန်လည် တွေးတော စဉ်းစားတိုင်း နာကျင်ကြေကွဲမှုက ရင်မှာ တစိမ့်စိမ့် အချိန်ကြာမြင့်စွာ တွယ်ငြိလိုက်စားနေတတ်သောကြောင့် ဖြစ်ပါသည်၊ သို့ရာတွင် ထိုသို့ ဝမ်းနည်းကြေကွဲမှု ဖြစ်ရမည်ကို သိလျက်ကပင် ကျမ မကြာခဏဆိုသလို ဒီအကြောင်းတွေ ပြန်လည် စဉ်းစားတွေးတော နေမိတတ်ပါသည်။ ထို့အတူ ဒီအကြောင်း တွေ ကျမ မဖော်ပြလိုသည့်တိုင် သူ့ဘဝ၏နိဂုံးပိုင်းကို ချန်လှပ်ထား၍ မသင့်သောကြောင့် ကျမ ကြိုးစားပြီး ဖော်ပြရပေဦးတော့မည်။

၁၉၉၈ခုနှစ်၊ ဂျွန်လ ၆ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်။ တဘက်နိုင်ငံ ဆေးရုံတရုံ ၏ ခွဲစိတ်ခန်းတွင်းသို့ လူနာတင်တွန်းလှည်းပေါ်မှာ လိုက်ပါပြီး သူ ဝင်ရောက်သွားချိန်တွင် ကျမသည် ခွဲစိတ်စိတ်ခန်းအပြင်မှာ စိုးရိမ်ပူပန်စိတ်များ လှိုင်းခတ်နေလျက် ရင် တထိတ် ထိတ်ဖြင့် စောင်းဆိုင်းနေရလေသည်။ ကျမနှင့်အတူ ရဲဘော်ရှုယဉ်၊ ရဲဘော် ဒေါ်ဦးစိန်၊ ရဲဘော်မခင်၊ ဦးမင်းဒင်နှင့် ဒေါ်မာလုတို့လင်မယား–တို့သည် ကျမကို အားပေးဖေးမရင်း သူတို့ကိုယ် တိုင်လည်း စိုးရိမ်ပူပန်စွာဖြင့် စောင့်ဆိုင်းနေကြလေသည်၊ ကျမသမီးကြီး သောင်းမေနှင့် သားငယ် သောင်းညွန့်တို့မှာ စာမေးပွဲ ဖြေဆိုနေကြချိန်ဖြစ်သဖြင့် သူတို့ အဖေ၏အခြေအနေကို ကလေးများအား အသိပေးမထားပေ။ သူ့ရောဂါက ဆီးကျိတ် ကင်ဆာ...တဲ့။သူ့မှာမှ ဒီ ရောဂါ ဖြစ်ရလေခြင်း...။

သူ့ရောဂါကို ခွဲစိတ်ကုသခြင်း ပြုမလား–မပြုဘူးလား ဆိုသည်ကို ဆရာဝန်များ အကြိတ်အနယ် အငြင်းအခုန်လုပ်ပြီး ဆုံးဖြတ်ချက်ချရခြင်း ဖြစ်သည်၊ အကြောင်းမူကား သူ့ ဆီးကျိတ်ကင်ဆာအကျိတ်သည် သွေးလွှတ်ကြောမကြီး၏ အာရုံကြောနှင့် သိပ် နီးကပ် လွန်းသဖြင့် ခွဲစိတ်မှုပြုပါက သူ့အသက်အန္တရာယ်ကို စိုးရိမ်ရသောကြောင့် ဖြစ် သည်၊

နောက်ဆုံးတွင်မူ ခွဲစိတ်ကုသဖို့ ဆုံးဖြတ်ချက် ချလိုက်ကြသည်။ ခွဲစိတ်ကုသဖို့ သဘောတူကြောင်း ကျမက လက်မှတ်ရေးထိုးပေးလိုက်ရသည်။ သူ့အသက် ဆုံးပါးသွား မည့်ကိစ္စကို ကျမ လက်မှတ်ထိုးပေးလိုက်ရတာများ ဖြစ်လေမလားဟု စိုးရိမ်စိတ်နှင့် တွေးတောရင်း ကျမ တလှိုက်လှိုက် မောလျ နေမိပါသည်၊ ဆရာဝန်များကမူ အစော ကတည်းက ရှင်းရှင်း လင်းလင်း ပြောထားနှင့်သည်။ အသက်ရှင်မည်–မရှင်မည်ကို သူတို့

အာမ မခံနိုင်ပါ–တဲ့။ ဘယ်လောက် စိုးရိမ်ပူပန်ဖွယ်ကောင်းလိုက်တဲ့ အခြေအနေလဲ။ သူ့အသက်သည် ကံကြမ္မာ အပေါ် မူတည်နေသကဲ့သို့…။

ခွဲစိတ်ကုသခန်းထဲ သူ ဝင်သွားပြီးနောက် ၂ နာရီခန့်အကြာတွင် သူ့ကို အဓိက တာဝန်ယူ ခွဲစိတ်သည့် ဆရာဝန် ခွဲစိတ်ခန်းထဲမှ ထွက်လာသည်၊ ကျမ စိုးရိမ်နေသဖြင့် ဆရာဝန်၏ မျက်နှာကိုပင် ရဲရဲ မကြည့်ဝံ့ပါ။ သို့ရာတွင် ဆရာဝန်၏ မျက်နှာမှာ ဝမ်းသာ အားရ ဖြစ်သည့် အရိပ်အရောင် သန်းနေပါသည်။ သူက ခွဲစိတ်လိုက်သည့် ကျောက်ကပ် ကို ယူလာပြီး ခွဲစိတ်ကုသမှု အောင်မြင်ကြောင်း ဝမ်းသာအားရ ပြောလာပါသည်။ သူ့ခန္ဓာ ကိုယ်မှ ကင်ဆာအကျိတ်ကို ဖယ်ရှားနိုင်လိုက်ပြီဖြစ်သလို ကျမပခုံးမှာ ထမ်းထင်ထားသလို ဖြစ်နေသည့် စိုးရိမ်ပူပန်မှု ကျောက်တုံးကြီးသည်လည်း ယခုမှပင် ကျမကိုယ်ပေါ်မှ လျှောကျသွားပါတော့သည်။

သို့ရာတွင် ခွဲစိတ်ခန်း လူနာတင်တွန်းလှည်းပေါ်မှာ ပါလာသော သူသည် မေ့ဆေးကြောင့် ယခုအချိန်အထိ သတိပြန် လည်မလာသေးပါ။ ဆရာဝန်များကလည်း သူ သတိ ပြန်လည်မလာမှာကို စိုးကြသဖြင့် သူ့ဘေးမှ သူ့နာမည်ကို ခေါ်ပြီး နှိုးနှိုးပေးရန်၊ မြန်မြန်နိုးလာလေ ကောင်းလေ…အဆက်မပြတ် နှိုးပေးပါဟု ပြောလာသည်။ ကျမ နှိုးမှာ ပေါ့။ သူ အသက်ရှင် လာမယ်ဆိုရင်၊ သတိပြန်ရလာစေမယ်ဆိုရင် ရှင့်ဘေးကနေ အမြဲ တစေ အဆက်မပြတ် နှိုးနေမှာ…ရှင့်နာမည်ကို ခေါ်နေမှာပေ့ါ ရဲဘော်ဖေသောင်းရယ်။

ကံကောင်းထောက်မစွာ သူသတိ ပြန်လည်လာပါသည်။ သူ အသက်ရှင်ခဲ့ပါပြီ။ ဆေးရုံမှ ဆရာဝန် ဆရာမများနှင့် ဘေးမှ အကူအညီပေးနေကြသော ကျမတို့၏ ရဲဘော်ရဲ ဘက်များ၏ ကျေးဇူးကို ကျမ ဘယ်တော့မျှ မေ့နိုင်လိမ့်မည် မဟုတ်ပါ၊

၈ နှစ်။ ဟုတ်ကဲ့။ ခွဲစိတ်ကုသမှုအောင်မြင်ပြီးနောက် သူသည် ၈ နှစ်တိတိ အသက်ရှင် နေထိုင်သွားခဲ့ပါသည်။ သို့ရာတွင် ကင်ဆာရောဂါက ခန္ဓာကိုယ်တွင်းမှ အမြစ်ပြတ်မသွားဘဲ တဖြည်းဖြည်း ပျံ့နှံ့နေသဖြင့် သူသည် ရောဂါနှင့် တိုက်ပွဲဆင်ရင်း အသက်ရှင်နေထိုင်ရခြင်း ဖြစ်ပါသည်။ ၃ လတခါ ဆေးရုံသို့သွားပြပြီး ရောဂါစစ်ဆေးကာ လိုအပ်သော ကုသမှုတို့ကို ခံယူရသည်။

သူကတော့ အားမာန်ကို အမြဲမွေးကာ ဖွဲ့နဘဲနှင့် အလုပ်လုပ်ရင်း ဤ၈ နှစ် အတောအတွင်း သူ လုပ်နိုင်တာလေးတွေကို ကြိုးစားလုပ်ဆောင်သွားခဲ့ပါသည်။ ပါတီအတွက် သူ တတ်နိုင်သမျှ အကြံပြုလွှာများ ရေးတင်သည်။ သူ၏ ဖက်ဆစ်တော်လှန်ရေး အတွေ့အကြုံများ ကို “လွန်ခဲ့သော နှစ်ပေါင်း ၆၀ က”ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူ၏ နိုင်ငံရေးအတွေ့အကြုံများကို “လျှောက်ခဲ့တဲ့ နိုင်ငံရေးခရီးကို ပြန် ပြောင်း သတိရချက်”ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ရေးသားသွားနိုင်ခဲ့သည်။ သူ

မကျန်းမာ ဖြစ်နေသည့်အချိန်များတွင် သူက သူရေးချင်သည့်စာများကို ပါးစပ်ကပြောပြပြီး ကျမက လိုက်ရေးပေးရသည်။ တခါ တရံကျတော့လည်း သူ့အကြမ်းရေးထားသည်များကို ကျမက အချော ပြန်ကူးပေးရသည်။ သူ့ကျန်းမာရေးအတွက်သာမက သူ့ဆန္ဒပြင်းပြထက် သန်လှသော သူ့အလုပ်များကိုလည်း ကျမ တတ်နိုင်သမျှ အကူအညီပေးနိုင်ခဲ့သည့်အတွက်မူ ကျမတွေးမိတိုင်း နှစ်သိမ့်ကျေနပ်မှု ရရှိသည်။ စိတ်ဖြေသာခဲ့သည်။

သူ့အကြောင်း ပြန်လည် စဉ်းစားတွေးတောမိသည့်အခါများတွင် သူ့ကျန်းမာရေးအတွက် သူနှင့် ကျမတို့နှစ်ယောက်သား လမ်းလျှောက်ထွက်လေ့ရှိခဲ့ပုံများကို ကျမ အထူးတလည် မကြာခဏ သတိရမိတတ်သည်။ လျှောက်နေကျ လမ်းကလေးမှာ သူနှင့်ကျမ အကြိမ်ပေါင်းမရေအတွက်နိုင်အောင်၊ အခေါက်ပေါင်း မရေမတွက်နိုင်အောင် ခြေရာချင်း ထပ်မတတ် အတူလျှောက်ခဲ့ရသည့်အဖြစ်ဟာ ဘယ်မှာ မေ့နိုင်စရာ ရှိပဲ့မလဲ။ သူနှင့် လမ်းလျှောက်ထွက်သည်အခါ ကျောင်းသင်ခန်းစာ တက်ရသလိုပါပဲ။ သူသည် ဆရာတယောက်က တပည့်တယောက်ကို ဂရုတစိုက်သွန်သင်နေသလို လမ်းလျှောက်ရင်း ကျမကို လူမှုရေးကအစ နိုင်ငံရေးအထိ သွန်သင်ပြောကြားပေးလေ့ရှိသည်။ တခါ တလေကျတော့လည်း သူ့မျှော်မှန်းချက်၊ ယုံကြည်ချက်တွေအကြောင်း ပြောပြသည်၊ ဒါတွေဟာ ကျမအပေါ် သူ့ရဲ့ဂရုစိုက်မှုတွေ၊ ကြင်နာမှုဟု ကျမကို နားလည်စေခဲ့သည်ကိုလည်း ကျမ မမေ့နိုင်ပါပေ။

သူသည် ကျမကို ပညာပေးသွန်သင်ရုံသက်သက်သာမက အိမ်တာဝန်ကိုလည်း သူတတ်စွမ်းသမျှ ကုန်းရုန်းထမ်းဆောင်တတ်သူပါ။ ကျမတို့၏ သားနှင့်သမီး ကျောင်းတက်ရေးကိစ္စ ငွေကြေးမလုံလောက်သည့်အခါ ကျမ အပြင်ထွက်ပြီး အလုပ်လုပ်ခဲ့ရသည်။ သည်အခါ အိမ်မှုကိစ္စများသည် သူ့ပခုံးပေါ် ကျရောက်သွားပြီပေ့ါ။ အိမ်ကိစ္စ သူတာဝန်ယူရသည့်အခါ တွင်လည်း ရဲဘော်ဖေသောင်းသည် နည်းနည်းမှ ညည်းညူခြင်း မရှိဘဲ သူ့အစီအစဉ်နှင့်သူ စနစ်တကျ လုပ်တတ်သူ ဖြစ်သည်။

သူက မနေ့အစောကြီး လမ်းလျှောက်ထွက်၊ လမ်းလျှောက်ရာမှ ပြန်အလာ ဈေးဝင်ပြီး အိမ်ပြန်ရောက်သည်နှင့် ချက်တော့ ပြုတ်တော့သည်။ ထမင်းဟင်းချက်တာတင် မကပါ။ ကြမ်းတိုက်တာ၊ လျှော်တာ ဖွပ်တာပါ သူလုပ်တတ်သည်။ သူ့အဝတ်အစား သူလျှော် တာ ဖြစ်ပေမယ့် ဒါ ကျမတာဝန်ဖြစ်တယ်ဆိုပြီး ကျမက တားတော့ သူက "ငါ လုပ်နိုင်သေးတဲ့ အခါ ငါလုပ်မယ်။ ငါ မလုပ်နိုင်တဲ့အခါမှ မင်းလုပ်ပေး။ အခုအချိန်မှာ ငါ လုပ်နိုင်သေးတယ်"ဟု ဆိုတတ်သူ ဖြစ်သည်။ သူတပါးအပေါ် မပြောနှင့်၊ ကိုယ့်ဇနီးမယား အပေါ်မှာတောင် အားနာတတ်သူပါ။

ကျမတို့ရဲဘော်များ စုပေါင်းနေထိုင်ကြသော တိုက်အိမ်ဝင်းက ကျယ်သည်။ အိမ်ဝင်းထဲမှာ ခြောက်သွေ့ကြွေကျလာသော သစ်ရွက်ခြောက်တွေ နေရာအနှံ့ ပြန့်နှံ့နေတတ်သည်။ သူ အပြင်ထွက်မည်ဟု ဝင်းထဲ ဆင်းမိလျှင် ဒီသစ်ရွက်တွေ၊ အမှိုက်တွေကို တံမြက်စည်းတချောင်းနှင့် ပြောင်နေအောင် လှည်းကျင်းပြီးမှ ထွက်သွားတတ်သည်မှာလည်း သူ့၏ နေ့စဉ်လုပ်နေကျ အလုပ်တခုလို ဖြစ်နေသည်။ မိုးရာသီရောက်လာတော့ အိမ်ဝင်းထဲက အင်္ဂတေ ခင်းမထားသည့် မြေကွက်လပ်မှာ မြက်တောကြီးလို ဖြစ်လာသည်။ မြက်ပင်တွေက လူတရပ်နီးပါးပင် ရှိမည်ထင်သည်။ ဒါကို သူက မနေနိုင်၊ သူကိုယ်တိုင်လည်း ထမလုပ်နိုင်တော့သော အခြေအနေတွင် ကျမကို အရှင်းခိုင်းသည်။ ဒီလိုကိစ္စမျိုးမှာဆိုလျှင် သူ ကျမကို အားမနာတော့ပါ။ ကျမလည်း ကျမတယောက်တည်း မနိုင်သဖြင့် သမီးကြီးကို အကူအညီခေါ်ပြီး ရှင်းပစ်လိုက်ရသည်။

ဒီလိုပါပဲ။ သူတပါးကို ကူညီဖို့ဆိုလျှင် သူက ကျမကို တောင်းဆိုပြီး အလုပ်ခိုင်းလေ့ရှိသည်။ ရဲဘော်တိုက်အောင် ဆေးရုံတက်စဉ် ဆေးရုံသွားပြီး လူနာစောင့်နေရသော ရဲဘော်တိုက်အောင်၏ဇနီး မခင် ညအခါ အိမ်ပြန်လာချိန်တွင် "မိန်းမသား တယောက်တည်း ညအခါ ပြန်လာရမှာ"ဆိုပြီး ကျမကို စောစောကတည်းက ဆေးရုံသွားပြီး ကြိုဆိုခိုင်းသဖြင့် မခင်ပြန်လာသည့် ညတိုင်း ဒီတာဝန်ကို ကျမ ထမ်းရွက်ခဲ့သည်။ ရဲဘော်စံသူ ရုတ်တရက် ဆုံးပါးသွားချိန်တွင်လည်း သူ့ဇနီးတယောက်တည်း အားငယ်နေလိမ့်မယ်ဆိုကာ ကျမကို "ခုလို နာရေးကိစ္စနဲ့ ဝမ်းနည်း ပူဆွေး စိတ်အားငယ်နေချိန်မှာ ရဲဘော်အချင်းချင်း အပြန်အလှန် အားပေးကူညီ နွေးထွေးပေးမှုက သိပ်အရေးကြီးတယ်။ သွားအကူအညီပေးပါ။ အိမ်ကိစ္စက အရေးမကြီးဘူး။ ငါ လုပ်နိုင်တယ်။ ကလေးတွေအတွက် နင်ပူမနေနဲ့"ဆိုပြီး ကျမကို တိုက်တွန်းသည့်အတွက် ကျမ သွားရောက်ကူညီစောင့်ရှောက်ခဲ့သည်မှာ တလနီးပါးမျှပင် ကြာသည်။

သည်လို သူတပါးကို အကူအညီပေးလိုစိတ် ထက်သန်လွန်းလှသည့် သူ့စိတ်ဓာတ်နှင့် ပတ်သက်၍ ကျမ စိတ်ထဲ အမှတ်ထင်ထင် ရှိနေသော ကိစ္စကလေးတခု ရှိခဲ့ပါသည်။ တခါက မိုးတွေ ရွာနေချိန်မှာ အဘိုးကြီး ရဲဘော်မြမင်းက သူ ပဲပင်ပေါက်ဟင်းချက်စားလိုသဖြင့် ကျမကို အဝယ်ခိုင်းသည်။ ခါတိုင်းမှာလည်း အဘိုးကြီးအတွက် ဟင်းချက်စရာများကို ကျမ ကူညီဝယ်ပေးနေကျမို့ ရဲဘော်မြမင်းက လာခိုင်းခြင်းပါ။ ကျမက အလုပ်တဘက်နှင့် မအားသေး၍ "ကျမ ဝယ်ပေးမယ်။ ခဏကလေးနော်။ ခု မအားသေးလို့"ဟု ပြောကာရှိသေး၊ "နေ–နေ…ကျနော် ဝယ်ပေးမယ်"ဟု ဆိုကာ သူက စိတ်မြန်လက်မြန်နှင့် ထီးဆောင်း၍ မိုးရွာထဲ ထွက်သွားတော့သည်။ ရဲဘော်အချင်းချင်း

အကူအညီပေးရေးမှာ အချိန်ဆိုင်းနေသည်ကို မကြိုက်သော သူ့စိတ်ဓာတ်ကို ဖော်ပြလိုက်ခြင်းပါပဲ။

သည်လို ရဲဘော်များကို အကူအညီပေးလိုသော သူ့စိတ်ဓာတ်ကို ဖော်ပြသည့် အဖြစ်အပျက် မြောက်မြားစွာ ရှိခဲ့ပါသည်။ ကျမက ကျမ သတိတရ ဖြစ်နေမိသော ကိစ္စကလေး များကိုသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်၊ ထိုမျှမက အားလုံး အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေးမကောင်းလှသော သူ့ရဲဘက်ရဲဘက်ကြီးများကို သူ သံယောဇဉ် ကြီးလှသည်။ ၎င်းတို့ ကျန်းမာရေးအတွက် သူ အမြဲလိုလို စိုးရိမ်ပူပန်နေတတ်သည်၊ သူတို့ ဆေးရုံတက်နေရလျှင် ဖြစ်စေ၊ နေမကောင်း ဖြစ်နေကြလျှင် ဖြစ်စေ သွားရောက်အားပေး ကြင်နာနွေးထွေး တတ်သူ ဖြစ်သည်။

သို့ရာတွင် သူ့ကျန်းမာရေးကိုယ်တိုင်ကလည်း မကောင်းလှတော့ပါ။ မကြာခဏ ပြင်းထန်စွာ အဖျားတက်တာမျိုး ဖြစ်လာသည်။ ထိုအခါ ဆေးရုံတက်ပြီး အရေးပေါ် ကုသ မှုခံယူရသည်။ ဆရာဝန်များက ပြောပြထားသဖြင့် ကျမကတော့ အခြေအနေကို သိနေသည်။ ကင်ဆာရောဂါသည် သူ့ တကိုယ်လုံးသို့ ပျံ့နှံ့ သွားခဲ့လေပြီ။

ထိုသို့ ဆေးရုံတက်ပြီး အရေးပေါ် ကုသရသော အခြေအနေသည် တဖြည်း ဖြည်း စိပ်လာသည်။ သူကတော့ ဖွဲ့မလျှော့။ အားမာန်ဖြင့် ရောဂါကို တိုက်ပွဲဝင်နေဆဲ။ နည်းနည်း အဖျားကျသွားသည်နှင့် အိမ်ပြန်ဖို့ ဆန္ဒ ပြင်းပြနေတတ်သည်။ အိမ်ပြန်နေလိုက် ဆေးရုံပြန် တက်လိုက်နှင့် သူ့ရောဂါအခြေအနေမှာ ပိုမို ယိုယွင်းပြီး အဆိုးဘက်သို့ ဦးတည်လာ လေပြီ။

အဖျားပြင်းထန်ပြီး သူ ဆေးရုံတက်နေရချိန် အဖျားနည်းနည်း ကျသွားသည်နှင့် သူ လမ်းလျှောက်ဖို့ ကြိုးစားတော့သည်။ ဆေးရုံပေါ်တွင်ပင်သူ့ခြေလှမ်းများကို ရေတွက်ပြီး ခြေလှမ်း ၂၀၀၀ မပြည့်မချင်း ဖွဲ့နဘဲနှင့် လျှောက်သည်။

သူ့ရောဂါ အဆိုးဆုံးအချိန်သို့ ရောက်လာသောအခါတွင်မူကား သူသည် လမ်း လျှောက်ဖို့ မပြောနှင့်၊ သူ့ခန္ဓာကိုယ်ပင် သူ မသယ်နိုင်တော့သော အခြေအနေ သို့ပင် ရောက်ရှိလာပါတော့သည်။ သူ ဆေးရုံတက်နေစဉ် သူ စိတ်အရွှင်လန်းဆုံးအချိန်မှာ သူ့သမီးကြီး သောင်းမေက မွေးသော သူ့မြေးကလေး ဆေးရုံသို့လာပြီး အဘိုးဖြစ်သူကို လာကြည့်သော အချိန်ပင် ဖြစ်သည်၊ အစကမူ ကလေးမှာ ငယ်သေး၍ ဆေးရုံကို လာဖို့ မသင့်ဟုဆိုကာ သူက ကလေးကို ဆေးရုံသို့ ခေါ်မလာစေရ၊ နောက်ပိုင်းကျတော့ ကလေး ဆေးရုံကို မလာတာ ကြာလျှင် သူက တမျှော်မျှော် ဖြစ်နေလေ့ရှိသည်။

မည်မျှ အားမာန်တင်းထားသည် ဖြစ်စေ၊ နောက်ဆုံးတွင် သူ့အခြေအနေကို သူ သိလေပြီ။ ထို့အတွက် ပြင်ဆင်သင့်သည်များကို သူ ပြင်ဆင်တော့သည်။ သူ တ

လျှောက်လုံး လုပ်လာခဲ့သည့် တော်လှန်ရေးလုပ်ငန်းနှင့် ပါတီလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို သူ စိစစ် ရွေးထုတ်ပြီး ဖျက်ဆီးသင့်သည်များကို ဖျက်ဆီးသည်။ သူ၏ ကွန်မြူနစ်ဝါဒအပေါ် သဘော ထားနှင့် သူ့ ယုံကြည်ချက်ကို တင်ပြသော စာတမ်းများ ရေးသည်။

ကျမစိတ်ကို လှိုက်ခါစေအောင် ဖြစ်စေသည်မှာ ပါတီထံ တင်ပြသော သူ၏ သေတမ်းစာ။ ဤသည်ပင် သူ့စိတ်ဓာတ် ဖြစ်သည်၊ ဟောဒီမှာ သူ၏ သေတမ်းစာ။

စာ၏ထိပ်ဆုံးတွင် ပါတီထံ လိပ်မူထားပါသည်။ သည့်နောက်မှ...

"အကြောင်းအရာ။ ။ ကျွန်တော့်စိတ်ဓာတ်။

ကျွန်တော် မသေသေးမီ ကျွန်တော့်ဘဝရဲ့ ကျွန်တော်ရဲ့ နောက်ဆုံး ခိုင်မာတဲ့ တော် လှန်ရေးစိတ်ဓာတ်ကို အစီရင်ခံခဲ့ပါတယ်။

ကျွန်တော်ဟာ ဗမာပြည်မှာ ဗမာတိုင်းရင်းသားပေါင်းစုံ ပြည်သူတွေရဲ့ ဘဝလွတ် မြောက်ရေးအတွက် ဒီနှစ်(၂၀၀၆) ဩဂုတ်လ (၁၅) ဆိုရင် နှစ်ပေါင်း ၆၇ နှစ်တိုင်တိုင်ရှိတော့မယ့် နှစ်ရှည်ကြာစွာ တိုက်ပွဲဝင်လာခဲ့တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီက မွေးမြူကြီးပြင်း လာခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပါတီဝင်တယောက်ပါ။ ဒီအတွက် မိခင်ပါတီကို အထူး ကျေး ဇူးတင်ပါတယ်။ ဂုဏ်လည်း ယူပါတယ်။

ကျွန်တော့် အရိုးပြာဟာ ဗမာပြည်တွင်းက ဧရာဝတီမြစ်ရဲ့ မြစ်လက်တက်တခု ဖြစ်တဲ့ တာပိန်ချောင်း (တာပိန်မြစ်) မှ ဗန်းမော်မြို့အထက်နားမှာ ပင်မ ဧရာဝတီမြစ် အထဲသို့ ပူးပေါင်းရောက်ရှိသွားပါလိမ့်မယ်။ ကျွန်တော့်အရိုးပြာနဲ့အတူ ကျွန်တော့်ဝိဉာဉ်ဟာလည်း တပါတည်းပါသွားမှာပါ။

"ပြည်တွင်းဖောင်းပေးရေး""ပြည်တွင်းမှာ ဖောက်ချရေး"ဆိုတဲ့ ပါတီရဲ့ မဟာ ဆော်သြချက်အတိုင်း ကျွန်တော့်အရိုးပြာနဲ့ ကျွန်တော့်ဝိဉာဉ်ဟာ ဗမာပြည်တွင်း ဧရာဝတီမြစ်ထဲမှာ နှစ်ပေါင်းရှည်ကြာစွာ တွယ်ကပ်မှီခိုနေပြီး ဗမာပြည်သူလူထုနဲ့ မိခင်ပါတီအပေါ် သစ္စာစောင့်သိမြဲ စောင့်သိပြီး မိခင်ပါတီရဲ့ အလံတော်အောက်မှာပင် ဆက်လက်၍ ဗမာ ပြည် သူလူထုရဲ့ တော်လှန်ရေးတိုက်ပွဲထဲမှာ ရဲဘော်တို့နဲ့အတူ ရှိနေပါလိမ့်မယ်။

ကျွန်တော်ဟာ စိတ်ဝါဒသမားတယောက်တော့ မဟုတ်ပါ။ ရုပ်ဝါဒသမား တယောက်သာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်မသေသေးမီ ကျွန်တော့်ဘဝ နောက်ဆုံး နေဝင်ချိန်အထိ ကျွန်တော်ရဲ့ခိုင်မာတဲ့ တော်လှန်ရေးစိတ်ဓာတ်ပါ။ ဒီလို စိတ်ဓာတ်မျိုး ကိုလည်း မိခင်ပါတီနဲ့

**ပြည်သူလူထုပဲ မွေးမြူပျိုးထောင် တည်ဆောက်ပေးခဲ့တာပါ။ ဒီအတွက် အထူး ကျေးဇူးတင်ပါတယ်။**

**အလေးနီဖြင့်**
**ရဲဘော်ဖေသောင်း**

သူ့သေတမ်းစာဟာ သူ့စိတ်ဓာတ်ကို ဖော်ပြတဲ့ တော်လှန်ရေးကဗျာတပုဒ်လိုပဲ ဟု ကျမ ခံစားနားလည်နေမိပါသည်။

သူသည် သူ့သေတမ်းစာတွင် ပါရှိသည့် သူချစ်သော ပါတီ၏မွေးနေ့ဖြစ်သည့် ဩဂုတ်လ (၁၅) ရက်ထိပင် နေမသွားရရှာတော့ပါ။ ၂၀၀၆ ခုနှစ်၊ ၆ လ ၅ ရက်နေ့ နံနက် ၃ နာရီ၊ ၃၅ မိနစ်မှာ သူချစ်သော ပါတီနှင့် ပြည်သူလူထုကို ခွဲခွာသွားခဲ့ပါသည်။ သို့ရာတွင် သူ့စာထဲမှာပါသလို သူ့အရိုးပြာနှင့် သူ့ဝိဉာဉ်ကတော့မူ ပြည်သူ့တိုက်ပွဲများကို နွေးထွေး အားပေးရင်း ပြည်သူ့အောင်ပွဲကို စောင့်ဆိုင်းကြိုဆိုနေမှာ မုချပါပဲဟု ကျမ ခံစားယုံ ကြည်နေမိပါသည်။

သူ မရှိတော့သည့်နောက် များမကြာမီမှာပဲ ကျမသည် သမီး၊ သား၊ မြေးတို့နှင့်အတူ၊ ရဲဘော်များ မိတ်ဆွေများနှင့်အတူ သူ့အရိုးပြာကို သယ်ဆောင်၍ တပိန်မြစ်ကမ်းပါးသို့ အရောက်သွားကာ သူ့အရိုးပြာကို သူ သံယောဇဉ်ကြီးလှသည့် ဗမာပြည်နှင့် မြစ်ကြီးရောဆီသို့ မျောပါရောက်ရှိစေကြောင်း ရည်မှန်းဆုတောင်းကာ တပိန်မြစ်ရေမှာ မျောပေးလိုက်ပြီး သေတမ်းစာပါ သူ့ဆန္ဒကို ပြည့်ဝသွားအောင် ဖြည့် ဆည်းပေးလိုက်ပါသည်။ သွားပေဦးတော့ ရှင်ရယ်လို့ စိတ်ထဲမှ ရေရွတ်နှုတ်ဆက် လိုက်မိပါသည်။

*  *  *  *  *  *

သူ့ဝိဉာဉ်၊ သူ့အရိုးပြာ ဧရာဝတီမြစ်ထဲ ရောက်ရှိသွားမည့်အချိန်တွင် ကျမသည်လည်း ကျမ မွေးရပ်မြေ မဲခေါင်မြစ်အနီးသို့ ပြန်လည် ရောက်ရှိနေပါသည်။

သူက ဗမာပြည်သူတရပ်လုံး လုံးဝလွတ်မြောက်ရေးကို သူ့ဘဝတသက် တာလုံး မျှော်မှန်းလုပ်ဆောင်ခဲ့သလို ကျမသည်လည်း သူ့နည်းတူ ဗမာပြည်သူတရပ်လုံး လုံးဝလွတ်မြောက်ရေးကို မြင်တွေ့ချင်စမ်းလှပါဘိသည်။ ဗမာပြည်သူတရပ်လုံး ဆိုသည့် အထဲမှာ ကျမတို့ အခါအမျိုးသားများလည်း ပါဝင်နေသည်ကော။

မဲခေါင်၏ အတိတ်သမိုင်းသည် ကြမ်းတမ်းခက်ထန်မှုတို့ကို ရင်ဆိုင်ခဲ့ရသော သမိုင်းဟု ကျမထင်ပါသည်။ အမျိုးမျိုးသော စစ်တပ်များ၊ စစ်ဖိနပ်များသည် မဲခေါင်မြစ် ကမ်းပါးမှာ ခြေချမွှေနှောက်ခဲ့ကြသည်။ မဲခေါင်မြစ်ကမ်းပါးမှ ပန်းအလှများ ကြွေမွှန်မ်း

ကြေခဲ့ကြရသည်။ စနစ်ဆိုးအမျိုးမျိုးတို့က မဲခေါင်ရေကို နောက်စေခဲ့သလို ပြည်သူတွေကို အမှောင်ထုအောက် ရောက်ရှိစေခဲ့သည်။ ခေတ်အဆက်ဆက် လူမွေးလူတောင်မပြောင်ဘဲ ခေတ်နောက်ကျမှုအတွင်း ဆင်းရဲတော်ပြတ်စွာ နေခဲ့ရသော ကျမတို့ ပြည်သူများဘဝ။ ကျမတို့ သစ်ဥသစ်ဖုကို ရှာဖွေ စားသောက်ကာ အသက်ရှင်ခဲ့ကြရသည်။ ကျမတို့ လူထုတွေ ဖိနှိပ်မှုအမျိုးမျိုး၊ နှိပ်စက်မှု အမျိုးမျိုးတို့ဒဏ်ကို ကျောကော့အောင် ခံစားခဲ့ရသလို ကျမကိုယ်တိုင် သူများအိမ်မှာ ကြေးကျွန်ပမာ ဒုက္ခအမျိုးမျိုး အလူးအလဲ ခံခဲ့ရဖူးသည်။ ထိုအမှောင်ထုအောက်ဝယ် ကျမတို့ အခါအမျိုးသားများသည် ခေတ်အဆက်ဆက် စနစ်ဆိုးတို့၏ ဒဏ်ရာဒဏ်ချက်များကြောင့် လူအမြောက်အမြား အသက်သွေးများ ဆုံးပါးခဲ့ရသည်။ မသေသင့်ဘဲ သေခဲ့ကြရသည်။ ကျမတို့က မသေလို့ ကျန်ရစ်နေသူများဟု ဆိုနိုင်ပါလိမ့်မည်။

ကျမတို့သည် အခက်အခဲနှင့် ဖိနှိပ်မှုများကို သည်အတိုင်း ခေါင်းငုံ့ခံတတ်သူများတော့ မဟုတ်ကြပါ။ ဖာလုံဖာလယ်–လယ်သမားသူပုန်လိုမျိုး စနစ်ဆိုးတို့ကို တုံ့ပြန်တော်လှန်သည့် ဖြစ်စဉ်များ ရှိခဲ့ပါသည်။ တချိန်က ဗမာပြည်ကွန်မြူနစ် ပါတီ၏ အလံတော်အောက်မှာ ကျမတို့ အမျိုးသားများ ဘဝလွတ်မြောက်ရေး ရရှိစေဖို့ ကြိုးပမ်းခဲ့ဖူးပါသည်။

သို့ရာတွင် ဗမာပြည်သူတရပ်လုံး လုံးဝလွတ်မြောက်ရေးမရရှိသေးသမျှ ကျမတို့ အခါပြည်သူများဘဝမှာလည်း တည်ငြိမ်သော လွတ်မြောက်ရေးကို ရရှိလိမ့်ဦးမည် မဟုတ်ပါ။ ယခုအချိန်တွင်လည်း စစ်အစိုးရနှင့် စစ်အာဏာရှင်စနစ်သည် မဲခေါင်မြစ်ကမ်းပါး ကျမတို့ ရွာများအထိ လာရောက်ခြိမ်းခြောက်ဆဲ ဟု ကျမခံစားမိပါသည်။ ကျမတို့ အခါပြည်သူများ ကိုယ့်လက်နက် ကိုယ်ကိုင်ထားခွင့်ကိုပင် စစ်အစိုးရက ဖျက်သိမ်းပစ်ချင်နေကြောင်း တနေ့တခြား ပိုမိုထင်ရှားလာနေပါသည်။ ဒါကြောင့် တပြည်လုံး လွတ်မြောက်မှ အခါပြည် သူလူထုလည်း စစ်မှန်သည့် လွတ်လပ်ရေးကို ရရှိပါလိမ့်မည်။ ပြည်သူများလိုလားသည်မှာ စစ်မှန်သည့်လွတ်မြောက်ရေး။ အစစ်အမှန် ငြိမ်းချမ်းသည့်၊ သာယာဝပြောသည့်၊ လွတ်လပ်ပျော်ရွှင်သည့်၊ စနစ်ဆိုးများ မရှိသည့်၊ ဖိနှိပ်မှုများ ကင်းဝေးသည့်... ထိုသို့သော ပြည်သူ့ဘဝအခြေအနေမျိုး ကျမတို့ လိုချင်သည်။ ဤသည်မှာ ကျမ တို့ ပြည်သူများ၏ ဆန္ဒနှင့် လိုလားချက်။ ကျမတို့၏ မျှော်လင့်ချက်။ တနည်းပြောရလျှင် ကျမတို့ ပြည်သူများ၏ အိပ်မက်။ တနည်းပြောရလျှင် မဲခေါင်၏ အိပ်မက်။

မဲခေါင်သည် နှစ်ကာလ ရှည်ကြာစွာ ဝိုကြွေးမြည်တမ်းခဲ့ဖူးသည်။ နှစ်ရှည်လ များ နာကြည်းကြေကွဲခဲ့ဖူးသည်။ သူ့ဒေါသတွေကို လှိုင်းပုတ်သံများဖြင့် ဖွင့်လှစ်ဖော် ပြခဲ့ဖူးသည်။

ထို့အတူ မဲခေါင်သည် အားမာန်တေးကိုလည်း သီကြွေးခဲ့ဖူးသည်။ မြင်းစိုင်း သလို တဟုန်ထိုး ပြေးဆင်းရင်း တိုက်ပွဲကို ကြုံဖူးသည်။ သည်သို့ဖြင့် မဲခေါင်၏ လှိုင်းစည်း ချက် တို့သည် ဒေါမာန်ဖြင့် ပေါက်ကွဲနေသည်။ နာကြည်းချက်တို့ဖြင့် မာထန်နေသည်။ အောင်ပွဲအတွက် အာမခံချက်မှာ မဲခေါင်၏ သွေးစည်းသံ။ ပြည်သူတရပ်လုံးနှင့် သွေးစည်း ညီညွတ်ပြီး တပြည်လုံး လွတ်မြောက်မှ မဲခေါင်၏ အောင်ပွဲမှာ ခိုင်မာတည်တံ့လာမှာပါ။ ထိုအချိန်ကျလျှင်ဖြင့် မဲခေါင်မြစ်၏ လှိုင်းခတ်သံ စည်းချက်တို့သည် ဂီတသီကျူးကာ ချိုသာလာ နိုင်ကောင်းရဲ့။ ညက်ညော ငြိမ့်ညောင်း လာနိုင်ကောင်းရဲ့။ သည်သို့ ကျမမျှော်လင့်မိသည်။ သည်သို့ ဖြစ်လာစေရန်လည်း ကျမ ဆန္ဒ ပြင်းပြနေမိပါသည်။

အနာဂတ်မှာ လှပလင်းလက်စွာ ဖွင့်လှစ်လာမည့် ပြည်သူ့ဘဝသစ်ကို အိပ်မက် မက်ရင်း မဲခေါင်သည် အလျဉ်မပြတ်စီးဆင်းနေဆဲ။ တောင်တန်းစိမ်းစိမ်းကြီးတွေပေါ်မှ မဲခေါင်မြစ်ဘက် မျက်နှာမူရင်းက ကျမသည် ရင်ထဲမှ လှိုက်လှဲပြင်းပြစွာဆန္ဒတခုပြုမိပါသည်၊

"မဲခေါင်ရဲ့ အမှောင်ညခင်း...မိုးစင်စင်လင်းပါစေ၊ မိုးမြန်မြန်လင်းပါစေ"။ ။

ရဲဘော်မီနာ(အခါဒေသ)
တည်းဖြတ်သူ–နှင်းဆီလွင်ပြင်စာပေ